# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

**Myanma Alinn Daily**


**မိမိအဖို့ အကျိုးများနိုင်**

သူတစ်ပါး၏ အပြစ်အနာအဆာကို မကြည့်ပါနှင့်။ မိမိအဖို့ အရေးကြီးသည်ကား မိမိကောင်းမှုကိုလည်းကောင်း၊ မကောင်းမှုကို လည်းကောင်း လုပ်သည်၊ မလုပ်သည်ကိုသာ ကြည့်ရာ၏။ သူတစ်ပါးအပြစ်ကို ကြည့်ခြင်းထက် မိမိအပြစ်ကို ကြည့်ခြင်းကသာလျှင် မိမိအဖို့ အကျိုးများနိုင်သောကြောင့် ဖြစ်၏။

ပုပ္ဖဝဂ်(ဓမ္မပဒ-၅၀)


၁၃၈၇ ခုနှစ်၊ တော်သလင်းလဆန်း ၈ ရက် | ၂၀၂၅ ခုနှစ်၊ ဩဂုတ် ၃၀ ရက်၊ စနေနေ့ | အတွဲ (၆၄)၊ အမှတ်(၃၃၀)


## အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကို အလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံ ဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များ ဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။

၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့် အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့်စက်မှုကဏ္ဍ (Agro-based Industries) ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏ လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ်မြှင့်တင်ရေး။

၃။ နိုင်ငံတော်စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များ အောင်မြင်ပြီး ပြည်သူလူထုတစ်ရပ်လုံး လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာလျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး။

# ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ခြင်ဆီကင်ဆာရောဂါ လူနာလေးဦး ခြင်ဆီအစားထိုးကုသခြင်း အောင်မြင်စွာဆောင်ရွက်



ရန်ကုန် ဩဂုတ် ၂၉

ကျန်းမာရေးဝန်ကြီးဌာန၏ လမ်းညွှန်ပံ့ပိုးမှုများဖြင့် ရန်ကုန်ပြည်သူ့ဆေးရုံကြီးရှိ နိုင်ငံတကာအဆင့်မီ ခုနစ်ထပ်ဆောင်သစ်၊ သွေးရောဂါအထူးကုဌာန ခြင်ဆီအစားထိုးဌာန (Bone marrow Transplant Center) သို့ ၂၀၂၅ ခုနှစ် ဇူလိုင်လကုန်၌ ဆေးရုံတက်ရောက်ခဲ့သော ခြင်ဆီကင်ဆာ လူနာလေးဦးကို ခြင်ဆီအစားထိုးကုသခြင်း (Bone marrow Transplant) ကို အောင်မြင်စွာဆောင်ရွက်ခဲ့ရာ(ယာပုံ) လူနာသုံးဦးမှာ ကျန်းမာရေးကောင်းမွန်သဖြင့် ဆေးရုံဆင်းခွင့်ရရှိပြီး ကျန်ရှိသော လူနာမှာလည်း ကျန်းမာရေးအခြေအနေ ကောင်းမွန်လျက်ရှိကြောင်း သိရသည်။

အဆိုပါ ခြင်ဆီအစားထိုးကုသခြင်း (Bone marrow Transplant) ကို ဆေးရုံအုပ်ချုပ်မှုအဖွဲ့၊ သွေးရောဂါအထူးကုဌာနမှ ပါမောက္ခ/အထူးကုဆရာဝန်ကြီးများ၊ ဆက်စပ်ဌာနများမှ ဘာသာရပ်ဆိုင်ရာ ကျွမ်းကျင်ပါမောက္ခ / အထူးကုဆရာဝန်ကြီးများ၊ ကျွမ်းကျင်သူနာပြုကြီး/ငယ်များ၊ အထောက်အကူပြုဝန်ထမ်းများ အားလုံးပူးပေါင်းပါဝင်ဆောင်ရွက်ခဲ့ကြခြင်းဖြစ်ပြီး လူနာသုံးဦးမှာ မန္တလေးမြို့မှ


*စာမျက်နှာ ၃ ကော်လံ ၁* ❍


## (၅၄) ကြိမ်မြောက် နိုင်ငံတကာလူငယ်များပေးစာရေးပြိုင်ပွဲ (ပြည်တွင်းအဆင့်) ဆုရရှိသူများ အမည်စာရင်းကြေညာ

နေပြည်တော် ဩဂုတ် ၂၉

ကမ္ဘာ့စာပို့တိုက်သမဂ္ဂ (ယူပီယူ) တည်ထောင်သည့် ၁၈၇၄ ခုနှစ် အောက်တိုဘာ ၉ ရက်မှစ၍ နှစ်စဉ်အောက်တိုဘာ ၉ ရက်ကို ကမ္ဘာ့စာပို့တိုက်နေ့အဖြစ် သတ်မှတ်၍ အထိမ်းအမှတ်အခမ်းအနားများ ကျင်းပခဲ့ရာ အဖွဲ့ဝင်နိုင်ငံဖြစ်သည့် မြန်မာနိုင်ငံအနေဖြင့်လည်း နှစ်စဉ်ပါဝင်ကျင်းပလျက်ရှိသည်။ ကမ္ဘာ့စာပို့တိုက်သမဂ္ဂနှင့် ကုလသမဂ္ဂ၏ ပညာရေး၊ သိပ္ပံနှင့် ယဉ်ကျေးမှုအဖွဲ့အစည်း


*စာမျက်နှာ ၁၀ ကော်လံ ၁* ❄



ယနေ့ *ဖတ် စ ရာ*

**အကြမ်းဖက် AA အဖွဲ့၏ မူးယစ်ဆေးဝါးစီးပွားရေးကွန်ရက်နဲ့ အကြမ်းဖက်မှုအန္တရာယ် (အပိုင်း ၂)** ဆောင်းပါး စာ ၆

**အမေရိကန်ဒေါ်လာ ၇ ဒသမ ၅ ဘီလီယံတန် ရင်းနှီးမြှုပ်နှံမှု အစီအစဉ်ကို အီဂျစ်နှင့်ကာတာနိုင်ငံတို့ ဆွေးနွေး** နိုင်ငံတကာသတင်း စာ ၁၄





## ရွေးကောက်ပွဲဖျက်မယ်ဆိုတဲ့လူတွေကို ဒီတိုင်းကြည့်နေမှာ မဟုတ်

**ရွေးကောက်ပွဲဖျက်မယ်ဆိုတဲ့လူတွေကိုတော့ ကျုပ်တို့အစိုးရကလည်း ဒီတိုင်းကြည့်နေမှာ မဟုတ်ဘူး။ အပြင်းအထန်နှိပ်ကွပ်ရမှာပဲ။ ရွေးကောက်ပွဲမှာ လွတ်လပ်စွာ ယှဉ်ပြိုင်ရွေးကောက်တဲ့နေရာမှာတော့ ဘယ်သူ့ကိုမှ ကျုပ်တို့အစိုးရက နှောင့်ယှက်မှာမဟုတ်ဘူး။ သို့သော် ဖျက်လိုဖျက်ဆီးလုပ်တဲ့လူမှန်သမျှကိုတော့ အာဏာကုန်နှိမ်နင်းပစ်မှာပဲဆိုတာ ရှင်းရှင်းကြီး သတိပေးထားပါရစေ။**

(၁၉၄၇ ခုနှစ်၊ မတ်လ ၁၃ ရက်နေ့တွင် ရွေးကောက်ပွဲနှင့်ပတ်သက်၍
ဗိုလ်ချုပ်အောင်ဆန်းပြောကြားခဲ့သည့် အသံလွှင့်မိန့်ခွန်းမှ ကောက်နုတ်ချက်)



## Myanmar Cyber Security Challenge 2025 (အလွတ်တန်းအဆင့်) ပြိုင်ပွဲ၊ ဆိုက်ဘာလုံခြုံရေး အသိပညာပေးဗီဒီယိုပြိုင်ပွဲ ၂၀၂၅ (တက္ကသိုလ်အဆင့်) ဆုပေးပွဲနှင့် PlayerUnknown's Battlegrounds (PUBG) Mobile World Cup တွင် ကမ္ဘာ့ချန်ပီယံဆု ရရှိခဲ့သည့် Yangon Galacticos အသင်းအား ဂုဏ်ပြုဆုချီးမြှင့်ပွဲအခမ်းအနားကျင်းပ




**နေပြည်တော် ဩဂုတ် ၂၉**

Myanmar Cyber Security Challenge 2025 (အလွတ်တန်းအဆင့်) ပြိုင်ပွဲ၊ ဆိုက်ဘာလုံခြုံရေးအသိပညာပေး ဗီဒီယိုပြိုင်ပွဲ ၂၀၂၅(တက္ကသိုလ်အဆင့်) ဆုပေးပွဲနှင့် ဆော်ဒီအာရေဗျနိုင်ငံ ရီယက်ဒ်မြို့၌ ကျင်းပပြုလုပ်ခဲ့သည့် PlayerUnknown's Battlegrounds (PUBG) Mobile World Cup တွင် ကမ္ဘာ့ချန်ပီယံဆု ရရှိခဲ့သည့် Yangon Galacticos အသင်းအား ဂုဏ်ပြုဆုချီးမြှင့်ပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန ရုံးအမှတ်(၂) ၌ ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဦးမြထွန်းဦး တက်ရောက်အမှာစကားပြောကြားသည်။

**နှစ်စဉ်စေလွှတ်ယှဉ်ပြိုင်**

အခမ်းအနားတွင်ပြည်ထောင်စုဝန်ကြီးက Myanmar Cyber Security Challenge ပြိုင်ပွဲများကို မြန်မာနိုင်ငံတွင် ၂၀၁၅ ခုနှစ်မှ စတင်၍ နှစ်စဉ် ကျင်းပပေးခဲ့ကြောင်း၊ ဆိုက်ဘာလုံခြုံရေးဆိုင်ရာပြိုင်ပွဲများ ကျင်းပပေးခြင်း၏ အဓိက ရည်ရွယ်ချက်မှာ ဆိုက်ဘာလုံခြုံရေးဆိုင်ရာ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်လာစေရန်၊ လူငယ်များအကြားတွင် ဆိုက်ဘာလုံခြုံရေးဆိုင်ရာ အသိပညာပြန့်ပွားစေရန်နှင့် ဆိုက်ဘာလုံခြုံရေးဆိုင်ရာ အသက်မွေးဝမ်းကျောင်းမှု အခွင့်အလမ်းများ တိုးတက်လာစေရန်ဖြစ်ကြောင်း၊ ပြိုင်ပွဲများမှ ဆုရရှိသူများကို ဒေသတွင်းနှင့် နိုင်ငံတကာဆိုက်ဘာလုံခြုံရေးပြိုင်ပွဲများသို့ နှစ်စဉ်စေလွှတ်ယှဉ်ပြိုင်စေခဲ့ကြောင်း၊ ပြိုင်ပွဲမှ ရရှိလာသော အတွေ့အကြုံများကို အသုံးချပြီး ပြင်ပတွင် ကြုံတွေ့နေရသော ဆိုက်ဘာလုံခြုံရေးဆိုင်ရာ ပြဿနာများကို ဖြေရှင်းနိုင်ရန်အထောက်အကူဖြစ်စေမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက ဆိုက်ဘာလုံခြုံရေးအသိပညာပေးဗီဒီယိုပြိုင်ပွဲ-၂၀၂၅ (တက္ကသိုလ်အဆင့်)တွင် ပထမဆုရရှိသော အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်(မန္တလေး) မှ မောင်ပြည့်ငြိမ်းအောင်၊ ဒုတိယဆုရရှိသော ရန်ကုန်ကွန်ပျူတာတက္ကသိုလ်မှ မောင်မြတ်မင်းခန့်၊ တတိယဆုရရှိသော ရန်ကုန်နည်းပညာတက္ကသိုလ်မှ မချောသီရိခိုင်၊ နှစ်သိမ့်ဆုရရှိသော အမျိုးသားယဉ်ကျေးမှုနှင့်အနုပညာတက္ကသိုလ် (မန္တလေး)မှမောင်ကောင်းခန့်တင်ကျော်၊ မောင်စိုင်းအိုက်လှိုင်းပန်တို့နှင့် အကဲဖြတ်ဒိုင်အဖြစ် ဆောင်ရွက်ခဲ့ကြသူများကို ဂုဏ်ပြုဆုများပေးအပ်ချီးမြှင့်သည်။

ဆိုက်ဘာလုံခြုံရေး အသိပညာပေးဗီဒီယိုပြိုင်ပွဲတွင် ပထမဆုရရှိသည့် ဗီဒီယိုဖိုင်ကို Cyber Security Brunei က တာဝန်ယူဆောင်ရွက်သော ASEAN-JAPAN Cyber Security Awareness Video Competition 2025 တွင် မြန်မာနိုင်ငံကိုယ်စားပြု ယှဉ်ပြိုင်သွားမည်ဖြစ်ကြောင်း သိရှိရသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးများက ဆော်ဒီအာရေဗျနိုင်ငံ ရီယက်ဒ်မြို့၌ ကျင်းပခဲ့သည့် PUBG Mobile World Cup တွင် ကမ္ဘာ့ချန်ပီယံ ရွှေတံဆိပ်ဆုရရှိခဲ့သော မြန်မာနိုင်ငံမှ Yangon Galacticos အသင်းအား နိုင်ငံတော်ကချီးမြှင့်သည့် အမေရိကန်ဒေါ်လာ ၃၀၀၀၀ (**အပေါ်ပုံ**)နှင့် ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာနက ချီးမြှင့်သည့် ဂုဏ်ပြုချီးမြှင့်ငွေများကို ပေးအပ်ချီးမြှင့်ရာ အသင်းအုပ်ချုပ်သူနှင့် အသင်းဝင်များက လက်ခံရယူကြသည်။

အဆိုပါ အခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန်များ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ ဖိတ်ကြားထားသူများနှင့် အသင်းအုပ်ချုပ်သူများ တက်ရောက်ကြပြီး Myanmar Cyber Security Challenge 2025 (အလွတ်တန်းအဆင့်)ပြိုင်ပွဲဝင်များကို လှည့်လည်ကြည့်ရှုအားပေးကြသည်။

Myanmar Cyber Security Challenge 2025 ပြိုင်ပွဲသို့ တပ်မတော် နည်းပညာတက္ကသိုလ်၊ ရန်ကုန် ကွန်ပျူတာတက္ကသိုလ်၊ ကွန်ပျူတာတက္ကသိုလ် (မန္တလေး)၊ သတင်းအချက်အလက် နည်းပညာတက္ကသိုလ်နှင့် Naypyitaw State Academy တို့မှ အသင်း ၂၅ သင်း၊ ကျောင်းသား ကျောင်းသူ စုစုပေါင်း ၇၅ ဦး ပါဝင်ယှဉ်ပြိုင်ခဲ့ကြကာ ရန်ကုန်ကွန်ပျူတာတက္ကသိုလ် မှ Chit_Lu_Mikes အသင်းက ပထမ၊ သတင်းအချက်အလက် နည်းပညာတက္ကသိုလ်မှ Cr4ckM3_DD အသင်းက ဒုတိယနှင့် ရန်ကုန်ကွန်ပျူတာတက္ကသိုလ်မှ F0cu8 အသင်းက တတိယရရှိခဲ့ကြပြီး ဆုရရှိသူများကို တာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်ခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

○ *ရှေ့ဖုံးမှ*

၆၃ နှစ်အရွယ် အမျိုးသား တစ်ဦး၊ စစ်ကိုင်းတိုင်းဒေသကြီး ပုလဲမြို့နယ်မှ ၂၉ နှစ်အရွယ် အမျိုးသားတစ်ဦးနှင့် ပြည်မြို့မှ ၅၅ နှစ်အရွယ် အမျိုးသမီးတို့ ဖြစ်ကြသည်။ ရန်ကုန်ပြည်သူ့ဆေးရုံကြီးတွင် ခြင်ဆီအစားထိုးကုသခြင်းကို ၂၀၁၆ ခုနှစ်တွင် သုံးဦး၊ ၂၀၁၇ ခုနှစ်တွင် သုံးဦး၊ ၂၀၁၈ ခုနှစ်တွင် လေးဦး၊ ၂၀၁၉ ခုနှစ်တွင် တစ်ဦး၊ ၂၀၂၀ ပြည့်နှစ်တွင် တစ်ဦး၊ ၂၀၂၄ ခုနှစ်တွင် သုံးဦး၊ ၂၀၂၅ ခုနှစ် ယခုအချိန်ထိ ရှစ်ဦး စုစုပေါင်း ၂၃ ဦးကို ဆောင်ရွက်ခဲ့ပြီး ပြည်သူများ ကျန်းမာရေးကုန်ကျစရိတ်သက်သာစေရေးအတွက်ပြည်တွင်းမှာပင်ခြင်ဆီအစားထိုးကုသမှုများကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## ပျဉ်းမနားမြို့၌ လုပ်ငန်းခွင်ထိခိုက်မှုကြောင့်သေဆုံးမှုအတွက် ကျန်ရစ်သူ အကျိုးခံစားခွင့် ထုတ်ပေး

**နေပြည်တော် ဩဂုတ် ၂၉**

ပြည်ထောင်စုနယ်မြေ လူမှုဖူလုံရေးရုံးလက်အောက်ရှိ ပျဉ်းမနားမြို့နယ်လူမှုဖူလုံရေးရုံး၌ အကျုံးဝင်မှတ်ပုံတင်ထားသည့် ပုဗ္ဗသီရိမြို့နယ်လျှပ်စစ်အင်ဂျင်နီယာရုံးမှ အာမခံအလုပ်သမား ဦးဆက်ပိုင်ထွန်းသည် ဧပြီ ၃ ရက်တွင် အလုပ်တာဝန်ထမ်းဆောင်နေစဉ် ဓာတ်လိုက်သေဆုံးခဲ့သည့်အတွက် ၂၀၁၂ ခုနှစ် လူမှုဖူလုံရေးဥပဒေ၊ နည်းဥပဒေနှင့်အညီ ကျန်ရစ်သူ အကျိုးခံစားခွင့်ငွေထုတ်ပေးခြင်းအခမ်းအနားကို ဩဂုတ် ၂၇ ရက်တွင် ပျဉ်းမနားမြို့နယ် လူမှုဖူလုံရေးရုံး၌ ကျင်းပသည်။

အဆိုပါအခမ်းအနားတွင် ပြည်ထောင်စုနယ်မြေလူမှုဖူလုံရေးရုံးမှ တာဝန်ခံအရာရှိ ဒုတိယညွှန်ကြားရေးမှူး ဒေါ်မြပိုက အလုပ်တွင် ထိခိုက်သေဆုံးခဲ့သည့် အာမခံအလုပ်သမား ဦးဆက်ပိုင်ထွန်းအတွက် ကျန်ရစ်သူ ငွေလုံးငွေရင်းအကျိုးခံစားခွင့် ငွေကျပ် ၄၂၄၈၀၀၀ ကို ၎င်း၏ မိခင်ဖြစ်သူ ဒေါ်ဝင်းမာထံသို့ ပေးအပ်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



# ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ ထံသို့ ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ် (United Nations Development Programme – UNDP) ၏ မြန်မာနိုင်ငံဆိုင်ရာ ဌာနေကိုယ်စားလှယ်ခန့်အပ်လွှာ ပေးအပ်



**နေပြည်တော် ဩဂုတ် ၂၉**

နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ ထံ ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ် (United Nations Development Programme–UNDP) ၏ မြန်မာနိုင်ငံဆိုင်ရာဌာနေကိုယ်စားလှယ်အဖြစ် တာဝန်ထမ်းဆောင်မည့် Mr. Norimasa Shimomura က ၎င်း၏ခန့်အပ်လွှာကို ယနေ့မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရှိနိုင်ငံခြားရေးဝန်ကြီးဌာန၌ လာရောက်ပေးအပ်သည်။ **(ယာပုံ)**

ထိုသို့ လာရောက်ပေးအပ်စဉ် UNDP က မြန်မာနိုင်ငံတွင် လက်ရှိ ပူးပေါင်းဆောင်ရွက်လျက်ရှိသော ကိစ္စရပ်များနှင့် မြန်မာနိုင်ငံ၌ ရှေ့ဆက်ဆောင်ရွက်မည့်ကိစ္စရပ်များကို အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြသည်။

အခမ်းအနားသို့ နိုင်ငံခြားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။**သတင်းစဉ်**

## ဥပဒေရေးရာဝန်ကြီးဌာန၏ (၄)နှစ်မြောက် နှစ်ပတ်လည်နေ့အခမ်းအနား ကျင်းပ

**နေပြည်တော် ဩဂုတ် ၂၉**

ဩဂုတ် ၃၀ ရက်တွင် ကျရောက်မည့် ဥပဒေရေးရာဝန်ကြီးဌာန၏ (၄)နှစ်မြောက် နှစ်ပတ်လည်နေ့ အခမ်းအနားကို ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော် ဥပဒေရေးရာဝန်ကြီးဌာန မြေညီထပ် အစည်းအဝေးခန်းမ၌ ကျင်းပသည်။ **(အောက်ပုံ)**

အဆိုပါ အခမ်းအနားတွင် ဥပဒေရေးရာ ဝန်ကြီးဌာန ပြည်ထောင်စု ဝန်ကြီးနှင့် ပြည်ထောင်စုရှေ့နေချုပ်ဒေါက်တာသီတာဦးက ဩဂုတ် ၃၀ ရက်တွင် ကျရောက်မည့် နှစ်ပတ်လည်နေ့ အခမ်းအနားကို နေပြည်တော်ရှိ ဝန်ကြီးဌာနနှင့်အတူ တိုင်းဒေသကြီး/ ပြည်နယ်ဥပဒေချုပ်ရုံးများတွင်လည်း တစ်ပြိုင်တည်း ကြိုတင်ကျင်းပပြုလုပ်ကြမည်ဖြစ်သဖြင့် လွန်စွာ ဝမ်းမြောက်မိကြောင်း၊ ဝန်ကြီးဌာနရှိ ဌာနအသီးသီးနှင့် အဆင့်ဆင့်သော ဥပဒေရုံးများမှ ဥပဒေအရာရှိများ၊ အရာထမ်း၊ အမှုထမ်းများမှ မိမိတို့ လုပ်ငန်းတာဝန်များကို ကျေပွန်စွာထမ်းဆောင်ကြသဖြင့် လုပ်ငန်းများ အောင်မြင်စွာ ပြီးမြောက်လျက်ရှိသဖြင့် အမြဲဂုဏ်ယူရပါကြောင်း၊ ဥပဒေအရာရှိများ၊ ဝန်ထမ်းများ အနေဖြင့် မိမိတို့ ဝန်ကြီးဌာန၏ ရည်မှန်းချက်၊ မျှော်မှန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ကြရာတွင် တာဝန်သိစိတ် အပြည့်ဖြင့် တစ်စိတ်တစ်ဝမ်းတည်း စုပေါင်း၍ ဆောင်ရွက်သွားကြရန်နှင့် ဝန်ကြီးဌာန၏ ဆောင်ပုဒ်နှင့်အညီ ပြောဆိုကျင့်ကြံနေထိုင် ဆောင်ရွက်သွားကြရန် တိုက်တွန်းလိုကြောင်းနှင့် နောင်နှစ်များတွင်လည်း ယခုနှစ်ထက် ပိုမိုကောင်းမွန်စွာ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ ဥပဒေရေးရာဝန်ကြီးဌာနနှင့် တိုင်းဒေသကြီး/ ပြည်နယ်ဥပဒေချုပ်ရုံး အဆင့်ဆင့်၏ လှုပ်ရှားဆောင်ရွက်မှု ဗီဒီယိုမှတ်တမ်းများကို ကြည့်ရှုပြီး ဝန်ကြီးဌာနမှ ဝန်ထမ်းများက အကအလှတို့ဖြင့် ကပြဖျော်ဖြေကြသည်။



ယင်းနောက် ဥပဒေရေးရာဝန်ကြီးဌာနတွင် တာဝန်ထမ်းဆောင်နေကြသည့် အရာထမ်း၊ အမှုထမ်း ၅၅၀ အတွက် ဦးစီးဌာနများအလိုက် ဗလာမပါ ကံစမ်းမဲများ၊ အထူးမဲများ ပြုလုပ်၍ လက်ဆောင်ပစ္စည်းများ ပေးအပ်ကာ ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စုရှေ့နေချုပ်နှင့် တာဝန်ရှိသူများက အရာထမ်း၊ အမှုထမ်းများ အားလုံးနှင့် အတူတကွ နေ့လယ်စာ သုံးဆောင်ခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

## မြန်မာနိုင်ငံပြန်တမ်း

### ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ပြောင်းရွှေ့ခန့်ထားခြင်းနှင့် ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများ ခန့်ထားခြင်း

၁။ အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီသည် ပညာရေးဝန်ကြီးဌာန၊ အဆင့်မြင့်ပညာဦးစီးဌာန၊ ရန်ကုန်အနောက်ပိုင်းတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာသန်းဇော်ဦး ကို အဆင့်မြင့်ပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ ပြောင်းရွှေ့ခန့်ထားလိုက်သည်။

၂။ အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီသည် အောက်ဖော်ပြပါပုဂ္ဂိုလ်များကို ယင်းတို့နှင့် ယှဉ်တွဲဖော်ပြထားသည့် ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ရာထူးနေရာများတွင် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်-

| | **အမည်၊ ရာထူး၊ ဌာန** | **ခန့်ထားသည့်ရာထူး၊ ဌာန** |
|---|---|---|
| (က) | ဒေါက်တာ သောင်းထိုက်<br>ဒုတိယပါမောက္ခချုပ်<br>ပုသိမ်တက္ကသိုလ်<br>အဆင့်မြင့်ပညာဦးစီးဌာန<br>ပညာရေးဝန်ကြီးဌာန | ပါမောက္ခချုပ်<br>ပုသိမ်တက္ကသိုလ်<br>အဆင့်မြင့်ပညာဦးစီးဌာန<br>ပညာရေးဝန်ကြီးဌာန |
| ( ခ ) | ဒေါက်တာ မင်းမင်းရီ<br>ဒုတိယပါမောက္ခချုပ်<br>မန္တလာတက္ကသိုလ်<br>အဆင့်မြင့်ပညာဦးစီးဌာန<br>ပညာရေးဝန်ကြီးဌာန | ပါမောက္ခချုပ်<br>မန္တလာတက္ကသိုလ်<br>အဆင့်မြင့်ပညာဦးစီးဌာန<br>ပညာရေးဝန်ကြီးဌာန |

## သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး အသိပညာပေး ဟောပြောပွဲနှင့် လက်တွေ့မီးငြိမ်းသတ်နည်း သရုပ်ပြ

**မန္တလေး ဩဂုတ် ၂၉**

မန္တလေးမြို့ အောင်မြေသာစံမြို့နယ် အနိုပ်တော်ရပ်ကွက် ၆၂ လမ်း၊ ၂၂ လမ်းထောင့်ရှိ မန္တလေးနိုင်ငံခြားဘာသာတက္ကသိုလ်တွင် သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးအသိပညာပေးဟောပြောပွဲကို ယနေ့နံနက်က ပြုလုပ်ရာ မန္တလေးနိုင်ငံခြားဘာသာတက္ကသိုလ်မှ ဒုတိယပါမောက္ခချုပ် ဒေါက်တာဝင်းပပမျိုး ဦးဆောင်ပြီး ကျောင်းသား ကျောင်းသူ ၁၅၀၊ ဆရာ ဆရာမ ၅၀ စုစုပေါင်း ၂၀၀ ခန့် တက်ရောက်ခဲ့သည်။

ဟောပြောပွဲတွင် မြို့နယ်မီးသတ်ဦးစီးမှူး ဦးစီးအရာရှိ ဦးဇော်မျိုးထက်က သဘာဝဘေးအန္တရာယ်ဆိုင်ရာ အသိပညာပေး ဟောပြောခဲ့ပြီး တက်ရောက်လာသော ကျောင်းသား ကျောင်းသူများအား မီးသတ်ဆေးဘူးဖြင့် လက်တွေ့မီးငြိမ်းသတ်နည်းများကို သရုပ်ပြသခဲ့သည်။

**မောင်ကျော်ကြီး**



## မန္တလေးပြည်သူ့ဆေးရုံကြီး၌ ဘယ်ဘက်လက်ဖျံပြတ်တောက်သွားသောလက်အား ပြန်လည်ဆက်ပေးသည့်ခွဲစိတ်ကုသမှု အောင်မြင်စွာဆောင်ရွက်

**မန္တလေး ဩဂုတ် ၂၉**

ကျောက်ဆည်မြို့နယ် လက်ပံရွာနေ အသက်(၄၀) နှစ်ရှိ အမျိုးသားတစ်ဦးသည် ဓားဖြင့် ခုတ်ခံရခြင်းကြောင့် ဘယ်ဘက်လက်ဖျံပြတ်တောက်သွားသည့် ဒဏ်ရာဖြင့် ၂၀၂၅ ခုနှစ် ဩဂုတ် ၁၉ ရက် ည ၈ နာရီခွဲတွင် မန္တလေးပြည်သူ့ဆေးရုံကြီးသို့ ရောက်ရှိလာခဲ့ရာ အရေးပေါ်ကုသမှုများ ချက်ချင်းပြုလုပ်၍ ပြတ်တောက်သွားသည့် ဘယ်ဘက်လက်ဖျံကို ပြန်လည်ဆက်ပေးနိုင်ခဲ့သည်။



အဆိုပါခွဲစိတ်ကုသမှုကို ယင်းနေ့ည ၁၀ နာရီ ၅ မိနစ်မှ စတင်ဆောင်ရွက်ခဲ့ပြီး နောက်တစ်နေ့ နံနက် ၅ နာရီအထိ ခွဲစိတ်ချိန် ခုနစ်နာရီခန့်ကြာ အောင်မြင်စွာ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ခွဲစိတ်ကုသမှုကို မန္တလေးပြည်သူ့ဆေးရုံကြီးမှ အထူးကုဆရာဝန်ကြီး (လက်ပိုင်းဆိုင်ရာခွဲစိတ်) ဒေါက်တာဖြိုးဆွေဝင်းတင် ခေါင်းဆောင်သည့် လက်ပိုင်းဆိုင်ရာ ခွဲစိတ်ကုသမှုအဖွဲ့၊ လက်ထောက်ဆရာဝန်(မေ့ဆေး) ဒေါက်တာ ဖြူစင်ညိုညို ခေါင်းဆောင်သည့် မေ့ဆေးအထူးကုအဖွဲ့နှင့် တာဝန်ကျသူနာပြုကြီး၊ သူနာပြုများပါဝင်၍ အောင်မြင်စွာ ဆောင်ရွက်နိုင်ခဲ့ခြင်းဖြစ်ကာ အဆိုပါလူနာ၏ ကျန်းမာရေး အခြေအနေမှာ ကောင်းမွန်ပြီး ခွဲစိတ်ပြီး လက်၏ သွေးလှည့်ပတ်မှုမှာ တိုးတက်ကောင်းမွန်လျက်ရှိကာ လက်လှုပ်ရှားမှုများ စတင်ဆောင်ရွက်နိုင်ပြီဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်သူကလေးစားပြီး အားကိုးယုံကြည်ရသည့် စွမ်းရည်ရှိသော ရဲတပ်ဖွဲ့ဖြစ်စေရေး ကြိုးပမ်းထမ်းဆောင်သွားကြရန်နှင့် စွမ်းရည်ပြည့်ဝထက်မြက်စေရေးအတွက် လေ့ကျင့်ရေးမူဝါဒနှင့်အညီ မိမိကိုယ်ကိုမိမိ တည်ဆောက်

နေပြည်တော် ဩဂုတ် ၂၉

**ပြည်ထဲရေးဝန်ကြီးဌာန မြန်မာနိုင်ငံရဲတပ်ဖွဲ့ ဒုတိယရဲအုပ်လောင်း သင်တန်းအမှတ်စဉ် (၁၂၃)၊ ရဲဗလတပ်ခွဲ၏ သင်တန်းဆင်းပွဲအခမ်းအနားကို ယနေ့ နံနက် ၇ နာရီခွဲတွင် မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့နယ် ရဲအရာရှိလေ့ကျင့်ရေးကျောင်း စစ်ရေးပြကွင်း၌ ကျင်းပသည်။**





ဦးစွာ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်သည် ဒုတိယရဲအုပ်လောင်းများ၏ အလေးပြုခြင်းကိုခံယူကာ သင်တန်းဆင်းတပ်ခွဲများကိုစစ်ဆေးပြီး ဒုတိယရဲအုပ်လောင်းများက အနေးလျှောက်၊ အမြန်လျှောက်ဖြင့် ချီတက်အလေးပြုကြသည်။

### ဆုများချီးမြှင့်

ယင်းနောက် ပြည်ထောင်စုဝန်ကြီးက အကောင်းဆုံးကျောင်းသားဆုရ ဒုတိယရဲအုပ်လောင်း မေကြည်အေး၊ ကွန်ပျူတာ ဘာသာရပ်ထူးချွန်ဆုရ ဒုတိယရဲအုပ်လောင်းနန္ဒာအောင်၊ လေ့ကျင့်ရေးထူးချွန်ဆုရ ဒုတိယရဲအုပ်လောင်း လှိုင်မျိုးထွန်း၊ ဥပဒေဘာသာရပ်ထူးချွန်ဆုရ ဒုတိယရဲအုပ်လောင်း မေကြည်အေး၊ အင်္ဂလိပ်စာဘာသာရပ်ထူးချွန်ဆုရ ဒုတိယရဲအုပ်လောင်း နန္ဒာအောင်တို့ကို ဆုများပေးအပ်ချီးမြှင့်သည်။

### စံပြဖြစ်အောင်လိုက်နာနေထိုင်

ထို့နောက် ပြည်ထောင်စုဝန်ကြီးက သင်တန်းဆင်းဂုဏ်ပြု အမှာစကားပြောကြားရာတွင် **(ယာပုံ)** မြန်မာနိုင်ငံရဲတပ်ဖွဲ့တွင် ခေါင်းဆောင်ငယ်များအဖြစ် တာဝန်ယူကြရတော့မည့်သူများအနေဖြင့် ကွပ်ကဲရသည့်တပ်ဖွဲ့အား တက်ညီလက်ညီဖြင့် စုပေါင်းဆောင်ရွက်နိုင်စွမ်းရှိအောင် ဦးဆောင်နိုင်ရမည်ဖြစ်သလို မိမိကိုယ်တိုင်လည်း အရာရာတွင် စံပြဖြစ်အောင် ခေါင်းဆောင်မှုအင်္ဂါရပ် ၁၆ ချက်နှင့်အညီ လိုက်နာကျင့်ကြံနေထိုင်သွားကြရန်လိုအပ်ပြီး ရဲအရာရှိတပ်ဖွဲ့ဝင်တစ်ဦးအဖြစ် မွန်မြတ်သည့် လုပ်ငန်းတာဝန်များကို ကျေပွန်စွာထမ်းဆောင်နေသူများဖြစ်သည်ကို အစဉ်သတိချပ်နေရန် မှာကြားလိုကြောင်း၊

မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ အစဉ်အလာ(၁၂) ရပ်တွင်ပါရှိသည့် "နိုင်ငံတော်တွင် အရေးကြုံတိုင်း နောင်တော်တပ်မတော်နှင့် တစ်စိတ်တစ်ဝမ်းတည်းလက်တွဲ၍ ကာကွယ်စောင့်ရှောက်ခဲ့သည့် တပ်ဖွဲ့ဖြစ်သည်"ဟူသည့် အချက်နှင့်အညီ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များသည် တပ်မတော်နှင့်အတူ နယ်မြေခံပြည်သူ့စစ်အဖွဲ့၊ ပြည်သူ့လုံခြုံရေးနှင့် အကြမ်းဖက်နှိမ်နင်းရေးအဖွဲ့၊ ဒေသခံပြည်သူလူထုများနှင့် လက်တွဲပြီး တည်ငြိမ်အေးချမ်းမှုပျက်ပြားနေသည့် နေရာဒေသများတွင် တည်ငြိမ်အေးချမ်းမှုပြန်လည်ရရှိအောင် ဆောင်ရွက်လျက်ရှိကြောင်း၊

### ဦးလည်မသုန်ထမ်းရွက်

နိုင်ငံတော်မှလည်း တိုင်းပြည်နှင့် လူမျိုးအတွက် စွန့်လွှတ်စွန့်စားတာဝန်ထမ်းရွက်ခဲ့ကြသည့်တပ်ဖွဲ့ဝင်များကို ထိုက်တန်သည့် ဂုဏ်ပြုမှုများချီးမြှင့်ပေးလျက်ရှိရာ မိမိတို့တပ်ဖွဲ့ဝင်များအနေဖြင့် ပြည်သူကို အလုပ်အကျွေးပြုသည့်၊ နိုင်ငံတော်၏ လွတ်လပ်ရေးနှင့်အချုပ်အခြာအာဏာတည်မြဲရေးကို အသက်ပေးကာကွယ်စောင့်ရှောက်တတ်သည့် ရဲတပ်ဖွဲ့ဝင်များအဖြစ် လေးနက်စွာခံယူပြီး ကျရာတာဝန်များကို ဦးလည်မသုန်ထမ်းရွက်သွားကြရန်မှာကြားလိုကြောင်း၊ "မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ အမြင့်ဆုံးဂုဏ်သိက္ခာသည် ပြည်သူလူထုက အားကိုးယုံကြည်မှုပင်ဖြစ်သည်" ဆိုသည့် ခံယူချက်နှင့်အညီ ပြည်သူကလေးစားပြီး အားကိုးယုံကြည်ရသည့် စွမ်းရည်ရှိသော ရဲတပ်ဖွဲ့ဖြစ်စေရေး ကြိုးပမ်းထမ်းဆောင်သွားကြရန်လိုအပ်ကြောင်း၊ စွမ်းရည်ပြည့်ဝထက်မြက်စေရေးအတွက် "လေ့လာ၊ လေ့ကျင့်၊ လိုက်နာ" ဟူသော လေ့ကျင့်ရေးမူဝါဒနှင့်အညီ မိမိကိုယ်ကိုမိမိ တည်ဆောက်ကြရမည်ဖြစ်ကြောင်း တိုက်တွန်းပြောကြားသည်။

သင်တန်းဆင်းပွဲသို့ ပြည်ထဲရေးဝန်ကြီးဌာနလက်အောက်ရှိ တပ်ဖွဲ့/ဦးစီးဌာနများမှ မြန်မာနိုင်ငံရဲတပ်ဖွဲ့ရဲချုပ်နှင့် ညွှန်ကြားရေးမှူးချုပ်များ၊ ရဲအရာရှိကြီးများ၊ နိုင်ငံ့ဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်) ပါမောက္ခချုပ်၊ ဗဟိုမီးသတ်သင်တန်းကျောင်းမှ ကျောင်းအုပ်ကြီးနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် တာဝန်ရှိသူများနှင့်အတူ ရဲအရာရှိလေ့ကျင့်ရေး ကျောင်းဝင်းအတွင်း သင်တန်းသားများနှင့် ဝန်ထမ်းမိသားစုများ သက်သာချောင်ချိရေးအတွက် တည်ဆောက်လျက်ရှိသည့် ဥစားကြက်မွေးမြူရေးခြံများကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူတစ်ဦး၏ ရှင်းလင်းတင်ပြမှုအပေါ် ပြည်ထောင်စုဝန်ကြီးက ဆက်လက်ဆောင်ရွက်ရန် လိုအပ်သည်များကို မှာကြားသည်။

ညပိုင်းတွင် ရဲအရာရှိလေ့ကျင့်ရေးကျောင်းဗဟိုခန်းမ၌ ကျင်းပပြုလုပ်သည့် ဒုတိယရဲအုပ်လောင်းသင်တန်းအမှတ်စဉ်(၁၂၃/၂၀၂၄)၏ သင်တန်းဆင်း ဂုဏ်ပြုညစာစားပွဲအခမ်းအနားသို့ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ် ဒုတိယရဲဗိုလ်ချုပ်ကြီး ဝင်းဇော်မိုး၊ ဖိတ်ကြားထားသော ဧည့်သည်တော်များ၊ သင်တန်းဆင်း ဒုတိယရဲအုပ်များ တက်ရောက်ခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

---

# တရုတ် - အာဆီယံ ဒစ်ဂျစ်တယ် စီးပွားရေးမိတ်ဖက်ပူးပေါင်းဆောင်ရွက်မှုနှင့် အာဆီယံ Smart Cities ကွန်ရက်စီမံကိန်းများဖြင့် စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်သော အနာဂတ်ကို ပူးပေါင်းတည်ဆောက်

**နေပြည်တော် ဩဂုတ် ၂၉**

တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကွမ်ရှီးကျွမ့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ နန်နင်းမြို့ရှိ လိယွမ်အစိုးရဧည့်ဂေဟာ၌ ဩဂုတ် ၂၇ ရက်က AI စံချိန်စံညွှန်းများ တစ်ပြေးညီဖြစ်ကာ တီထွင်ဆန်းသစ်မှုဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများဖြင့် တရုတ်-အာဆီယံ အသိုက်အဝန်း၏ အေးအတူပူအမျှ မျှဝေသော အနာဂတ်ကောင်းများကို မြှင့်တင်ကြပါစို့ ခေါင်းစဉ်ဖြင့် ကျင်းပသည့် အာဆီယံကို အဓိကရေးရှုသော စံချိန်စံညွှန်းသတ်မှတ်ရေးဖိုရမ် (2025 ASEAN-Oriented Standardization Cooperation Forum) သို့ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအောင်ဇေယျ ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ တက်ရောက်ခဲ့သည်။




အဆိုပါဖိုရမ်သို့ ကွမ်ရှီးကျွမ့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ အုပ်ချုပ်ရေးမှူး Mr. Wei Tao နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် အာဆီယံနိုင်ငံများမှ ဒုတိယဝန်ကြီးများ၊ သံအမတ်ကြီးများနှင့် နိုင်ငံတကာအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ တက်ရောက်ခဲ့ကြသည်။

ဖွင့်ပွဲအခမ်းအနားတွင် ကွမ်ရှီးကျွမ့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအုပ်ချုပ်ရေးမှူးနှင့် ဒုတိယဝန်ကြီးများက အဖွင့်အမှာစကားပြောကြားခဲ့ကြသည်။

ဒုတိယဝန်ကြီး ဒေါက်တာအောင်ဇေယျက တရုတ်ပြည်သူ့သမ္မတနိုင်ငံသည် AI နည်းပညာနှင့် ဒစ်ဂျစ်တယ်စီးပွားရေးစနစ်တွင် ကမ္ဘာ့ဦးဆောင်နိုင်ငံအဖြစ် ခိုင်မာစွာရပ်တည်လျက်ရှိရာ အာဆီယံနိုင်ငံများကို အဓိကရေးရှုသော AI ဘုံစံချိန်စံညွှန်းများကို ချမှတ်ခြင်းဖြင့် အာဆီယံ၏ တိုးတက်လာသော ဒစ်ဂျစ်တယ်စီးပွားရေးဆိုင်ရာ နည်းပညာလိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ကြောင်း၊ တရုတ်-အာဆီယံ ဒစ်ဂျစ်တယ်စီးပွားရေးမိတ်ဖက် ပူးပေါင်းဆောင်ရွက်မှုနှင့် အာဆီယံ Smart Cities ကွန်ရက်စီမံကိန်းများဖြင့် ဘုံအကျိုးကျေးဇူးများကို ဖော်ဆောင်နိုင်ကာ အေးအတူပူအမျှဖြင့် ရေရှည်စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်သော အနာဂတ် အသိုက်အဝန်းတစ်ခုကို အတူတကွ ပူးပေါင်းတည်ဆောက်နိုင်မည်ဟု ယုံကြည်ပါကြောင်းနှင့် မြန်မာနိုင်ငံအနေဖြင့် အလေးထားဆောင်ရွက်လျက်ရှိကြောင်း ပြောကြားခဲ့သည်။ **(အပေါ်ပုံ)**

### နားလည်မှုစာချွန်လွှာရေးထိုး

ထို့နောက် မြန်မာ၊ ထိုင်း၊ ကမ္ဘောဒီးယား၊ လာအိုနှင့် ဗီယက်နမ်နိုင်ငံတို့မှ ကိုယ်စားလှယ်များက သက်ဆိုင်ရာကဏ္ဍအလိုက် နားလည်မှုစာချွန်လွှာများကို ဒစ်ဂျစ်တယ်နည်းပညာဖြင့် ရေးထိုးကြပြီး တာဝန်ရှိသူများက တရုတ်-အာဆီယံ စံချိန်စံညွှန်းပညာရှင်များကို ဂုဏ်ပြုလက်မှတ်များပေးအပ်၍ ကော်မတီဖွဲ့စည်းကာ AI ပူးပေါင်းဆောင်ရွက်ရေးလုပ်ငန်းများစတင်ကြောင်း၊ တရုတ်နှင့် အပြည်ပြည်ဆိုင်ရာစံချိန်စံညွှန်းအဖွဲ့ကြီး၏ အရည်အသွေးအကဲဖြတ်စစ်ဆေးခြင်းဆိုင်ရာကော်မတီ(ISO/CASCO) တို့ ပူးပေါင်းဆောင်ရွက်သည့် အောင်မြင်မှု၊ တရုတ်-အာဆီယံ EV စံချိန်စံညွှန်းများစာရင်း ဒုတိယအသုတ်ဖလှယ်မှုနှင့် EV ဆိုင်ရာ ပူးပေါင်းဆောင်ရွက်သည့် အောင်မြင်မှုများ၊ တရုတ်-ကမ္ဘောဒီးယား၊ တရုတ်-လာအိုနှင့် တရုတ်-အာဆီယံတို့အကြား AI နှင့် EV ဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုစီမံကိန်းများ စတင်ကြောင်း ကြေညာခဲ့သည်။

မွန်းလွဲပိုင်းတွင် ဒုတိယဝန်ကြီးသည် နန်နင်းမြို့ရှိ တရုတ်-အာဆီယံ သတင်းအချက်အလက်ဆိပ်ကမ်းစင်တာ (CAIH)၌ ဒစ်ဂျစ်တယ်ပိုးလမ်းမကြီး၊ အာဆီယံနှင့် ဒစ်ဂျစ်တယ်စီးပွားရေးပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေးလုပ်ငန်းများ၊ AI နည်းပညာအသုံးချ၍ အဆင့်မြင့်ဝန်ဆောင်မှုလုပ်ငန်းများ ဆောင်ရွက်နေမှုတို့ကို လှည့်လည်ကြည့်ရှုကာ သိလိုသည်များကို မေးမြန်းဆွေးနွေးခဲ့သည်။

ယင်းနောက် ဒုတိယဝန်ကြီးသည် EV စံချိန်စံညွှန်းဖိုရမ်ခွဲသို့ တက်ရောက်၍ တရုတ်နှင့် အာဆီယံရှိ EV စံချိန်စံညွှန်းများနှင့် လုပ်ငန်းဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာများကိုလည်းကောင်း၊ အခြားဖိုရမ်ခွဲနှစ်ခု၌ AI အသုံးချတိကျတိုင်းတာခြင်းနည်းပညာနှင့် အစားအစာထုတ်ကုန်များအရည်အသွေးကိုက်ညီမှုစစ်ဆေးခြင်းတို့ကိုလည်းကောင်း ဆွေးနွေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# အကြမ်းဖက် AA အဖွဲ့၏ မူးယစ်ဆေးဝါးစီးပွားရေးကွန်ရက်နဲ့ အကြမ်းဖက်မှုအန္တရာယ် (အပိုင်း ၂)

အောင်ရှင်း



၂၀၂၅ ခုနှစ် ဩဂုတ်လ ၁၄ ရက် ကွမ်းခြံကုန်းမြို့နယ်တွင် ဖမ်းဆီးရမိ အိုက်စ် ၅၆၁၄ ဒသမ ၂ ကီလိုဂရမ်။

**NUG လက်အောက်ခံ PDF များနှင့် ချိတ်ဆက်သယ်ဆောင်မှု**

သူတို့ရဲ့ အဓိက မူးယစ်ဆေးဝါးသယ်ဆောင်ရာ လမ်းကြောင်းဖြစ်တဲ့ ရှမ်းပြည်နယ်(မြောက်ပိုင်း)-မန္တလေး-ရန်ကုန်မှတစ်ဆင့် ရခိုင်ပြည်နယ်သို့ ရေလမ်းကြောင်း၊ မန္တလေး-မိတ္ထီလာ-မကွေး-ပဒါန်းမှတစ်ဆင့် ရခိုင်ပြည်နယ် ကုန်းလမ်းကြောင်းများမှ သယ်ဆောင်လေ့ရှိပြီး အဲဒီလမ်းကြောင်းများက သယ်ဆောင်မှုများမှာ ၂၀၂၄ ခုနှစ်အတွင်း ဖမ်းဆီးခံရမှု များပြားလာတဲ့အတွက် **၂၀၂၅ ခုနှစ်အတွင်းမှာတော့ ပုလင်းတူဘူးဆို့ NUG/PDF များနဲ့ ချိတ်ဆက်ပြီး ရှမ်းပြည်နယ် (မြောက်ပိုင်း) နှင့် ကချင်ပြည်နယ်မှထွက်ရှိတဲ့ မူးယစ်ဆေးဝါးများကို စစ်ကိုင်းတိုင်းဒေသကြီးနှင့် ချင်းပြည်နယ်အတွင်းရှိ PDF များ လှုပ်ရှားသည့် နယ်မြေများအတွင်းမှ ရခိုင်ပြည်နယ်ကို သယ်ဆောင်လျက်ရှိနေပါတယ်။**

ဒါကြောင့်လည်း ၂၀၂၅ ခုနှစ် ဇူလိုင်လ ၈ ရက်မှာ NUG လက်အောက်ခံ ယင်းမာပင်ခရိုင် PDF သုံးဦးက AA အဖွဲ့နှင့်ပတ်သက်နေတဲ့ မူးယစ်ဆေးဝါးတွေကို အခကြေးငွေယူပြီး သယ်ဆောင်လာတဲ့ စိတ်ကြွရူးသွပ်ဆေး သုံးသန်း၊ ဘိန်းဖြူ ၁၀၀ ကီလိုဂရမ် ခန့်မှန်းတန်ဖိုးငွေကျပ် ၉ ဘီလီယံကျော် (အမေရိကန် ဒေါ်လာ ၂ ဒသမ ၅ သန်း) ကို ဟားခါးမြို့နယ်အတွင်းမှာ ချင်းလက်နက်ကိုင်အဖွဲ့တစ်ဖွဲ့က ဖမ်းဆီးရမိခဲ့ကြောင်း သတင်းတွေ ကျယ်ကျယ်ပြန့်ပြန့် ထွက်ပေါ်လာခဲ့ပါတယ်။ အဲဒီမူးယစ်ဆေးဝါးသယ်ဆောင်တဲ့အဖွဲ့ဝင်များဟာ NUG လက်အောက်ခံ ယင်းမာပင်ခရိုင် PDF အဖွဲ့ကဖြစ်ပြီး အကြမ်းဖက် PDF အဖွဲ့များကို NUG က ထောက်ပံ့မှု မလုပ်ပေးတဲ့အတွက် သူတို့အဖွဲ့ ရပ်တည်ရေးအတွက် မူးယစ်ဆေးဝါးသယ်ဆောင်ပြီး ရန်ပုံငွေရှာဖွေခြင်းဖြစ်ကြောင်း၊ ယခင်က သုံးကြိမ်သယ်ဆောင်လွတ်မြောက်ခဲ့ပြီး လေးကြိမ်မြောက်တွင် ဖမ်းဆီးခံရခြင်းဖြစ်ကြောင်း သိရှိရပါတယ်။

ဒီဖြစ်စဉ်အရ NUG လက်အောက်ခံ PDF အဖွဲ့များဟာ မူးယစ်ဆေးဝါး သယ်ဆောင်မှုကို AA အဖွဲ့ပုံစံအတိုင်း အတုယူပြီး ၎င်းတို့အဖွဲ့ ရပ်တည်နိုင်ရေးအတွက် စီးပွားရေးလုပ်ငန်းတစ်ခုအနေဖြင့် လုပ်ကိုင်နေတာကို ထင်ရှားစွာ တွေ့မြင်ရမှာဖြစ်ပါတယ်။ ဒ့ါပြင် AA တပ်ဖွဲ့ရဲ့ မူးယစ်ဆေးဝါးဖြန့်ဖြူးရေးလက်တံများဟာ မြန်မာနိုင်ငံ တစ်နံတစ်လျားကျယ်ပြန့်စွာရောက်ရှိနေပြီး အရေအတွက် နည်းနည်းနဲ့ အခေါက်ရေများများ သယ်ဆောင်တဲ့ပုံစံကနေ သူတို့အခြေပြုနေတဲ့ နယ်မြေများမှတစ်ဆင့် အရေအတွက်များများ အခေါက်ရေနည်းနည်းသယ်ဆောင်လျက်ရှိပြီး ကိုယ်တိုင်ကုန်သွယ်မှုလုပ်နေသလို တခြားသောင်းကျန်းသူအဖွဲ့များရဲ့ မူးယစ်ဆေးဝါးများကို သူတို့အခြေပြုတဲ့နယ်မြေများက ဖြတ်သန်းခွင့်ပြုပြီး အခွန်ကောက်ခံလျက်ရှိနေပါတယ်။ AA အဖွဲ့ သယ်ဆောင်ဖြန့်ဖြူးနေတဲ့ မူးယစ်ဆေးဝါးများဟာ မြို့ရွာအသီးသီးရှိ လူငယ်ထုအတွင်းသာမက သောင်းကျန်းသူ လက်နက်ကိုင်တပ်ဖွဲ့ဝင်များ အကြားလည်း သုံးစွဲမှု အလွန်များပြားလျက် ရှိပါတယ်။

အထူးသဖြင့် ရခိုင်ပြည်နယ်အတွင်းမှာ ဖြစ်ပွားခဲ့တဲ့ တိုက်ပွဲများမှာ တပ်မတော်က သိမ်းဆည်းရရှိခဲ့သည့် AA တပ်ဖွဲ့ဝင်အလောင်းများ၊ အခြားအထောက်အထားများအရ AA ခေါင်းဆောင်ပိုင်းဟာ လက်အောက်ခံတပ်ဖွဲ့ဝင်များကို တိုက်ပွဲဝင်ရာတွင် ပင်ပန်းဆင်းရဲမှုဒဏ်ခံနိုင်ရန် မူးယစ်ဆေးဝါးများ တိုက်ကျွေးပြီး တိုက်ပွဲဝင်လေ့ရှိကြသလို အကြမ်းဖက်သမား PDF များကလည်း အလားတူ လိုက်ပါလုပ်ဆောင်နေတဲ့အတွက် လက်နက်ကိုင်သောင်းကျန်းသူအဖွဲ့များအတွင်း စိတ်ကြွမူးယစ်ဆေးဝါး ဝယ်ယူသုံးစွဲမှုဟာ ဈေးကွက်တစ်ခုဖြစ်နေပါတယ်။

**AA အဖွဲ့၏ ပြည်ပမူးယစ်ဆေးဝါးဈေးကွက်**

AA အဖွဲ့ရဲ့ ပြည်ပမူးယစ်ဆေးဝါးဈေးကွက်ကတော့ ဘင်္ဂလားဒေ့ရှ်၊ မလေးရှားနိုင်ငံများမှတစ်ဆင့် အနောက်နိုင်ငံများနဲ့ အရှေ့အလယ်ပိုင်းဒေသများအထိ ကျယ်ပြန့်ကြီးထွားလျက်ရှိနေပါတယ်။ ဒီအချက်ကို သက်သေပြနေတဲ့ဖြစ်စဉ်ကတော့ ၂၀၂၅ ခုနှစ် ဩဂုတ်လ ၅ ရက်မှ ၁၄ ရက်အတွင်း ဖမ်းဆီးရမိခဲ့တဲ့ မူးယစ်ဆေးဂိုဏ်း အဖွဲ့ဝင် ၁၃ ဦးနဲ့ အတူ မလေးရှားနဲ့ ဘင်္ဂလားဒေ့ရှ်နိုင်ငံကို တင်ပို့မယ့် ငွေကျပ် ၂၅၇ ဘီလီယံ (အမေရိကန်ဒေါ်လာ ၇၁ ဒသမ ၄ သန်း)ရှိ စိတ်ကြွရူးသွပ်ဆေးပြား ၂၁၈ သိန်း၊ အိုက်စ် (မက်သ် အဖက်တမင်း ၅၆၁၄ ဒသမ ၂ ကီလို၊ ကတ်တမင်း ၁၈၉၉ ကီလို) ဖော်ထုတ်ဖမ်းဆီးရမိခဲ့ခြင်း ဖြစ်ပါတယ်။

ဒီဖြစ်စဉ်မှာ ဝမ်ဟိုင်းမှာ အခြေပြုနေတဲ့ AA အဖွဲ့အကောက်ခွန်မှူးဆိုသူ ဗိုလ်မှူးအဆင့်ရှိ ကိုရေး (ရခိုင်)နဲ့ ရခိုင်ပြည်နယ် မြေပုံမြို့မှာနေတဲ့ အဆင့်စိစစ်ဆဲ ဝင်းခိုင်တို့က AA အဖွဲ့ဝင်များဖြစ်ကာ ရန်ကုန်မှာ အခြေပြုပြီး မူးယစ်ဆေးဝါးတွေကို သိုလှောင်ဖြန့်ဖြူးတဲ့ ထွန်းသိန်း(ရခိုင်)နဲ့ မလေးရှားကို ပို့ဆောင်သူ ကွမ်းခြံကုန်းမှာနေတဲ့ ကျော်စွာဝင်း (ရခိုင်)တို့က AA အဖွဲ့ရဲ့ အရပ်သား အသွင်ယူထောက်ပံ့ရေးတာဝန်ခံများ ဖြစ်ပါတယ်။ သူတို့အားလုံးရဲ့ နောက်ကွယ်မှာတော့ AA အဖွဲ့ရဲ့ အတွင်းရေးမှူး၊ ဘဏ္ဍာငွေရှာဖွေရေးတာဝန်ခံ ကျော်ဟန်ရှိနေပါတယ်။

**AA အဖွဲ့ရဲ့ မူးယစ်ဆေးဝါးစီးပွားရေးကွန်ရက်ဖြန့်ကြက်ထားမှုအရ ပြည်တွင်းပြည်ပမှာ AA တပ်ဖွဲ့ဝင်များ ကိုယ်တိုင်သယ်ဆောင်ဖြန့်ဖြူး၊ ရောင်းချခြင်းလုပ်သလို၊ ယခုဖြစ်စဉ်လို သောင်းကျန်းသူများ ထိန်းချုပ်ထားတဲ့နယ်မြေမှာ တာဝန်ခံထားရှိပြီး အဖမ်းဆီးခံရနိုင်တဲ့ လမ်းကြောင်းတွေမှာ အရပ်သားအသွင်ယူ ရခိုင်လူမျိုးစီးပွားရေးတာဝန်ခံ၊ ထောက်ပို့တာဝန်ခံများကို တာဝန်ပေးလေ့ရှိပါတယ်။ မူးယစ်ဆေးဝါးကုန်သွယ်မှုကို AA အဖွဲ့ပိုင် မူးယစ်ဆေးဝါးများ သယ်ယူပို့ဆောင်ဖြန့်ဖြူးသလို၊ အခြားလက်နက်ကိုင်အဖွဲ့အစည်းများရဲ့ မူးယစ်ဆေးဝါးများကို သူတို့နယ်မြေထဲကနေ လုံခြုံစိတ်ချစွာ ဖြတ်သန်းခွင့်ပြုပြီး အခွန်ကောက်ယူတဲ့အလုပ်ကိုလည်း လုပ်ကိုင်လျက်ရှိပါတယ်။**

ဒီဖြစ်စဉ်မှာ ဖမ်းဆီးရမိသူတွေရဲ့ ထွက်ဆိုချက်များအရ ဝမ်ဟိုင်းက သယ်ဆောင်လာတဲ့ မူးယစ်ဆေးဝါးများကို AA အဖွဲ့ လှုပ်ရှားနေတဲ့ ရခိုင်ပြည်နယ် မြေပုံမြို့မှတစ်ဆင့် ဘင်္ဂလားဒေ့ရှ်နဲ့ မလေးရှားနိုင်ငံတွေကို တင်ပို့ပြီးပါက စိတ်ကြွဆေးပြား တစ်သောင်းကို သုံးသိန်းကျပ်နှုန်းနဲ့ ဆေးပြား ၂၁၈ သိန်းအတွက် သိန်းပေါင်း ၆၅၄၀၊ အိုက်စ် တစ်ကီလို ငါးသိန်းကျပ်နှုန်းနဲ့ အိုက်စ် ၅၆၁၄ ကီလိုအတွက် သိန်းပေါင်း ၂၈၀၇၀ စုစုပေါင်း ကျပ်သိန်းပေါင်း ၃၄၆၁၀ ကို AA အဖွဲ့က အခွန်ငွေရရှိမှာ ဖြစ်ပါတယ်။ AA အဖွဲ့ဟာ ကိုယ်တိုင်ရင်းနှီးမြှုပ်နှံစရာမလိုဘဲ မူးယစ်ဆေးဝါး ထွက်ရှိရာ နယ်မြေမှာ ကိုယ်စားလှယ်တစ်ဦးထား၊ ရခိုင်ပြည်နယ်ထဲမှာ ကိုယ်စားလှယ်တစ်ဦးထားပြီး သယ်ဆောင်ရာ လမ်းကြောင်းတစ်လျှောက်မှာ သူတို့အဖွဲ့ရဲ့ အရပ်သားထောက်ပို့ တာဝန်ခံများကို သယ်ဆောင်စေပြီး သူ့နယ်မြေထဲက ဖြတ်သန်းတဲ့ မူးယစ်ဆေးဝါးတွေအတွက် အသားတင်အခွန်ငွေကောက်ခံနေခြင်း ဖြစ်ပါတယ်။

ဒါကြောင့်လည်း AA အဖွဲ့ဟာ သူတို့အဖွဲ့ရဲ့ ဘဏ္ဍာငွေကြေးလိုအပ်ချက်အတွက် မူးယစ်ဆေးဝါးတွေကို ကိုယ်တိုင်ကုန်သွယ်မှုလုပ်သလို အခြားမူးယစ်ဆေးဝါးလုပ်နေတဲ့ မူးယစ်ဆေးဝါးဂိုဏ်းသူတို့နယ်မြေထဲက ဖြတ်သန်းစေပြီး အခွန်ငွေများများ ကောက်ခံနိုင်ရေး အကြီးအကျယ်လုပ်ကိုင်ဆောင်ရွက်နေကြောင်း အထင်အရှား မြင်တွေ့ရမှာဖြစ်ပါတယ်။

ဒီထက်ပိုပြီး ထင်ရှားတဲ့သက်သေကတော့ AA အဖွဲ့အခြေပြုနယ်မြေ ရခိုင်ပြည်နယ်ထဲက မြို့ရွာများမှတစ်ဆင့် ဝင်ရောက်လာတဲ့ စိတ်ကြွဆေးပြားများ ဘင်္ဂလားဒေ့ရှ်နိုင်ငံအတွင်းရှိ ဒုက္ခသည်စခန်းများမှာ အလွယ်တကူ အများအပြားဝယ်ယူရရှိနေခြင်း ဖြစ်ပါတယ်။ ဒီအချက်ကိုတော့ ဘင်္ဂလားဒေ့ရှ်နိုင်ငံ မူးယစ်ဆေးဝါး ထိန်းချုပ်ရေးဦးစီးဌာန (Department of Narcotics Control – DNC) ရဲ့ ၂၀၂၂ ခုနှစ် အစီရင်ခံစာမှတ်တမ်းများအရ သိရှိနိုင်ပါတယ်။ အဲဒီအစီရင်ခံစာမှာ **ဘင်္ဂလားဒေ့ရှ်နိုင်ငံမှာ စိတ်ကြွဆေးပြား သုံးစွဲသူ ရှစ်သန်းခန့်ရှိပြီး**

*စာမျက်နှာ ၇ သို့*

**❑ AA အဖွဲ့ရဲ့ မူးယစ်ဆေးဝါးစီးပွားရေးကွန်ရက် ဖြန့်ကြက်ထားမှုအရ ပြည်တွင်းပြည်ပမှာ AA တပ်ဖွဲ့ဝင်များ ကိုယ်တိုင်သယ်ဆောင်ဖြန့်ဖြူး၊ ရောင်းချခြင်းလုပ်သလို၊ ယခုဖြစ်စဉ်လို သောင်းကျန်းသူများ ထိန်းချုပ်ထားတဲ့နယ်မြေမှာ တာဝန်ခံထားရှိပြီး အဖမ်းဆီးခံရနိုင်တဲ့လမ်းကြောင်းတွေမှာ အရပ်သားအသွင်ယူ ရခိုင်လူမျိုး စီးပွားရေးတာဝန်ခံ၊ ထောက်ပို့တာဝန်ခံများကို တာဝန်ပေးလေ့ရှိပါတယ်။ မူးယစ်ဆေးဝါးကုန်သွယ်မှုကို AA အဖွဲ့ပိုင် မူးယစ်ဆေးဝါးများ သယ်ယူပို့ဆောင်ဖြန့်ဖြူးသလို၊ အခြားလက်နက်ကိုင်အဖွဲ့အစည်းများရဲ့ မူးယစ်ဆေးဝါးများကို သူတို့နယ်မြေထဲကနေ လုံခြုံစိတ်ချစွာ ဖြတ်သန်းခွင့်ပြုပြီး အခွန်ကောက်ယူတဲ့အလုပ်ကိုလည်း လုပ်ကိုင်လျက်ရှိ**



၂၀၂၅ ခုနှစ် ဩဂုတ်လ ၅ ရက် ရွှေပြည်သာမြို့နယ်တွင် ဖမ်းဆီးရမိ စိတ်ကြွဆေးပြား ၂၁၈ သိန်းပြား။

*စာမျက်နှာ ၆ မှ*

နှစ်စဉ်နှစ်တိုင်း DNC အဖွဲ့အနေဖြင့် စိတ်ကြွဆေးပြား သန်း ၅၀ ကျော်ကို ဖမ်းဆီးနိုင်ခဲ့ကြောင်း၊ ဖမ်းဆီးရမိတဲ့ စိတ်ကြွဆေးပြားများဟာ AA အဖွဲ့ ထိန်းချုပ်ရာ ရခိုင်ပြည်နယ် မြို့ရွာများမှတစ်ဆင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံအတွင်းကို ဝင်ရောက်လာခြင်းဖြစ်ပြီး ဖမ်းဆီးရမိမှုများ၏ နောက်ကွယ်တွင် AA တပ်ဖွဲ့ဝင်များ ကိုယ်တိုင် ပါဝင်ပတ်သက်မှုရှိကြောင်း ဖော်ပြထားရှိပါတယ်။ ဒါကြောင့် အကြမ်းဖက်လက်နက်ကိုင် AA အဖွဲ့ရဲ့ မူးယစ်ဆေးဝါးကုန်သွယ်မှုလုပ်ငန်းများဟာ ပြည်တွင်းသာမက ပြည်ပနိုင်ငံများကိုပါ အကြီးအကျယ် တင်ပို့ရောင်းချနေကြောင်း ငြင်းလို့မရတဲ့ လူသက်သေ၊ ပစ္စည်းသက်သေအထောက်အထားများ အခိုင်အမာရှိနေပါတယ်။


### မူးယစ်ဆေးဝါးစီးပွားရေးနှင့် အကြမ်းဖက်လုပ်ရပ် အပြန်အလှန်သက်ရောက်မှု

AA အဖွဲ့ရဲ့ မူးယစ်ဆေးဝါးစီးပွားရေးကွန်ရက်ကို ပြည်တွင်း၊ ပြည်ပချိတ်ဆက်ထားပြီး မူးယစ်ဆေးဝါးဝင်ငွေကြောင့် လက်နက်/ခဲယမ်းအင်အား တောင့်တင်းလာသလို တိုက်ပွဲတွေ စဉ်ဆက်မပြတ်ဖြစ်ပွားနေလို့ လျော့နည်းသွားတဲ့ လက်နက်/ခဲယမ်းတွေ ပြန်လည်ဖြည့်တင်းဖို့ မူးယစ်ဆေးဝါးကုန်သွယ်မှုကို ပိုမိုလုပ်ဆောင်နေကြပါတယ်။ အလားတူပဲ မူးယစ်ဆေးဝါး ကုန်သွယ်မှုကြောင့် ဥပဒေမဲ့အကြမ်းဖက်လုပ်ရပ်တွေ ပိုမိုဖြစ်ပွားလာနေသလို လက်နက်ကိုင်အကြမ်းဖက်မှုတွေ ပိုမိုလုပ်ဆောင်နိုင်ဖို့ ပင်မစီးပွားရေးဖြစ်တဲ့ မူးယစ်ဆေးဝါးကုန်သွယ်မှုကို ပိုမိုလုပ်ဆောင်လျက်ရှိနေပါတယ်။ မူးယစ်ဆေးဝါးဝင်ငွေနဲ့ လူ/လက်နက်အင်အားရှိလာတဲ့AA အဖွဲ့ရဲ့ လက်နက်ကိုင်လမ်းစဉ်ကြောင့် တိုက်ပွဲများ အရှိန်မြင့်တက်ခဲ့ရသလို အကြမ်းဖက်လုပ်ရပ်များကြောင့် ရခိုင်ပြည်နယ်ရဲ့ တည်ငြိမ်အေးချမ်းမှုပျက်စီးပြီး ပြည်သူအများ လူမှုဘဝများ နိမ့်ပါးလျက်ရှိနေပါတယ်။

**AA အဖွဲ့ရဲ့ မူးယစ်ဆေးဝါးစီးပွားရေးကွန်ရက်ကို ပြည်တွင်း၊ ပြည်ပ ချိတ်ဆက်ထားပြီး မူးယစ်ဆေးဝါးဝင်ငွေကြောင့် လက်နက် / ခဲယမ်းအင်အား တောင့်တင်းလာသလိုတိုက်ပွဲတွေ စဉ်ဆက်မပြတ်ဖြစ်ပွားနေလို့ လျော့နည်းသွားတဲ့ လက်နက် / ခဲယမ်းတွေ ပြန်လည်ဖြည့်တင်းဖို့ မူးယစ်ဆေးဝါး ကုန်သွယ်မှုကို ပိုမိုလုပ်ဆောင်နေကြပါတယ်။ အလားတူပဲ မူးယစ်ဆေးဝါးကုန်သွယ်မှုကြောင့် ဥပဒေမဲ့ အကြမ်းဖက်လုပ်ရပ်တွေ ပိုမိုဖြစ်ပွားလာနေသလို လက်နက်ကိုင်အကြမ်းဖက်မှုတွေ ပိုမိုလုပ်ဆောင်နိုင်ဖို့ ပင်မစီးပွားရေးဖြစ်တဲ့ မူးယစ်ဆေးဝါးကုန်သွယ်မှုကို ပိုမိုလုပ်ဆောင်လျက်ရှိ**

### ငြင်းလို့မရတဲ့ အကြမ်းဖက်လုပ်ရပ်များ

AA အဖွဲ့ဟာ သူတို့အဖွဲ့ရပ်တည်ရှင်သန်နိုင်ရေးအတွက် ရခိုင်လူမျိုးရေးအရ ဝါဒမှိုင်းသွတ်သွင်းခြင်းကြောင့် လူမျိုးရေးအမြင်ကျဉ်းမြောင်းတဲ့ AA တပ်ဖွဲ့ဝင်များက ရခိုင်ပြည်နယ်အတွင်းရှိ အခြားတိုင်းရင်းသားများ၊ လူမျိုးစုများကို လူမျိုးရေးနဲ့ဘာသာရေးအရ အကြမ်းဖက်တိုက်ခိုက်မှုတွေ ရက်ရက်စက်စက် လုပ်ဆောင်နေတာ မြင်တွေ့ကြားသိနေရပါတယ်။




ရခိုင်ပြည်နယ် ဘူးသီးတောင်မြို့နယ်တွင် AA အကြမ်းဖက်အဖွဲ့က ကလေးငယ်များနှင့် သက်ကြီးရွယ်အိုများအပါအဝင် ဘင်္ဂါလီလူမျိုး ၆၀၀ ခန့်အား အစုလိုက်အပြုံလိုက် သတ်ဖြတ်ခဲ့သည့်သတင်းကို Al Jazeera သတင်းဌာနနှင့် Freedom Seeker Twitter (X) တွင် ဖော်ပြထားရှိမှု။

လတ်တလော နိုင်ငံတကာသတင်းမီဒီယာများမှာ ကျယ်ကျယ်ပြန့်ပြန့်ဖော်ပြနေကြတဲ့ ဘူးသီးတောင်မြို့နယ် ထန်ရှောက်ခံကျေးရွာမှာ ၂၀၂၄ ခုနှစ် မေလအတွင်းက ဘင်္ဂါလီလူမျိုး ကလေးငယ်များ၊ မိန်းမများအပါအဝင် လူ ၆၀၀ ခန့် ရက်စက်စွာသတ်ဖြတ်ခံရမှုဟာ AA အဖွဲ့ရဲ့ လူသားချင်းစာနာမှု ကင်းမဲ့တဲ့ အကြမ်းဖက်လုပ်ရပ်များဖြစ်ပါတယ်။

အလားတူပဲ ၂၀၂၄ ခုနှစ် ဇွန်လအတွင်းမှာ AA အကြမ်းဖက်အဖွဲ့မှ ထွန်းဝေဦးစီးအဖွဲ့က ဘူးသီးတောင်မြို့ပေါ် ၅ ရပ်ကွက်က မွတ်စလင်အမျိုးသား ၈၇ ဦး၊ စိမ်းညှင်းပြာကျေးရွာက အမျိုးသား ၁၃၅ ဦး၊ ညောင်ချောင်းကျေးရွာက ၉၅ ဦး၊ တောင်ဘဇားကျေးရွာက ၄၀ စုစုပေါင်း ၃၅၇ ဦးကို အစိုးရတပ်နဲ့ ပတ်သက်ကြောင်းစွပ်စွဲပြီး အကြောင်းမဲ့ သတ်ဖြတ်ခဲ့ပါတယ်။ ရခိုင်လူမျိုးကြီးဝါဒ စွဲကိုင်ထားတဲ့ AA အဖွဲ့ဟာ ဘင်္ဂါလီလူမျိုးများကိုသာမက မောင်တောနဲ့ ပလက်ဝမြို့နယ်များမှာ နေထိုင်တဲ့ ချင်းနဲ့မြိုလူမျိုးများကိုလည်း အတင်းအဓမ္မ ဖမ်းဆီးစစ်သားစုဆောင်းခဲ့သလို အနိုင်ကျင့်သတ်ဖြတ်မှုများကိုလည်း ပြုလုပ်လေ့ရှိပါတယ်။ ၂၀၂၄ ခုနှစ် ဒီဇင်ဘာလက မောင်တောမြို့နယ် သစ်တုံးနားခွဆုံရွာက မြိုလူမျိုး အယောက် ၉၀ ကျော်ကို အဓမ္မဖမ်းဆီးသွားခဲ့ရာမှာ အသက် ၁၈ နှစ်မပြည့်သေးတဲ့ ကလေးငယ် ၃၀ ကျော် ပါဝင်သွားပြီး ယနေ့အထိ သတင်းမရရှိလို့ မိသားစုဝင်များ စိုးရိမ်သောက ရောက်ရှိနေကြကြောင်းလည်း သိရှိရပါတယ်။

အထူးသဖြင့်တော့ ဘူးသီးတောင်၊ မောင်တောဘက်က ဘင်္ဂါလီကျေးရွာတွေကို မကြာခဏ Drop Bomb ချတိုက်ခိုက်မောင်းထုတ်လို့ ဘင်္ဂါလီလူမျိုးတွေ စစ်ဘေးရှောင်ထွက်ပြေးနေကြရသလို ပလက်ဝ၊ ပေါက်တော၊ မင်းပြား၊ မြောက်ဦး၊ ကျောက်တော်ဘက်မှာလည်း အပြစ်မဲ့ပြည်သူများကို ဥပဒေမဲ့မတရား ဖမ်းဆီးသတ်ဖြတ်မှုများ၊ စစ်သင်တန်းအတင်းအဓမ္မတက်ခိုင်းပြီး မတက်လိုသူများကို ငွေကြေးကောက်ခံမှုများ ပြုလုပ်လျက်ရှိပါတယ်။

ယခုဖော်ပြခဲ့တဲ့ အကြမ်းဖက် AA အဖွဲ့ရဲ့ မူးယစ်ဆေးဝါးစီးပွားရေးကွန်ရက်နဲ့ အကြမ်းဖက် လုပ်ရပ်များဟာ ကမ္ဘာ့နိုင်ငံတိုင်းက လက်မခံနိုင်တဲ့ ရာဇဝတ်မှုများ ဖြစ်ပါတယ်။ သူတို့အဖွဲ့က ကျူးလွန်နေတဲ့ မူးယစ်ဆေးဝါးနဲ့ အကြမ်းဖက်မှုများကို လုံးဝဘူးခံငြင်းဆန်နေပေမယ့် ငြင်းလို့မရတဲ့ လူသက်သေ၊ ပစ္စည်းသက်သေများက အထင်အရှားရှိနေပါတယ်။

### နိုင်ငံတကာသို့ အသိပေးတိုက်တွန်းနှိုးဆော်ချက်

မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးပြဿနာဟာ နိုင်ငံတော်အစိုးရအဆက်ဆက် စိန်ခေါ်မှုတစ်ရပ်ဖြစ်ခဲ့ပြီး တိုင်းရင်းသားလက်နက်ကိုင်အမည်ခံ အကြမ်းဖက်သောင်းကျန်းသူများရဲ့ ရှင်သန်ရပ်တည်နိုင်ရေးအတွက် အဓိကဝင်ငွေရရှိရေး ပင်မစီးပွားရေးလုပ်ငန်း ဖြစ်နေတာကြောင့် ပြည်တွင်းလက်နက်ကိုင်ပဋိပက္ခ သက်ဆိုးရှည်ခြင်းနဲ့လည်း ဆက်စပ်နေပါတယ်။ ဒါကြောင့်လည်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အစိုးရလက်ထက်မှာ မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးလုပ်ငန်းကို အထူးအလေးထားပြီး နိုင်ငံတကာအကူအညီမရရှိဘဲ ကိုယ့်ခွန်ကိုယ့်အားနဲ့ အမြစ်ပြတ်အောင် ချေမှုန်းတိုက်ဖျက်ခဲ့ပါတယ်။ ပိုမိုထိရောက်အောင်မြင်ရန်အတွက် နိုင်ငံတကာအဖွဲ့အစည်းများနဲ့လည်း တက်ကြွစွာ ပူးပေါင်းဆောင်ရွက်လျက်ရှိသော်လည်း အချို့သော နိုင်ငံတကာအစိုးရများ၊ မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးအဖွဲ့များဟာ လက်နက်ကိုင်မူးယစ်ရာဇဝ AA အဖွဲ့ အပါအဝင် NUG လက်အောက်ခံ PDF များရဲ့ မူးယစ်ဆေးဝါး သယ်ဆောင်သုံးစွဲမှုများနဲ့ အပြစ်မဲ့ပြည်သူများအပေါ် အကြမ်းဖက်လုပ်ရပ်များကို မသိချင်ယောင်ဆောင်နေကြတာ စိတ်မကောင်းစရာ မြင်တွေ့ကြားသိနေရပါတယ်။

ဒါကြောင့် မြန်မာနိုင်ငံမှာ ကြုံတွေ့နေရတဲ့ မူးယစ်ဆေးဝါးထုတ်လုပ်၊ သယ်ဆောင်၊ ရောင်းဝယ်မှုများကို ယခုထက်ပိုမိုထိရောက်စွာ နှိမ်နင်းနိုင်ရေး မူးယစ်ဆေးဝါးကုန်သွယ်မှုကြောင့် ပိုမိုအားကောင်းလာတဲ့ အကြမ်းဖက်လုပ်ရပ်များကို ထိရောက်စွာတားဆီးနိုင်ရေးအတွက် မူးယစ်ဆေးဝါးကုန်သွယ်မှု အကြီးအကျယ်လုပ်နေတဲ့ အကြမ်းဖက် AA အဖွဲ့ကဲ့သို့သော တိုင်းရင်းသားလက်နက်ကိုင်အမည်ခံ လက်နက်ကိုင်မူးယစ်ဆေးဝါးဂိုဏ်းများကို နိုင်ငံတကာ မူးယစ်ဆေးဝါးတားဆီး နှိမ်နင်းရေးအဖွဲ့များ အနေဖြင့် ဝိုင်းဝန်းပူးပေါင်းနှိမ်နင်းရန် လိုအပ်ပါကြောင်း တိုက်တွန်းနှိုးဆော် အသိပေးတင်ပြလိုက်ရပါတယ်။ ။

**❝ ဘင်္ဂလားဒေ့ရှ်နိုင်ငံမှာ စိတ်ကြွဆေးပြားသုံးစွဲသူ ရှစ်သန်းခန့်ရှိပြီး နှစ်စဉ်နှစ်တိုင်း DNC အဖွဲ့အနေဖြင့် စိတ်ကြွဆေးပြား သန်း ၅၀ ကျော်ကို ဖမ်းဆီးနိုင်ခဲ့ကြောင်း၊ ဖမ်းဆီးရမိတဲ့ စိတ်ကြွဆေးပြားများဟာ AA အဖွဲ့ ထိန်းချုပ်ရာ ရခိုင်ပြည်နယ် မြို့ရွာများမှတစ်ဆင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံအတွင်းကို ဝင်ရောက်လာခြင်းဖြစ်ပြီး ဖမ်းဆီးရမိမှုများ၏နောက်ကွယ်တွင် AA တပ်ဖွဲ့ဝင်များကိုယ်တိုင် ပါဝင်ပတ်သက်မှုရှိကြောင်း ဖော်ပြထားရှိပါတယ်။ ဒါကြောင့် အကြမ်းဖက်လက်နက်ကိုင် AA အဖွဲ့ရဲ့ မူးယစ်ဆေးဝါးကုန်သွယ်မှုလုပ်ငန်းများဟာ ပြည်တွင်းသာမက ပြည်ပနိုင်ငံများကိုပါ အကြီးအကျယ်တင်ပို့ရောင်းချနေကြောင်း ငြင်းလို့မရတဲ့ လူသက်သေ၊ ပစ္စည်းသက်သေအထောက်အထားများ အခိုင်အမာရှိနေပါတယ် ❞**

## ထားဝယ်မြို့၌ ဒစ်ဂျစ်တယ်အသိပညာခံယူချက်နှင့် အလေ့အကျင့်ဆိုင်ရာသင်တန်းဖွင့်

**ထားဝယ် ဩဂုတ် ၂၉**

မဲခေါင်-လန်ချန်းပူးပေါင်းဆောင်ရွက်မှု အထူးရန်ပုံငွေ (၂၀၂၄) ဖြင့် တနင်္သာရီတိုင်းဒေသကြီးအတွင်းရှိ အသေးစားစက်မှု လက်မှုလုပ်ငန်းရှင်များအား ဒစ်ဂျစ်တယ်နည်းပညာနှင့် online အသုံးပြု၍ ဈေးကွက်ဝင်ရောက်ရောင်းချခြင်း ဗဟုသုတရရှိစေရန်အတွက် ဒစ်ဂျစ်တယ်အသိပညာခံယူချက်နှင့် အလေ့အကျင့်ဆိုင်ရာသင်တန်းဖွင့်ပွဲအခမ်းအနားကို ယမန်နေ့က ထားဝယ်မြို့ တိုင်းဒေသကြီး အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနရုံး၌ ကျင်းပသည်။

အခမ်းအနားတွင်တိုင်းဒေသကြီး အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန ညွှန်ကြားရေးမှူး ဦးမျိုးမြင့်နိုင်က MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် အားပေးဆောင်ရွက်လျက်ရှိသော အချိန်တွင် ဒစ်ဂျစ်တယ်နည်းပညာအသုံးပြု၍ လုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးကို ထိရောက်စွာ ဆောင်ရွက်နိုင်ပါကြောင်း၊ နည်းပညာခေတ်ဖြစ်သည်နှင့်အညီ Digital Economy ဖြင့် ကြိုးစားဆောင်ရွက်ကြရန်လိုပါကြောင်း ပြောကြားသည်။

သင်တန်းတွင် နည်းပြဒုတိယညွှန်ကြားရေးမှူး ဒေါ်မဥ္ဇူဝင်းနှင့် လက်ထောက်အင်ဂျင်နီယာဦးစိုးမိုးဝင်းတို့က ဒစ်ဂျစ်တယ်နည်းပညာဖြင့် MSMEလုပ်ငန်းများဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်စေခြင်းဖြင့် ဈေးကွက်စီးပွားရေးဖွံ့ဖြိုးတိုးတက်လာပြီး နိုင်ငံတကာဈေးကွက်သို့ ထိုးဖောက်ဆောင်ရွက်လာနိုင်စေရေး၊ ဆိုက်ဘာလုံခြုံရေး၊ ကုန်ပစ္စည်းထုတ်လုပ် ရောင်းချသူများ Online စနစ်ဖြင့် ရောင်းချရာတွင် မှတ်ပုံတင်နိုင်ရေးဆောင်ရွက်ရမည့်နည်းလမ်းများ ဒစ်ဂျစ်တယ်နည်းပညာ



ဆိုင်ရာ သိမှတ်ဖွယ်ရာများကို ထားဝယ်ခရိုင်အတွင်းရှိ အသေးစားစက်မှုလက်မှုလုပ်ငန်းရှင် ၂၅ ဦးအား သင်ကြားပို့ချပေးခဲ့ကြောင်း သိရသည်။

တိုင်းဒေသကြီး(ပြန်/ဆက်)

# Myanmar, in the Golden Land စာအုပ်မိတ်ဆက်ပွဲနှင့် နားလည်မှုစာချွန်လွှာများ လက်မှတ်ရေးထိုးပွဲကျင်းပ

## မြန်မာ့အနာဂတ်မျက်နှာစာ လူငယ်မဟာဗျူဟာဖိုရမ် -၂၀၂၅ အောင်မြင်စွာကျင်းပနိုင်ရေး ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရှိမှုများ ကြည့်ရှုစစ်ဆေး

ရန်ကုန် ဩဂုတ် ၂၉

အီတလီနိုင်ငံသား နိုင်ငံရေးအတွေးအခေါ်နှင့် ပထဝီနိုင်ငံရေးရာ ကျွမ်းကျင်သူ Mr. Lorenzo Maria Pacini ရေးသားသည့် Myanmar, in the Golden Land စာအုပ်မိတ်ဆက်ပွဲ၊ မြန်မာ့ပုံရိပ် ဖော်ညွှန်းရေးအဖွဲ့ (Myan-mar Narrative Think Tank) နှင့် Anteo Edizioni Publishing House တို့အကြား ပူးပေါင်း ဆောင်ရွက်ရေး၊ အီတလီနိုင်ငံမှ Instituto De Alti Studi Sulla Multipolarita IASM တို့အကြား ပူးပေါင်း ဆောင်ရွက်ရေးဆိုင်ရာ နားလည်မှု စာချွန်လွှာများ လက်မှတ်ရေးထိုးပွဲ အခမ်းအနားကို ယနေ့ မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့ရှိ The Eravati Sule Grand Yangon ဟိုတယ်၌ ကျင်းပသည်။

အခမ်းအနားသို့ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်းနှင့် တိုင်းဒေသကြီးဝန်ကြီးများ၊ အီတလီနိုင်ငံမှ စာရေးဆရာ Mr. Lorenzo Maria Pacini နှင့် စာအုပ်ထုတ်ဝေသူ Mr. Stefano Bonilauri ၊ စာပေအနုပညာအဖွဲ့အစည်းများမှ တာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက ဦးစွာ ယခုစာအုပ်ကို ဖန်တီးပေးသည့် စာရေးသူနှင့် ထုတ်ဝေသူတို့ကို ဂုဏ်ပြုချီးကျူးပါကြောင်း၊ ယခုစာအုပ်တွင် စာရေးသူ၏ ကြိုးပမ်းအားထုတ်မှုနှင့် မြန်မာနိုင်ငံအပေါ် မှန်ကန်သင့်လျော်သည့် ရှုမြင်ချက်များကို ကွက်ကွက်ကွင်းကွင်း တွေ့ရပါကြောင်း၊ သမိုင်းခေတ်ဦးမှသည် မျက်မှောက်ခေတ်အထိ မြန်မာ့နိုင်ငံရေး ဖြစ်ပေါ်ပြောင်းလဲမှုများကို ရေးသားထားသည်ကို တွေ့ရှိရပါကြောင်း။

စာရေးသူ Mr. Lorenzo Maria Pacini သည် မြန်မာနိုင်ငံအပေါ်ရှုမြင်ရာတွင် အနောက်နိုင်ငံများ၏ နှုန်းစံများနှင့် တိုင်းတာခြင်းမျိုးမဟုတ်ဘဲ သီးခြားရှုထောင့်နှင့် တင်ပြထားသည်ကို တွေ့ရပါကြောင်း၊ Myanmar, in the Golden Land စာအုပ်ကို ဖတ်ရှုခြင်းဖြင့် မြန်မာနိုင်ငံ၏ သမိုင်းကြောင်းနှင့် မျက်မှောက်ခေတ် မြန်မာ့နိုင်ငံရေးအခြေအနေကို ခြုံငုံ၍သိနိုင်သကဲ့သို့ အင်အားကြီးနိုင်ငံအချို့၏ သတင်းစစ်ပွဲဆင်နွှဲမှု၊ မြန်မာနိုင်ငံ၏တည်ငြိမ်မှုနှင့်ဖွံ့ဖြိုးတိုးတက်မှုသည် ဒေသတွင်း တည်ငြိမ်အေးချမ်းမှုအတွက် အကျိုးပြုနိုင်မှု၊ ရွေးကောက်ပွဲလမ်းကြောင်းကို နိုင်ငံတကာအသိုက်အဝန်းမှ လက်ခံကြိုဆိုသင့်ကြောင်း ထောက်ပြထားမှု၊ အင်အားကြီး နိုင်ငံအချို့က လစ်ဘရယ်မျက်နှာဖုံး၊ လူ့အခွင့်အရေးမျက်နှာဖုံးများဖြင့် ဝင်ရောက်စွက်ဖက်တတ်မှုတို့ကို ဖတ်ရှုရမည်ဖြစ်ရာ မြန်မာ့အရေးလေ့လာလိုသူတိုင်း မလွတ်တမ်းဖတ်ရှုသင့်သည့် စာအုပ်ကောင်းတစ်အုပ် ဖြစ်ပါကြောင်း ပြောကြားသည်။

ထို့နောက် စာအုပ်ရေးသားသူ Mr. Lorenzo Maria Pacini က ယခုစာအုပ်သည် မြန်မာဟူသော ရင်သပ်ရှုမောဖွယ်ရာ နိုင်ငံတစ်ခုအပေါ်ထားရှိသော မေတ္တာတရား၏ အသီးအပွင့်ပင်ဖြစ်ပါကြောင်း မိတ်ဆက် ပြောကြားသည်။ ဆက်လက်၍ မြန်မာနိုင်ငံစာရေးဆရာအသင်းဥက္ကဋ္ဌ ဦးအုန်းမောင် (မြင်းမူမောင်နိုင်မိုး) နှင့် အကယ်ဒမီ ဒေါ်ဆွေဇင်ထိုက်တို့က စာအုပ်မိတ်ဆက်ဖြန့်ချိမှုအတွက် ဝမ်းမြောက်စကား ပြောကြားသည်။

ထို့နောက် မြန်မာ့ပုံရိပ်ဖော်ညွှန်းရေးအဖွဲ့ (Myanmar Narrative Think Tank) နှင့် Anteo Edizioni Publishing House တို့အကြား နိုင်ငံတကာ စာအုပ်များ ထုတ်ဝေဖြန့်ချိခြင်းဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး နားလည်မှုစာချွန်လွှာနှင့် အီတလီနိုင်ငံမှ Instituto De Alti Studi Sulla Multipolarita IASM တို့အကြား ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ နားလည်မှုစာချွန်လွှာများကို မြန်မာ့ပုံရိပ်ဖော်ညွှန်းရေးအဖွဲ့ဥက္ကဋ္ဌ ဦးကိုကို (ကိုကို-စက်မှုတက္ကသိုလ်)၊ Director Mr. Stefano Bonilauri နှင့် General Director Mr. Lorenzo Maria Pacini တို့က လက်မှတ်ရေးထိုးကြသည်။

ယင်းနောက် စာအုပ်ထုတ်ဝေသူ Mr. Stefano Bonilauri က အမှတ်တရ ဂုဏ်ပြုစကား ပြောကြားပြီး မြန်မာ့ပုံရိပ်ဖော်ညွှန်းရေးအဖွဲ့ဥက္ကဋ္ဌ ဦးကိုကိုက ဤစာအုပ်ကို နိုင်ငံတကာသို့ စတင်မိတ်ဆက် ဖြန့်ချိနိုင်မှုနှင့် နားလည်မှု စာချွန်လွှာများကို အောင်မြင်စွာ လက်မှတ်ရေးထိုးနိုင်ခဲ့မှုတို့အတွက် ကျေးဇူးတင်စကားပြောကြားသည်။

ယခုထုတ်ဝေသည့် Myanmar, in the Golden Land စာအုပ်ကို အင်္ဂလိပ်၊ ရုရှား၊ ပြင်သစ်၊ တရုတ်၊ အီတလီဘာသာများဖြင့် ထုတ်ဝေသွားမည်ဖြစ်ပြီး Amazon Website မှလည်း ဝယ်ယူနိုင်မည်ဖြစ်ကြောင်း သိရသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့် တိုင်းဒေသကြီးဝန်ကြီးချုပ်တို့သည် ရန်ကုန်မြို့ မင်းဓမ္မလမ်းရှိ Myanmar Convention Centre(MCC)ခန်းမ၌ ကျင်းပမည့် မြန်မာ့အနာဂတ် မျက်နှာစာ လူငယ်မဟာဗျူဟာဖိုရမ် -၂၀၂၅ အခမ်းအနားသို့ တက်ရောက်ကြမည့် တိုင်းဒေသကြီး /ပြည်နယ်အသီးသီးမှ လူငယ်မောင်မယ်များအားတွေ့ဆုံကာ နှုတ်ခွန်းဆက်စကား ပြောကြားသည်။ ယင်းနောက် ဖိုရမ်အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် ကြိုတင်ပြင်ဆင် ဆောင်ရွက်ထားရှိမှုနှင့် ဇာတ်တိုက်လေ့ကျင့်နေမှုများကို ကြည့်ရှုစစ်ဆေးခဲ့ကြသည်။

**သတင်းစဉ်**






ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း မြန်မာ့အနာဂတ်မျက်နှာစာ လူငယ်မဟာဗျူဟာဖိုရမ် -၂၀၂၅ အခမ်းအနားသို့ တက်ရောက်ကြမည့် တိုင်းဒေသကြီး /ပြည်နယ်အသီးသီးမှ လူငယ်မောင်မယ်များအား နှုတ်ခွန်းဆက်စကား ပြောကြားစဉ်။



မြန်မာ့အနာဂတ်မျက်နှာစာ လူငယ်မဟာဗျူဟာဖိုရမ် -၂၀၂၅ အခမ်းအနား အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် ကြိုတင်ပြင်ဆင် ဇာတ်တိုက်လေ့ကျင့်ကြစဉ်။

# မူဆယ်-တယ်ဟုန်နယ်စပ်ဒေသ မြန်မာ-တရုတ် သိပ္ပံနှင့်စိုက်ပျိုးရေးနည်းပညာ ဆွေးနွေးဖလှယ်ပွဲကျင်းပ

မူဆယ် ဩဂုတ် ၂၉

မြန်မာ-တရုတ်ချစ်ကြည်ရေးအသင်း(ဗဟို) ဒုတိယဥက္ကဋ္ဌ အသင်းခွဲ(မူဆယ်) ဥက္ကဋ္ဌ ဦးခင်ဦး (ခ) ဦးရှင်ဖူး ဦးဆောင်သော အဖွဲ့ဝင် ၂၇ ဦး(**ယာပုံ**) သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ တယ်ဟုန်ပြည်နယ် နည်းပညာနှင့် သိပ္ပံအသင်း၏ ဖိတ်ကြားချက်အရ ၂၀၂၅ ခုနှစ် အမျိုးသားသိပ္ပံပညာပေး မြန်မာ-တရုတ် သိပ္ပံနည်းပညာနှင့် သိပ္ပံပညာပေး နှီးနှောဖလှယ်ပွဲနှင့် လေ့လာရေးခရီးကို ဩဂုတ် ၂၆ ရက် မှ ၂၈ ရက်အထိ တက်ရောက်ကြသည်။

ခရီးစဉ်တွင် ရွှေလီကျယ်ကောင်ဂိတ်၌ တရုတ်-မြန်မာ လူဝင်လူထွက်နှင့် ကုန်စည်ပစ္စည်း ဝင်ထွက်နေမှု၊ တယ်ဟုန်အပူပိုင်းစိုက်ပျိုးရေးသိပ္ပံသုတေသနဌာနတွင် အပူပိုင်းဒေသသစ်ပင်မျိုးစေ့များ မျိုးကောင်းအရင်းအမြစ်ဘဏ် ပြုလုပ်ထားရှိပြီး ရွှေလီကော်ဖီမျိုးစေ့အရင်းအမြစ် စိုက်ပျိုးရေးခြံများ၊ မုံရှူရွာရေမွှေးသံပရာစိုက်ခင်း၊ ထုတ်လုပ်ပစ္စည်းများနှင့် ဈေးကွက်ရောင်းချမှု၊ လုံစွမ်းခရိုင် လုံပါမြို့နယ် လွိုလျန်း တစ်ပိုင်တစ်နိုင် ပိုးမွေးမြူရေးနှင့် ရောင်းချမှု၊ လုံချွမ်းခရိုင် အမ်းချီ YEASC ကုမ္ပဏီ၏ ထုတ်ကုန်များ၊ ကျန်းမာရေးအထောက်အကူပြုကုန်ပစ္စည်းများနှင့် အော်ဂဲနစ်မြေသြဇာထုတ်ကုန်များအကြောင်းကို တာဝန်ရှိသူများက ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ တယ်ဟုန်ရှင်းဟော် သိပ္ပံနှင့်နည်းပညာဖွံ့ဖြိုးရေးကုမ္ပဏီတွင် ပန်းအလှဆင်သုံး သစ်ခွပန်းမျိုးစုံ ၄၀၀ ကျော် စိုက်ပျိုး၍ ပန်းနှင့်မျိုးစေ့များ ဖြန့်ဖြူးရောင်းချမှု၊ ဖုန်းဖျင်ရွာ သစ်ခွစိုက်ပျိုးရေးနှင့် ကျန်းမာရေးအထောက်အကူပြု ထုတ်လုပ်နေမှု၊ မန်စီမြို့ စက်မှုဇုန်ရှိ Disi အခွံမာသီးကုမ္ပဏီနှင့် Xiao Kuang ဆန်လုပ်ငန်းကုမ္ပဏီတို့၏ ဆန်အမျိုးမျိုး၊ ဒေသထွက်ကုန်များ ရောင်းချပေးမှုနှင့် အခွံမာသီးကုမ္ပဏီနှင့် ဆက်စပ်ပစ္စည်းများ ထုတ်လုပ်ရောင်းချနေမှုတို့ကို ရှင်းလင်းဆွေးနွေးသည်။

ကိုယ်စားလှယ်အဖွဲ့အား "ယွင်းမေတိုင်းရင်းသားဥယျာဉ်" ၌ တယ်ဟုန်ပြည်နယ်ခွဲ ပါတီကော်မတီဥက္ကဋ္ဌနှင့် ပြန်ကြားရေးဌာန ဝန်ကြီး မစ္စတာစွံဂျယ်က ကြိုဆိုညှေ့ခံခဲ့ပြီး မြန်မာ-တရုတ် ဆွေမျိုးပေါက်ဖော် ချစ်ကြည်ရင်းနှီးမှု ပိုမိုခိုင်မာတိုးတက်ရေး၊ နှစ်နိုင်ငံ ပြည်သူချင်း တက်ကြွစွာ ပူးပေါင်းဆောင်ရွက်ရေး၊ ယဉ်ကျေးမှု၊ သိပ္ပံနှင့်နည်းပညာ ပူးပေါင်းဆောင်ရွက်ရေးများ အပြန်အလှန်ဆွေးနွေးသည်။

ဆက်လက်၍ စိမ်းရွှေဟိုတယ်၌ တယ်ဟုန်ပြည်နယ်ခွဲ ပြည်သူ့ကွန်ဂရက် အမြဲတမ်းကော်မတီဝင်၊ ပါတီကော်မတီဝင် လက်ထောက်အတွင်းရေးမှူးနှင့် လက်ထောက်ညွှန်ကြားရေးမှူး မစ္စတာဝမ်မီချမ်းနှင့်တွေ့ဆုံ၍ နှစ်နိုင်ငံချစ်ကြည်ရေး၊ လူငယ်များ သိပ္ပံဆိုင်ရာတတ်မြောက်မှုနှင့် ဆန်းသစ်တီထွင်မှုစွမ်းရည်များ မြှင့်တင်နိုင်ရေးတို့အတွက် သိပ္ပံနှင့်နည်းပညာနှီးနှောဖလှယ်ရေး၊ ပူးပေါင်းဆောင်ရွက်ရေး၊ ယဉ်ကျေးမှုဖလှယ်ရေးတို့ကို ပိုမိုအားကောင်း၍ မြန်မာ-တရုတ် ချစ်ကြည်ရေး တိုးတက်တောက်ပသော အနာဂတ်ဆီသို့ ဦးတည်ပူးပေါင်းဆောင်ရွက်ကြရန် အပြန်အလှန် ညှိနှိုင်းဆွေးနွေးဖလှယ်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**



# (၁၂)ကြိမ်မြောက် အာဆီယံလူမှုဝန်ထမ်းနှင့် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ဝန်ကြီးများအဆင့် အစည်းအဝေးနှင့် (၈)ကြိမ်မြောက် အာဆီယံ+၃ လူမှုဝန်ထမ်းနှင့်ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ဝန်ကြီးများအဆင့် အစည်းအဝေးများကျင်းပ

**နေပြည်တော် ဩဂုတ် ၂၉**

မြန်မာနိုင်ငံက အိမ်ရှင်နိုင်ငံအဖြစ် (၁၂)ကြိမ်မြောက် အာဆီယံလူမှုဝန်ထမ်းနှင့် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ဝန်ကြီးများအဆင့် အစည်းအဝေး (12th ASEAN Ministerial Meeting on Social Welfare and Development– AMMSWD)နှင့် (၈)ကြိမ်မြောက် အာဆီယံ+၃ လူမှုဝန်ထမ်းနှင့် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ဝန်ကြီးများအဆင့် အစည်းအဝေး(8th ASEAN+3 Ministerial Meeting on Social Welfare and Development– AMMSWD+3)များကို ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိ M–Gallery Hotel ၌ Video Conference ဖြင့် ကျင်းပရာ အာဆီယံလူမှုဝန်ထမ်းနှင့် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ဝန်ကြီးများအဆင့် အစည်းအဝေး အလှည့်ကျဥက္ကဋ္ဌဖြစ်သော လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်းက ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်သည်။**(အပေါ်ယာပုံ)**



ယခု အစည်းအဝေး၏ ဆောင်ပုဒ်မှာ အာဆီယံအသိုက်အဝန်းအတွင်း ထိခိုက်လွယ်အုပ်စုများအတွက် လူမှုကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းများ တိုးတက်အားကောင်းစေရေး (Enhancing Responsive Social Protection for Vulnerable Groups in the ASEAN Community) ဖြစ်ပြီး အာဆီယံနိုင်ငံများမှ သက်ဆိုင်ရာဝန်ကြီးများနှင့် အာဆီယံ+၃ နိုင်ငံများမှ ဝန်ကြီးများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် အာဆီယံ+၃ နိုင်ငံများနှင့် အာဆီယံနိုင်ငံများ၏ ဝန်ကြီးများက လူမှုကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းများ တိုးတက်အားကောင်းလာစေရေးနှင့်ပတ်သက်၍ ဆွေးနွေးဆောင်ရွက်ကြပြီး ဆောင်ရွက်ဆဲနှင့် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းစီမံကိန်းများကို တင်ပြကြရာ နိုင်ငံအလိုက် အမြင်ချင်းဖလှယ်ဆွေးနွေးကြသည်။

ပြည်ထောင်စုဝန်ကြီးက မြန်မာနိုင်ငံ၏ လူမှုကာကွယ်စောင့်ရှောက်ရေး အမျိုးသားအဆင့် မဟာဗျူဟာစီမံချက်အရ လူမှုကာကွယ်စောင့်ရှောက်ရေး ကဏ္ဍတွင် ကိုယ်ဝန်ဆောင်မိခင်နှင့် ၎င်းတို့မှ မွေးဖွားလာသည့် အသက်(၂)နှစ်အောက် ကလေးသူငယ်များအား ငွေကြေးထောက်ပံ့မှု၊ သက်ကြီးသူများအား လူမှုရေးပင်စင်ထောက်ပံ့မှုနှင့် မသန်စွမ်းသူများအား ငွေကြေးထောက်ပံ့မှုအခြေအနေ၊ မကြာသေးမီက မြန်မာနိုင်ငံတွင်ဖြစ်ပွားခဲ့သည့် မန္တလေးငလျင်ကြီးကြောင့် ထိခိုက်ခဲ့ရသော မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်နှင့်နေပြည်တော်တို့၌ ဘေးဒဏ်သင့်နေရာများတွင် ဆောင်ရွက်ခဲ့သည့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ၊ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ပံ့ပိုးမှုများ၊ ငလျင်ဒဏ်သင့် နေရာများသို့ စိတ်လူမှုရေးပိုင်းဆိုင်ရာ အကူအညီပေးရေးအဖွဲ့များ စေလွှတ်၍ကလေးသူငယ်များ၊ အမျိုးသမီးများ၊ သက်ကြီးရွယ်အိုများနှင့် မသန်စွမ်းသူများအား စိတ်လူမှုရေးပိုင်းဆိုင်ရာများ ပံ့ပိုးမှုအခြေအနေများ၊ လူမှုဝန်ထမ်းသမားများ၏ အရေးပါမှုများနှင့်ဒေသတွင်း ပူးပေါင်းဆောင်ရွက်မှုများကို ဆွေးနွေးပြောကြားသည်။

ထို့နောက် အာဆီယံ+၃ နိုင်ငံများဖြစ်သည့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ဂျပန်နိုင်ငံနှင့် ကိုရီးယားသမ္မတနိုင်ငံတို့မှ ကိုယ်စားလှယ်များက အာဆီယံနိုင်ငံများ၏ လူမှုဝန်ထမ်းနှင့် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ လုပ်ငန်းစဉ်များတွင် ပူးပေါင်းဆောင်ရွက်မှုအခြေအနေများကို ဆွေးနွေးတင်ပြကြရာ တက်ရောက်လာသူများက မှတ်ချက်ပြုဆွေးနွေးကြသည်။

ယင်းနောက် အာဆီယံလူမှုဝန်ထမ်းနှင့် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ဝန်ကြီးများအဆင့် အစည်းအဝေးအလှည့်ကျဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီးက နိဂုံးချုပ်စကားပြောကြားကာ မြန်မာနိုင်ငံက အိမ်ရှင်နိုင်ငံအဖြစ် ကျင်းပခဲ့သော (၁၂) ကြိမ်မြောက် အာဆီယံလူမှုဝန်ထမ်းနှင့် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ဝန်ကြီးများအဆင့် အစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများ အောင်မြင်စွာ ပြီးမြောက်ခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# အကြိမ်(၂၀)မြောက် အာဆီယံ+၃ နိုင်ငံများ၏ လူမှုဝန်ထမ်းနှင့်ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ အဆင့်မြင့်အရာရှိကြီးများ အစည်းအဝေးနှင့် (၇)ကြိမ်မြောက် အာဆီယံဒေသတွင်း အားလုံးအကျုံးဝင်ပါဝင်နိုင်သော စွန့်ဦးတီထွင်မှုဆိုင်ရာ ကျွမ်းကျင်သူများကွန်ရက် အစည်းအဝေးများကျင်းပ

**နေပြည်တော် ဩဂုတ် ၂၉**

မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် အကြိမ်(၂၀)မြောက် အာဆီယံ+၃ နိုင်ငံများ၏ လူမှုဝန်ထမ်းနှင့် ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ အဆင့်မြင့်အရာရှိကြီးများ အစည်းအဝေး (20th ASEAN Plus Three Senior Officials Meeting on Social Welfare and Development– SOMSWD+3)ကို ယမန်နေ့ နံနက်ပိုင်းတွင်လည်းကောင်း၊ (၇)ကြိမ်မြောက် အာဆီယံဒေသတွင်း အားလုံးအကျုံးဝင်ပါဝင်နိုင်သော စွန့်ဦးတီထွင်မှုဆိုင်ရာ ကျွမ်းကျင်သူများ ကွန်ရက်အစည်းအဝေး (7th Network of Experts on Inclusive Entrepreneurship for ASEAN–NIEA)ကို မွန်းလွဲပိုင်းတွင်လည်းကောင်း နေပြည်တော်ရှိ M – Gallery Hotel ၌ Video Conference ဖြင့် ကျင်းပရာ အာဆီယံအလှည့်ကျဥက္ကဋ္ဌ လူမှုဝန်ထမ်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာ စန်းစန်းအေး ဦးဆောင် ကျင်းပသည်။



ယခုနှစ် အစည်းအဝေးများ၏ ဆောင်ပုဒ်မှာ အာဆီယံအသိုက်အဝန်းအတွင်း ထိခိုက်လွယ်အုပ်စုများအတွက် လူမှုကာကွယ်စောင့်ရှောက်ရေး လုပ်ငန်းများ တိုးတက် အားကောင်းစေရေး (Enhancing Responsive Social Protection for Vulnerable Groups in the ASEAN Community) ဖြစ်ပြီး အာဆီယံနိုင်ငံများ၏ အဆင့်မြင့်အရာရှိကြီးများနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ဂျပန်နိုင်ငံနှင့် ကိုရီးယားသမ္မတနိုင်ငံတို့မှ အဆင့်မြင့်အရာရှိကြီးများ တက်ရောက်ဆွေးနွေးခဲ့ကြသည်။

အစည်းအဝေးတွင် ထိခိုက်လွယ်အုပ်စုများဖြစ်သည့် ကလေးသူငယ်များ၊ အမျိုးသမီးများ၊ မသန်စွမ်းသူများနှင့် သက်ကြီးရွယ်အိုများအပေါ် လူမှုကာကွယ်စောင့်ရှောက်ရေးဝန်ဆောင်မှု ပံ့ပိုးမှုအခြေအနေ၊ တိုးတက်ပြောင်းလဲလာသောအခြေအနေများနှင့်အညီ ဆောင်ရွက်ပေးရမည့်လူမှုကာကွယ်စောင့်ရှောက်ရေး လုပ်ငန်းများနှင့် လူမှုဝန်ထမ်းသမားများအနေဖြင့် ဆောင်ရွက်သင့်သည့် လုပ်ငန်းစဉ်များ၊ ကလေးသူငယ်များနှင့် အမျိုးသမီးများအပေါ် အကြမ်းဖက်မှုပပျောက်ရေးဆိုင်ရာ အာဆီယံဒေသတွင်း လုပ်ငန်းစီမံချက် အကောင်အထည်ဖော်ဆောင်ရွက်မှုများ၊ ASEAN Work Plan 2021–2025 တွင် အာဆီယံနိုင်ငံ အသီးသီးမှ စီမံကိန်းအား အကောင်အထည်ဖော် ဆောင်ရွက်မှုအခြေအနေ၊ အာဆီယံ + ၃ နိုင်ငံများဖြစ်သည့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ဂျပန်နိုင်ငံနှင့် ကိုရီးယားသမ္မတနိုင်ငံတို့မှ ကိုယ်စားလှယ်များက အာဆီယံနိုင်ငံများ၏ လူမှုဝန်ထမ်းနှင့် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ လုပ်ငန်းစဉ်များတွင် ပူးပေါင်းဆောင်ရွက်မှု အခြေအနေနှင့် ဒေသတွင်း နိုင်ငံများမှ Work Planပါ စီမံကိန်းလုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်နေမှုများကို ရှင်းလင်းဆွေးနွေးကြရာ တက်ရောက်လာသူများက အကြံပြု ဆွေးနွေးခြင်းများ ဆောင်ရွက်ခဲ့ကြသည်။

မွန်းလွဲပိုင်းတွင် (၇) ကြိမ်မြောက် အာဆီယံဒေသတွင်း အားလုံးအကျုံးဝင်ပါဝင်နိုင်သော စွန့်ဦးတီထွင်မှုဆိုင်ရာ ကျွမ်းကျင်သူများကွန်ရက် အစည်းအဝေး (7th Network of Experts on Inclusive Entrepreneurship for ASEAN– NIEA )ကို ဆက်လက်ကျင်းပရာ အာဆီယံဒေသတွင်း နိုင်ငံများ၌ ဆောင်ရွက်လျက်ရှိကြသော စွန့်ဦးတီထွင်လုပ်ငန်းစဉ်များ၊ အဆိုပါ လုပ်ငန်းစဉ်များကြောင့် ထိခိုက်လွယ်အုပ်စုများဖြစ်သည့် ကလေးသူငယ်များ၊ အမျိုးသမီးများ၊ သက်ကြီးပုဂ္ဂိုလ်များ၊ မသန်စွမ်းသူများရရှိနိုင်သည့် အခွင့်အလမ်းများ၊ အာဆီယံဒေသတွင်းနိုင်ငံများနှင့် ဖွံ့ဖြိုးမှုမိတ်ဖက်အဖွဲ့အစည်းများအကြား ပူးပေါင်းဆောင်ရွက်လျက်ရှိကြသော အခြေအနေများကို ဆွေးနွေးခဲ့ကြပြီး အစည်းအဝေးကို ညနေပိုင်းတွင် ရုပ်သိမ်းခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## ငလျင်ဘေးသင့်ဒေသပြည်သူများသို့ ရှာဖွေကယ်ဆယ်ရေးနှင့် ထောက်ပံ့ရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိ

**နေပြည်တော် ဩဂုတ် ၂၉**

မြန်မာနိုင်ငံတွင် မတ် ၂၈ ရက်က လှုပ်ခတ်ခဲ့သော အင်အားအလွန်ပြင်းထန်သည့် ငလျင်ဒဏ်ကို ပြင်းထန်စွာခံစားခဲ့ရသော တိုင်းဒေသကြီး/ပြည်နယ် ခြောက်ခုတို့တွင် ဩဂုတ် ၂၉ ရက်အထိ သေဆုံးသူ ၃၇၉၆ ဦး၊ ထိခိုက်ဒဏ်ရာရရှိသူ ၅၁၀၄ ဦးနှင့် ပျောက်ဆုံးသူ ၁၂ ဦး ရှိသည်။

မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့အနေဖြင့် ရှင်းလင်းရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများအား ဆောင်ရွက်ပေးလျက်ရှိပြီး အဆောက်အအုံများအတွင်း ပိတ်မိနေသူများအား ရှာဖွေကယ်ဆယ်ခဲ့ရာ ယနေ့အထိ အသက်ရှင်သူ ၆၅၃ ဦးကို ရှာဖွေကယ်ဆယ်ပေးနိုင်ခဲ့ပြီး သေဆုံးသူ ၈၇၄ ဦးအား ရှာဖွေပေးနိုင်ခဲ့သည်။

ဘေးသင့်ပြည်သူများသို့ ပြည်တွင်း၊ ပြည်ပမှ စေတနာရှင် အလှူရှင်များက ငွေနှင့်အလှူပစ္စည်းများ ထောက်ပံ့လှူဒါန်းမှုများအတွက် ဆက်လက်သတင်းထုတ်ပြန်ပေးသွားမည်ဖြစ်သည်။

**သတင်းစဉ်**

# ကလောမြို့၌ ဟိုတယ်ဝန်ဆောင်မှုဆိုင်ရာ ရုရှားဘာသာစကားသင်တန်းဆင်းပွဲနှင့် မဲဆန္ဒရှင်များအား မဲပေးစက်ဆိုင်ရာ အသိပညာပေး

**ကလော ဩဂုတ် ၂၉**

ဟိုတယ်ဝန်ဆောင်မှုဆိုင်ရာ ရုရှားဘာသာစကား သင်တန်းဆင်းပွဲကို ယနေ့နံနက် ၁၀ နာရီက ကလောမြို့ Hill Top Villa Hotel ၌ ကျင်းပသည်။

ဦးစွာ ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင်က အမှာစကားပြောကြားပြီး သင်တန်းနည်းပြများ ကိုယ်စားသင်တန်းဆရာတစ်ဦးအား ဂုဏ်ပြုလက်မှတ်နှင့် ချီးမြှင့်ငွေများပေးအပ်၍ တပ်မတော်ကွန်ပျူတာနှင့် နည်းပညာသိပ္ပံ (ဟိုပုံး) ကျောင်းအုပ်ကြီးက သင်တန်းသား သင်တန်းသူများကိုယ်စား ကိုယ်စားလှယ်တစ်ဦးအား သင်တန်းဆင်းလက်မှတ်များ ချီးမြှင့်ပေးအပ်ကာ သင်တန်းသား သင်တန်းသူများကိုယ်စား သင်တန်းသူနှစ်ဦးက မြန်မာဘာသာ၊ ရုရှားဘာသာဖြင့် ကျေးဇူးတင်စကား ပြန်လည်ပြောကြား၍ သင်တန်းသား သင်တန်းသူများက ရုရှားသီချင်းဖြင့် သီဆိုတင်ဆက်သည်။

ထိုမှတစ်ဆင့် ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် ကလောမြို့ပတ်လမ်းရှိ ရေနုတ်မြောင်းများ ဘုတာရထားသံလမ်းဆုံအထိ ဆောင်ရွက်နေမှု၊ ရထားဘူတာဝင်း ခြံစည်းရိုးကာရံဆောင်ရွက်နေမှုနှင့် ကလောမြို့ မောမြေဦးပန်းခြံ ဆောင်ရွက်ထားရှိမှု၊ ကလောမြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနရုံး ပြန်လည်ဆောက်လုပ်မည့်မြေနေရာနှင့် အမှတ်(၄)ရပ်ကွက် သီတာလမ်းမှ ကလောဘူတာအထိ ကျောက်ချောလမ်း ဆောင်ရွက်မည့်နေရာကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များမှာကြားသည်။

ထို့နောက် ကလောမြို့နယ်ခန်းမ၌ မဲဆန္ဒရှင်များအား မဲပေးစက်ဆိုင်ရာ အသိပညာပေးခြင်းနှင့် လက်တွေ့စမ်းသပ်မဲပေးခြင်း အခမ်းအနားကျင်းပရာ ကလောမြို့နယ် ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲရုံးမှ ဦးစီးအရာရှိက (MEVM) မဲပေးစက်ဖြင့် လက်တွေ့စမ်းသပ်မဲပေးခြင်းဆိုင်ရာကိစ္စနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြကာ ဒေသခံပြည်သူများက (MEVM)မဲပေးစက်ဖြင့် လက်တွေ့စမ်းသပ်မဲပေးနေမှုကို ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။ **မောင်မောင်သန်း(တောင်ကြီး)**




## ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေး (AML/CFT)ဆိုင်ရာ အသိပညာပေးဆွေးနွေးပွဲ ကျင်းပ



**မဟာအောင်မြေ ဩဂုတ် ၂၉**

မန္တလေးတိုင်းဒေသကြီး မဟာအောင်မြေမြို့နယ် Y-Mandalay Hotel ၌ မြန်မာနိုင်ငံကျောက်မျက်ရတနာလုပ်ငန်းရှင်များ အသင်း၏ ဦးဆောင်မှုဖြင့် ကျောက်မျက်ရတနာ လုပ်ငန်းရှင်များအသင်း (မန္တလေး)တို့မှ ပူးပေါင်းကျင်းပသည့် ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေး(AML/CFT) ဆိုင်ရာ အသိပညာပေးဆွေးနွေးပွဲကို ယနေ့နံနက်ပိုင်းက ကျင်းပသည်။

ဦးစွာ မြန်မာနိုင်ငံကျောက်မျက်ရတနာလုပ်ငန်းရှင်များ အသင်းချုပ် ဥက္ကဋ္ဌ ဦးမြင့်ဟန်က နှုတ်ခွန်းဆက်စကား ပြောကြားပြီး မြန်မာနိုင်ငံကျောက်မျက်ရတနာလုပ်ငန်းရှင်များ အသင်းချုပ် ဒုတိယ ဥက္ကဋ္ဌ ဦးဇော်ဘိုခန့်က ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကိုငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေး(AML/CFT)ဆိုင်ရာ အသိပညာမြှင့်တင်ခြင်းဆွေးနွေးပွဲ ကျင်းပရခြင်း ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားကာ အသိပညာပေးဆွေးနွေးခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## နေရာကွက်၍ မိုးကြီးမည်

**နေပြည်တော် ဩဂုတ် ၂၉**

မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ် တို့တွင် နေရာကွက်၍ မိုးကြီးမည်။

**မိုး/ဇလ**

*❊ ရှေ့ဖုံးမှ*

(UNESCO) တို့၏ ပူးပေါင်းဆောင်ရွက်မှုဖြင့် ၁၉၇၁ ခုနှစ်မှ စတင်၍ အသက် ၁၅ နှစ်နှင့်အောက် နိုင်ငံတကာလူငယ်များ ပေးစာရေးပြိုင်ပွဲကို ကမ္ဘာနှင့်တစ်ဝန်း နှစ်စဉ်ကျင်းပလေ့ရှိရာ ယခု ၂၀၂၅ ခုနှစ်တွင် (၅၄) ကြိမ်မြောက် ရောက်ရှိခဲ့ပြီဖြစ်သည်။

၂၀၂၅ ခုနှစ် ကမ္ဘာ့စာပို့တိုက်နေ့အထိမ်းအမှတ်အဖြစ်ကျင်းပသော အသက်(၁၅)နှစ်နှင့်အောက် နိုင်ငံတကာလူငယ်များ ပေးစာရေးပြိုင်ပွဲကို မြန်မာနိုင်ငံမှ ကျောင်းသား ကျောင်းသူများ ပါဝင်ယှဉ်ပြိုင်နိုင်ရန်အတွက် ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၊ ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာနနှင့် ပညာရေးဝန်ကြီးဌာန၊ အခြေခံပညာဦးစီးဌာနတို့ပူးပေါင်း၍ ၂၀၂၅ ခုနှစ် ဖေဖော်ဝါရီ ၁၁ ရက်တွင် မြန်မာနိုင်ငံတစ်ဝန်းရှိ အခြေခံပညာကျောင်းများတွင် ကျင်းပခဲ့သည်။ ပြိုင်ပွဲဝင်ရမည့် ခေါင်းစဉ်မှာ **" Imagine you are the ocean. Write a letter to someone explaining why and how they should take good care of you." ( သင့်ကိုယ်သင် ပင်လယ်သမုဒ္ဒရာအဖြစ်စိတ်ကူး၍ သင့်ကိုမည်သည့်အတွက်ကြောင့် ကောင်းစွာဂရုစိုက်သင့်ကြောင်းနှင့် မည်သည့်နည်းလမ်းများဖြင့် ကောင်းစွာဂရုစိုက်သင့်သည်ကို တစ်စုံတစ်ဦးထံသို့ ပေးစာတစ်စောင်ရေးသားရန်)** ဖြစ်ပြီး အခြေခံပညာအဆင့်တွင် ဖြေဆိုသူ ကျောင်းသား ကျောင်းသူ စုစုပေါင်း ၅၁၈ ဦး ပါဝင်ယှဉ်ပြိုင်ခဲ့သည်။

ရရှိလာသည့် ပြိုင်ပွဲဝင်စာမူ ၅၁၈ စောင်ကို ပညာရေးဝန်ကြီးဌာနနှင့် ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာနတို့မှ ပူးပေါင်းပါဝင်သည့် အကဲဖြတ်အဖွဲ့ဖြင့် စိစစ်အကဲဖြတ်ခဲ့ပြီး ပြည်တွင်းအဆင့် ပထမဆုကို တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့နယ် ကန်စွန်းအင်းကိုယ်ပိုင်အထက်တန်းကျောင်း Grade-7 မှ မဝင်းလဲ့ရွှေရည်ကလည်းကောင်း၊ ဒုတိယဆုကို ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့နယ် အ-ထ-က (၂) ပွဲနံတန်ဆာ Grade-5 မှ မနှင်းအိရွှေရည်ကလည်းကောင်း၊ တတိယဆုကို မကွေးတိုင်းဒေသကြီး စေတုတ္တရာမြို့နယ် အခြေခံပညာအလယ်တန်းကျောင်း (က.ပ.စ (၂၀)) Grade-6 မှ မောင်ဇော်သူရကလည်းကောင်း၊ အထူးဆုကို နေပြည်တော် ဇမ္ဗူသီရိမြို့နယ် အ-ထ-က (၅) Grade-7 (A) မှ မမိုးပြည့်စုံကြွယ်တို့ကလည်းကောင်း ရရှိခဲ့သည်။ အဆိုပါ အကဲဖြတ်အဖွဲ့၏ စိစစ်ရွေးချယ်ချက်အရ ပြည်တွင်းအဆင့် ပထမဆုရစာမူကို ယူပီယူမှကျင်းပသည့် နိုင်ငံတကာလူငယ်များ ပေးစာရေးပြိုင်ပွဲသို့ ပေးပို့ယှဉ်ပြိုင်ထားပြီးဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

### ၂၀၂၅ ခုနှစ်၊ (၁၅၁) နှစ်မြောက် ကမ္ဘာ့စာပို့တိုက်နေ့အထိမ်းအမှတ်အဖြစ် ကျင်းပပြုလုပ်ခဲ့သည့် (၅၄) ကြိမ်မြောက် နိုင်ငံတကာလူငယ်များ ပေးစာရေးပြိုင်ပွဲ ( ပြည်တွင်းအဆင့်) ဆုရရှိသူများ အမည်စာရင်း

**ပထမ**

အမည် - မဝင်းလဲ့ရွှေရည်
အဘအမည် - ဦးကျော်စိုးမိုး
အမိအမည် - ဒေါ်သိင်္ဂီ
အတန်း - Grade-7
ကျောင်းအမည် - ကန်စွန်းအင်းကိုယ်ပိုင်အထက်တန်းကျောင်း
မြိတ်မြို့နယ်
တနင်္သာရီတိုင်းဒေသကြီး



**ဒုတိယ**

အမည် - မနှင်းအိရွှေရည်
အဘအမည် - ဦးမျိုးနိုင်ထွန်း
အမိအမည် - ဒေါ်ပပဝင်း
အတန်း - Grade-5
ကျောင်းအမည် - အ-ထ-က (၂) ပွဲနံတန်ဆာ
ညောင်လေးပင်မြို့နယ်
ပဲခူးတိုင်းဒေသကြီး



**တတိယ**

အမည် - မောင်ဇော်သူရ
အဘအမည် - ဦးမျိုးမင်းထွန်း
အမိအမည် - ဒေါ်သင်းသင်းခိုင်
အတန်း - Grade-6
ကျောင်းအမည် - အခြေခံပညာအလယ်တန်းကျောင်း
(က.ပ.စ (၂၀))
စေတုတ္တရာမြို့နယ်
မကွေးတိုင်းဒေသကြီး



**အထူးဆု**

အမည် - မမိုးပြည့်စုံကြွယ်
အဘအမည် - ဦးဝင်းထွဋ်အေး
အမိအမည် - ဒေါ်လှလှသန်း
အတန်း - Grade-7(A)
ကျောင်းအမည် - အ-ထ-က (၅)
ဇမ္ဗူသီရိမြို့နယ်
နေပြည်တော်



# ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများကို ဥပဒေ၊ လုပ်ထုံးလုပ်နည်းနှင့်အညီ မြန်ဆန်သွက်လက်စွာ စိစစ်ခွင့်ပြုချထားပေးလျက်ရှိ

**မန္တလေး ဩဂုတ် ၂၉**

မန္တလေးတိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီ (၄/၂၀၂၅) အစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းတွင် မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံးအစည်းအဝေးခန်းမ၌ ကျင်းပရာ တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီဥက္ကဋ္ဌ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီးဝန်ကြီးများ၊ ရင်းနှီးမြှုပ်နှံမှုကော်မတီအဖွဲ့ဝင်များ၊ သက်ဆိုင်ဌာနများနှင့် ကုမ္ပဏီများမှ တာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် တိုင်းဒေသကြီးဝန်ကြီးချုပ်က တာဝန်ယူမှု၊ တာဝန်ခံမှုရှိသော ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများကို ဥပဒေ၊ လုပ်ထုံးလုပ်နည်းနှင့်အညီ မြန်ဆန်သွက်လက်စွာ စိစစ်ခွင့်ပြုချထားပေးလျက်ရှိပြီး တင်ပြလျှောက်ထားလာမှုနှင့် မြေပြင်တွင် အမှန်တကယ် လုပ်ငန်းလုပ်ကိုင်ဆောင်ရွက်နေမှုများနှင့် ကိုက်ညီရန်လိုအပ်ကြောင်း ပြောကြားသည်။(ယာပုံ)

ထို့နောက် မန္တလေးတိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီ အတွင်းရေးမှူးက ယခင် (၃/၂၀၂၅) ကြိမ်မြောက် အစည်းအဝေး ဆုံးဖြတ်ချက်များအပေါ် ဆောင်ရွက်ပြီးစီးမှုနှင့် ယခုအစည်းအဝေးတွင် တင်ပြလျှောက်ထားလာမှုများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြပြီး ကုမ္ပဏီများမှ တာဝန်ရှိသူများက ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းများကို ရှင်းလင်းတင်ပြရာ တိုင်းဒေသကြီး ဝန်ကြီးချုပ်က ဆွေးနွေးတင်ပြမှုများအပေါ် ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်



# အာရှဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ တရားရုံးများနှင့်အဆင့်တူ အဖွဲ့အစည်းများအသင်း၊ သုတေသနနှင့် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အတွင်းရေးမှူးချုပ်ရုံး၏ (၅)ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာစာတမ်းဖတ်ပွဲ မြန်မာကိုယ်စားလှယ်အဖွဲ့ တက်ရောက်

**နေပြည်တော် ဩဂုတ် ၂၉**

ကိုရီးယားသမ္မတနိုင်ငံ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ တရားရုံးဥက္ကဋ္ဌ၏ ဖိတ်ကြားချက်အရ နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာခုံရုံးအဖွဲ့ဝင် ဦးစောစံလင်း ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ကိုရီးယားသမ္မတနိုင်ငံ ဆိုးလ်မြို့၌ ဩဂုတ် ၂၅ ရက်မှ ၂၈ ရက်အထိ “ပုဂ္ဂိုလ်ဆိုင်ရာ လွတ်လပ်ခွင့်” ခေါင်းစဉ်ဖြင့် ကျင်းပသည့် အာရှဖွဲ့စည်းပုံ




အခြေခံဥပဒေဆိုင်ရာ တရားရုံးများနှင့်အဆင့်တူ အဖွဲ့အစည်းများအသင်း၊ သုတေသနနှင့်ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အတွင်းရေးမှူးချုပ်ရုံး (Association of Asian Constitutional Courts and Equivalent Institutions; Secretariat for Research and Development – AACC SRD)၏ (၅)ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာ စာတမ်းဖတ်ပွဲသို့ တက်ရောက်ခဲ့သည်။

အဆိုပါ (၅)ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာ စာတမ်းဖတ်ပွဲသို့ အာရှဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ တရားရုံးများနှင့် အဆင့်တူအဖွဲ့အစည်းများအသင်း၏ အဖွဲ့ဝင်နိုင်ငံ ၁၇ နိုင်ငံမှ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ တရားရုံးဥက္ကဋ္ဌများ၊ တရားသူကြီးများနှင့် ဥပဒေပညာရှင် စုစုပေါင်း ၄၆ ဦး တက်ရောက်ခဲ့ကြပြီး စာတမ်းဖတ်ပွဲ အခမ်းအနားကို ဩဂုတ် ၂၆ ရက်နှင့် ၂၇ ရက်တို့တွင် ကျင်းပခဲ့ရာ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံ ဥပဒေဆိုင်ရာခုံရုံး အဖွဲ့ဝင် ဦးစောစံလင်းက “ပုဂ္ဂိုလ်ဆိုင်ရာ လွတ်လပ်ခွင့်အား အဓိပ္ပာယ်ဖွင့်ဆိုခြင်း” ခေါင်းစဉ်ဖြင့် စာတမ်းကို ဖတ်ကြားခဲ့သည်။

ထို့နောက် တက်ရောက်လာကြသော အဖွဲ့ဝင်နိုင်ငံအသီးသီးမှ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ တရားရုံးဥက္ကဋ္ဌများ၊ တရားသူကြီးများနှင့် ဥပဒေပညာရှင်များက ပုဂ္ဂိုလ်ဆိုင်ရာ အခွင့်အရေးနှင့် စပ်လျဉ်း၍ ၎င်းတို့ နိုင်ငံအလိုက် ဖွဲ့စည်းပုံအခြေခံ ဥပဒေတွင် အဓိပ္ပာယ်ဖွင့်ဆိုထားမှု၊ နိုင်ငံသားများ၏ အခွင့်အရေးများအား ကာကွယ်ပေးရာတွင် နိုင်ငံအလိုက် ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ တရားစီရင်မှုဆိုင်ရာများကို အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြသည်။

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး အဖွဲ့ဝင် ဦးစောစံလင်း ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ဩဂုတ် ၂၉ ရက် နံနက်ပိုင်းတွင် လေကြောင်းခရီးဖြင့် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိကြသည်။

သတင်းစဉ်

# မျိုးစေ့ဆိုင်ရာအမျိုးသားကော်မတီ၏ (၁၁)ကြိမ်မြောက် အစည်းအဝေးမှ မျိုးသစ်မျိုးဖျား ၆၈ မျိုးကို မျိုးသစ်အသိအမှတ်ပြုလက်မှတ်ထုတ်ပေးနိုင်ရေး ဆွေးနွေး

**နေပြည်တော် ဩဂုတ် ၂၉**

မျိုးစေ့ဆိုင်ရာ အမျိုးသားကော်မတီ (National Seed – Related Committee, NSC)၏ (၁၁) ကြိမ်မြောက် အစည်းအဝေးကို ယမန်နေ့နံနက်ပိုင်းက စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန နေပြည်တော် ရုံးအမှတ် (၄၃) အစည်းအဝေးခန်းမ၌ ကျင်းပရာ မျိုးစေ့ဆိုင်ရာ အမျိုးသားကော်မတီ ဥက္ကဋ္ဌနှင့် ကော်မတီဝင်များ၊ သီးနှံကျွမ်းကျင်မှုဆိုင်ရာ လုပ်ငန်းအဖွဲ့ (Technical Working Groups, TWGs)များမှ အဖွဲ့ခေါင်းဆောင်များ၊ သီးနှံကျွမ်းကျင်ပညာရှင်များ တက်ရောက်ကြသည်။

ဦးစွာ မျိုးစေ့ဆိုင်ရာ အမျိုးသားကော်မတီ ဥက္ကဋ္ဌ ဒုတိယဝန်ကြီး ဒေါက်တာတင်ထွဋ်က အမှာစကားပြောကြားပြီး(အပေါ်ယာပုံ) အတွင်းရေးမှူး ညွှန်ကြားရေးမှူး ချုပ် ဒေါက်တာ ရဲတင့်ထွန်းက အစည်းအဝေးတွင် ဆွေးနွေး ဆောင်ရွက်ရမည့် လုပ်ငန်းရပ်များကို တင်ပြရာ အစည်းအဝေး တက်ရောက် လာကြသူများက အကြောင်းအရာ တစ်ခုချင်းအပေါ် သုံးသပ်ဆွေးနွေးသည်။



အစည်းအဝေးတွင် သီးနှံကျွမ်းကျင်မှုဆိုင်ရာ လုပ်ငန်းအဖွဲ့များ၊ မျိုးစေ့ကျွမ်းကျင်မှုဆိုင်ရာ ကော်မတီ (Technical Seed Committee, TSC)တို့က မျိုးစေ့ဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ အဆင့်ဆင့်စိစစ်ပြီး သဘောထားမှတ်ချက်များဖြင့် တင်ပြလာသည့် အသိအမှတ်ပြုလက်မှတ်သက်တမ်းထပ်တိုးမည့် သီးနှံမျိုးဖျား ခြောက်မျိုး၊ မျိုးအသစ်အဖြစ် လျှောက်ထားလာသော လယ်ယာသီးနှံ ၃၁ မျိုး၊ စက်မှုသီးနှံ သုံးမျိုး၊ ဥယျာဉ်ခြံသီးနှံ ၂၃ မျိုးနှင့် မိဘမျိုးလိုင်း ငါးစုံ စုစုပေါင်း မျိုးသစ်မျိုးဖျား ၆၈မျိုးတို့ကို မျိုးသစ်အသိအမှတ်ပြုလက်မှတ်ထုတ်ပေးနိုင်ရေး ဆွေးနွေးဆုံးဖြတ်သည်။

မျိုးစေ့ဆိုင်ရာ အမျိုးသားကော်မတီ၏ အကြိမ်(၁၀)မြောက် အစည်းအဝေးအထိ လယ်ယာသီးနှံ ၇၂၄ မျိုး၊ ဥယျာဉ်ခြံသီးနှံ ၉၃၈ မျိုး၊ စက်မှုသီးနှံ ၁၃၂ မျိုးနှင့် မိဘမျိုးလိုင်း ၂၃၉စုံ စုစုပေါင်း မျိုးသစ်မျိုးဖျား ၂၀၃၃မျိုးကို စိစစ်ထုတ်ပေးခဲ့ပြီး ဖြစ်ကြောင်း သိရသည်။

မွန်းလွဲပိုင်းတွင် အမျိုးသားအပင်မျိုးသစ် အကာအကွယ်ပေးရေးဆိုင်ရာ ဗဟိုကော်မတီ၏ ပဉ္စမအကြိမ် ညှိနှိုင်းအစည်းအဝေးကို ဆက်လက်ကျင်းပရာ ဗဟိုကော်မတီဥက္ကဋ္ဌ ဒုတိယဝန်ကြီး ဒေါက်တာ တင်ထွဋ်နှင့် ဗဟိုကော်မတီဝင်များ တက်ရောက်ကြသည်။

အစည်းအဝေးတွင် အမျိုးသားအပင်မျိုးသစ် အကာအကွယ်ပေးရေးဆိုင်ရာ ဗဟိုကော်မတီ၏ ရှေ့ဆက်လုပ်ကိုင်ဆောင်ရွက်မည့် လုပ်ငန်းတာဝန်များနှင့် အပင်မျိုးမွေးမြူသူများက လျှောက်ထားသည့် အပင်မျိုးသစ်များအနက် နည်းပညာကော်မတီက စစ်ဆေးထားသော အပင်မျိုးသစ်အချို့ကို အပင်မျိုးမွေးမြူသူ၏ ရပိုင်ခွင့်အခွင့်အရေးအတွက် အသိအမှတ်ပြု လက်မှတ်ထုတ်ပေးနိုင်ရေး ဆွေးနွေးသည်။

ယခုအစည်းအဝေးတွင် အပင်မျိုးသစ် သုံးမျိုးအား အသိအမှတ်ပြု လက်မှတ်ထုတ်ပေးနိုင်ရန် စိစစ်ဆောင်ရွက်သွားမည်ဖြစ်ပြီး အမျိုးသားအပင်မျိုးသစ် အကာအကွယ်ပေးရေးဆိုင်ရာ ဗဟိုကော်မတီ၏ စတုတ္ထအကြိမ် အစည်းအဝေးပြီးဆုံးချိန်အထိအပင်မျိုးသစ် အကာအကွယ်ပေးရေး ဥပဒေအောက်တွင် ကာကွယ်ခွင့်ယူရန်လျှောက်ထားလာသော သီးနှံမျိုးစုံ အပင်မျိုးသစ် ၄၉မျိုးမှ အပင်မျိုးသစ် ၁၂မျိုးကို အသိအမှတ်ပြုလက်မှတ်ထုတ်ပေးခဲ့ပြီး ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

## စစ်တောင်းမြစ်ရေအခြေအနေ

**နေပြည်တော် ဩဂုတ် ၂၉**

ယနေ့ နံနက် ၆နာရီခွဲ တိုင်းထွာချက်အရ စစ်တောင်းမြစ်ရေသည် တောင်ငူမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက် ပေ၀က်ကျော်တွင် ရောက်ရှိနေသည်။ အဆိုပါ မြစ်ရေသည် နောက်တစ်ရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်သည်။

အလားတူ စစ်တောင်းမြစ်ရေသည် မဒေါက်မြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ပေ၀က်ကျော် ကျော်လွန်နေပြီး နောက်တစ်ရက်အတွင်း နှစ်လက်မခန့် မြင့်တက်လာနိုင်ကာ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်ကြောင်း မိုး/ဇလက ထုတ်ပြန်ထားသည်။

မိုး/ဇလ

# ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ကျောင်းသား ကျောင်းသူများအား စာကြည့်ဆိုလာမီးများပေးအပ်၊ ကျောင်းစာကြည့်တိုက်များသို့ စာအုပ်များလှူဒါန်း



**စစ်တွေ ဩဂုတ် ၂၉**

ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်းသည် ပြည်နယ်ဝန်ကြီးများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် အတူ ယနေ့နံနက်ပိုင်းတွင် စစ်တွေမြို့ရှိ အခြေခံပညာ အထက်တန်းကျောင်းများနှင့် အထက်တန်းကျောင်းခွဲများသို့သွားရောက်ပြီး Grade– 12 ကျောင်းသား ကျောင်းသူများနှင့်တွေ့ဆုံကာ စာကြည့်ဆိုလာမီးများ ပေးအပ်ပြီး ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးအတွက် စာအုပ်များလှူဒါန်းသည်။

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် စစ်တွေမြို့ အခြေခံပညာအထက်တန်းကျောင်းခွဲ မကျည်းမြိုင်ကျောင်း၊ အခြေခံပညာအထက်တန်းကျောင်းခွဲ (စက်ရုံစု)၊ အမှတ်(၉) အခြေခံပညာအထက်တန်းကျောင်း၊ အမှတ်(၆) အခြေခံပညာအထက်တန်းကျောင်းများသို့သွားရောက်၍ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများကို ရင်းရင်းနှီးနှီးတွေ့ဆုံနှုတ်ဆက်ကြပြီး ပြည်နယ်ဝန်ကြီးချုပ်နှင့် ပြည်နယ်ဝန်ကြီးများက ရခိုင်ပြည်နယ်အစိုးရအဖွဲ့က ပေးအပ်ချီးမြှင့်သည့် စာကြည့်ဆိုလာမီးများကို ကျောင်းသား ကျောင်းသူများအား ပေးအပ်သည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့သည် ကျောင်းစာကြည့်တိုက်အတွင်း ကျောင်းသား ကျောင်းသူများ စာပေလေ့လာဖတ်ရှုနေမှုကို ကြည့်ရှုအားပေးပြီး ကျောင်းစာကြည့်တိုက်အတွက် ရခိုင်ပြည်နယ်အစိုးရအဖွဲ့ကလှူဒါန်းသော သုတ၊ ရသစာအုပ် စာပေများကို ပေးအပ်လှူဒါန်းသည်။

အလားတူ ကျောက်ဖြူမြို့နှင့် မာန်အောင်မြို့တို့တွင် ပညာသင်ကြားလျက်ရှိသော Grade – 12 ကျောင်းသား ကျောင်းသူအတွက် ရခိုင်ပြည်နယ်အစိုးရအဖွဲ့ကပေးအပ်ချီးမြှင့်သည့် စာကြည့်ဆိုလာမီးများကို သက်ဆိုင်ရာခရိုင်နှင့် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ပေးအပ်လျက်ရှိသည်။ ထိုသို့ စာကြည့်ဆိုလာမီးများပေးအပ်ရာတွင် စစ်တွေမြို့နယ်အတွက် စာကြည့်ဆိုလာမီး ၆၉၄ လုံး၊ ကျောက်ဖြူမြို့နယ်အတွက် ၁၄၁ လုံးနှင့် မာန်အောင်မြို့နယ်အတွက် ၅၀၇ လုံး စုစုပေါင်း ၁၃၄၂ လုံးကို ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**တင်ထွန်း(ပြန်/ဆက်)**

# ၂၀၂၅ ခုနှစ် မွန်ပြည်နယ်ဝန်ကြီးချုပ်ဖလား ၁၀ မြို့နယ် အမျိုးသမီးဘောလုံးပြိုင်ပွဲ ဖွင့်ပွဲကျင်းပ



**မော်လမြိုင် ဩဂုတ် ၂၉**

မွန်ပြည်နယ်အတွင်း လူငယ်၊ လူရွယ်များ ဗလငါးတန်နှင့်ပြည့်စုံ၍ အားကစားကိုမြတ်နိုးတန်ဖိုးထားပြီး ပြည်နယ်၏ အားကစားကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရန်ရည်ရွယ်၍ ၂၀၂၅ ခုနှစ် မွန်ပြည်နယ်ဝန်ကြီးချုပ်ဖလား ၁၀ မြို့နယ် အသက် ၂၅ နှစ်အောက် အမျိုးသမီးဘောလုံးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့ ညနေပိုင်းက မော်လမြိုင်မြို့၊ ရာမညအားကစားကွင်း၌ ကျင်းပသည်။

ဦးစွာ မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်းက ထူးချွန်ထက်မြက်၍အလားအလာရှိသော အားကစားသမား လူငယ်လူရွယ်များနှင့် မျိုးဆက်သစ်လူငယ်ဘောလုံး အားကစားသမားများ ပေါ်ထွက်ရရှိရေးအတွက် စဉ်ဆက်မပြတ် မွေးထုတ်ပေးကြစေလိုကြောင်း၊ အားကစားသမားများအနေဖြင့် ဘောလုံးအားကစားနည်း၏ ခေတ်မီနည်းစနစ်များကို စဉ်ဆက်မပြတ်လေ့လာသင်ယူပြီး အားကစားအဆင့်အတန်း မြင့်မားစေရေးနှင့် ပြည်နယ်အတွက်ရော နိုင်ငံအတွက်ပါ အားထားရသည့် အားကစားသမားကောင်းများဖြစ်အောင်ကြိုးစားကြရန် တိုက်တွန်းမှာကြားလိုကြောင်း ပြောကြားသည်။

ထို့နောက် အဖွင့်ပွဲစဉ်အဖြစ် မုဒုံမြို့နယ် ဘောလုံးအသင်းနှင့် ရေးမြို့နယ် ဘောလုံးအသင်းတို့ ယှဉ်ပြိုင်နေမှုများကို ကြည့်ရှုအားပေးသည်။ အဆိုပါ မွန်ပြည်နယ် ၁၀ မြို့နယ် အသက် ၂၅ နှစ်အောက် အမျိုးသမီးဘောလုံးပြိုင်ပွဲကို ဩဂုတ် ၂၉ ရက်မှ စက်တင်ဘာ ၉ ရက်အထိ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**စည်သူ(ပြန်/ဆက်)**

❖ *ကျောဖုံးမှ*

ပိုမို အားကောင်းလာနိုင်ကာ ဩဂုတ် ၃၀ ရက်တွင် ဗီယက်နမ်နိုင်ငံမြောက်ပိုင်းကမ်းခြေကို ဖြတ်ကျော်နိုင်သည်ဟု ခန့်မှန်းရသည်။

**သတိပေးနှိုးဆော်ချက်**

အဆိုပါ အပူပိုင်းမုန်တိုင်းငယ်၏အရှိန်ကြောင့် ဩဂုတ် ၃၁ ရက်မှ စက်တင်ဘာ ၃ ရက်အတွင်း နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် နေရာစိပ်စိပ်မှ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး အချို့ဒေသများတွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့၊ မွန်–တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရံဖန်ရံခါ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းကြီးမည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/ မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့၊ မွန်–တနင်္သာရီ ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ၁၀ ပေမှ ၁၂ ပေခန့်ရှိနိုင်သည်။

**အကြံပြုချက်**

သို့ဖြစ်ပါ၍ အပူပိုင်းမုန်တိုင်းငယ်၏ အရှိန်ကြောင့် မိုးသည်းထန်စွာရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်း၊ မိုးသီးကြွေခြင်း၊ လျှပ်တစ်ပြက် ရေကြီးခြင်းနှင့် မြေပြိုခြင်း စသည့်သဘာဝဘေးအန္တရာယ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် အဆိုပါဒေသများရှိ ကုန်းမြင့်ဒေသအနီးတွင် နေထိုင်ကြသူများအနေဖြင့် မြေပြိုမှုအန္တရာယ်၊ မြစ်ငယ်၊ ချောင်းငယ်များအနီးတွင်နေထိုင်ကြသူများအနေဖြင့် ရေကြီး၊ ရေလျှံမှုများကို ကြိုတင်သတိပြုရှောင်ရှားနိုင်ပါရန်နှင့် ပြည်တွင်းရေကြောင်းသွားလာရေး၊ လေကြောင်းပျံသန်းရေးနှင့် ဆည်မြောင်းတာတမံများအနေဖြင့် လိုအပ်သည်များ ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားနိုင်ပါရန် သတိပေးနှိုးဆော်အပ်ပါသည်။

**မိုး/ဇလ**

## MNL-2 (ပထမတန်း) အမှတ်ပေးပြိုင်ပွဲ ပွဲစဉ် (၃) အပြီး ထိပ်ဆုံးနေရာ အပြောင်းအလဲဖြစ်ပေါ်

**ရန်ကုန် ဩဂုတ် ၂၉**

၂၀၂၅–၂၀၂၆ ရာသီ MNL–2 (ပထမတန်း) အမှတ်ပေးပြိုင်ပွဲ ပွဲစဉ် (၃) ကို ဩဂုတ် ၂၈၊ ၂၉ ရက်က ဆက်လက်ကျင်းပရာ မြဝတီ၊ တက္ကသိုလ်နှင့် ရန်ကုန်စီးတီးအသင်း နိုင်ပွဲရရှိခဲ့ပြီး ထိပ်ဆုံးနေရာ အပြောင်းအလဲဖြစ်ပေါ်ခဲ့သည်။

လက်ရှိချန်ပီယံ Chinland အသင်းသည် နှစ်ဂိုးပြတ်ဦးဆောင်ထားနိုင်သလို တစ်ယောက်အသာရပြီးမှ ပွဲပြီးခါနီးတွင် ဂိုးများဆက်တိုက်ပေးလိုက်ရကာ မြဝတီအသင်းကို အရှုံးပေးခဲ့ရပြီး ထိပ်ဆုံးနေရာမှလည်း ဖယ်ပေးခဲ့ရသည်။ တက္ကသိုလ်အသင်းသည် ဂိုးပြတ်နိုင်ပွဲနှင့်အတူ မြဝတီအသင်းနှင့် ရမှတ်တူသော်လည်း ဂိုးကွာခြားချက်အသာဖြင့် ထိပ်ဆုံးနေရာ ရယူနိုင်ခဲ့သည်။ ပွဲစဉ် (၃) တွင် တက္ကသိုလ်အသင်းက YB United အသင်းကို ခုနစ်ဂိုး–သုံးဂိုး၊ မြဝတီအသင်းက လက်ရှိချန်ပီယံ Chinland အသင်းကို သုံးဂိုး–နှစ်ဂိုး၊ ရန်ကုန်စီးတီးအသင်းက ငွေကြယ်ပွင့်အသင်းကို သုံးဂိုး–တစ်ဂိုးဖြင့် အနိုင်ရပြီး Glory Goal အသင်းနှင့် ကချင်ယူနိုက်တက်အသင်း တစ်ဂိုးစီသရေကျခဲ့သည်။

ပွဲစဉ် (၃) အပြီးတွင် တက္ကသိုလ်အသင်းနှင့် မြဝတီအသင်းတို့က ခုနစ်မှတ်စီ၊ Chinland အသင်းနှင့် ရန်ကုန်စီးတီးအသင်းတို့က ခြောက်မှတ်စီ၊ ကချင်ယူနိုက်တက်အသင်းက ငါးမှတ်၊ Glory Goal အသင်းက နှစ်မှတ်ရရှိထားကာ ငွေကြယ်ပွင့်အသင်းနှင့် YB United အသင်းတို့က သုံးပွဲစလုံးရှုံးကာ အမှတ်မရသေးပေ။

**ညီမြတ်သော်တာ**

၂၉ – ၈ – ၂၀၂၅ ရန်ကုန်စတော့အိတ်ချိန်းဈေးကွက် ဘီလီယံ– စုစည်းသည်

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၇၂၀၀ | ၇၁၀၀ | ၂၅၉ | ၁၈၄၂၀၀၀ |
| MTSH | ၃၁၀၀ | ၃၁၀၀ | ၅၆၅၅ | ၁၇၅၃၀၅၀၀ |
| MCB | ၇၄၀၀ | ၇၄၀၀ | ၂ | ၂၂၂၀၀ |
| FPB | ၁၉၀၀ | ၁၉၅၀ | ၃၂၅၂ | ၆၃၂၆၄၀၀ |
| TMH | ၂၆၀၀ | ၂၆၀၀ | ၉၅၁ | ၂၄၇၂၆၀၀ |
| EFR | ၁၈၅၀ | ၁၈၅၀ | ၇ | ၁၂၉၅၀ |
| AMATA | ၃၄၅၀ | ၃၄၅၀ | ၀ | ၀ |
| MAEX | ၃၂၅၀ | ၃၂၀၀ | ၅၀၀ | ၁၆၀၅၅၀၀ |

❑ ကျော့ဖုံးမှ

## ပြည်ထောင်စုလမ်းမကြီးပေါ်ရှိ နောင်ချို–ကျောက်မဲလမ်းပိုင်းအတွင်း သောင်းကျန်းသူများ ခေတ္တစိုးမိုးထားသည့် နေရာများအား တပ်မတော်စစ်ကြောင်းများက ပြန်လည်ထိန်းချုပ်



ထိုသို့ဆောင်ရွက်ခဲ့ရာ နောင်ချိုမြို့နှင့် ကျောက်မဲမြို့အကြား ဂုတ်တွင်းတံတားနှင့် ဂုတ်ထိပ်မီးရထားလမ်းကြားနေရာတစ်ဝိုက်ရှိ မြေပြင်အနေအထားသည် ပေ ၃၀၀ ကျော်နက်ပြီး တစ်ဖက်နှင့်တစ်ဖက် ပေ ၂၀၀၀ ကျော်ဝေးကွာသော သဘာဝအတားအဆီး ချောက်ကမ်းပါးရှိနေပြီး အကြမ်းဖက်သောင်းကျန်းသူများ အနေဖြင့်လည်း အဆိုပါမြေအနေအထားကို အခွင့်ကောင်းယူ၍ ကမ်းပါးတစ်လျှောက် အခိုင်အမာကွန်ကရစ်ဘန်ကာများ တည်ဆောက်ကာ အပေါ်စီးမှ စိုးမိုးနေရာယူ၍ တပ်မတော်စစ်ကြောင်းများ ဆက်လက်ချီတက်နိုင်မှုမရှိစေရန်အတွက် ပစ်ခတ်တိုက်ခိုက်ခြင်းများ ပြုလုပ်ရန် စီမံထားကြောင်း တပ်မတော်စစ်ကြောင်းများက ထောက်လှမ်းသိရှိခဲ့ရသည်။

တပ်မတော်စစ်ကြောင်းများအနေဖြင့် အဆိုပါနေရာများအားဖြတ်ကျော်ရန် နည်းလမ်းမျိုးစုံဖြင့် သက်စွန့်ကြိုးပမ်းဆောင်ရွက်ခဲ့သော်လည်း မြေအနေအထားအရ မိမိဘက်မှ အရေးသာမှုမရှိသည့်အတွက် ရန်သူအား အဆိုပါနေရာတစ်ဝိုက်တွင် ရင်ဆိုင်ထိန်းချုပ်ထားပြီး ကျန်စစ်ကြောင်းများအနေဖြင့် ရန်သူမျှော်လင့်မထားသည့်ဂုတ်ထိပ်တံတားတောင်ဘက် ၈ ကီလိုမီတာခန့်အကွာနေရာမှ တစ်ဆင့် နမ့်ပန်စီချောင်း၏ ချောက်ကမ်းပါးအား ခဲရာခဲဆစ်ဖြတ်ကျော်လျက် နမ့်ပန်စီချောင်း တစ်ဖက်ကမ်းသို့ ခက်ခက်ခဲခဲဖြတ်ကူးကာ ရန်သူနောက်ကျောဖြစ်သည့် နောင်ပိန်ကျေးရွာအား စစ်နည်းဗျူဟာမြောက် မြေပြင်၊ ဝေဟင်ပေါင်းစပ်ပြီး အကြမ်းဖက်သောင်းကျန်းသူများအား လိုက်လံတိုက်ခိုက်ချေမှုန်း၍ နယ်မြေရှင်းလင်းရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့ရာ ၂၀၂၅ ခုနှစ် ဩဂုတ် ၁၉ ရက်တွင် အကြမ်းဖက်သောင်းကျန်းသူများ ခေတ္တစိုးမိုးထားသည့် ခဲတုံကြိုင်ကျေးရွာ၊ ၂၁ ရက်တွင် ကောင်းပိုကျေးရွာ၊ ၂၂ ရက်တွင် ထန်းတပင်ကျေးရွာ၊ ၂၃ ရက်တွင် ပန်တိကျေးရွာ၊ ၂၄ ရက်တွင် နောင်ပိန်ကျေးရွာ၊ ပင်ပေါကျေးရွာနှင့် ဇီးပင်စခန်းကျေးရွာ၊ ၂၅ ရက်တွင် ကျောင်းကုန်းကျေးရွာ၊ ၂၆ ရက်တွင် စန္ဒမုနိကျောင်းတိုက်၊ ၂၇ ရက်တွင် နောင်ပစ်လမ်းခွဲနှင့် ဂုတ်တွင်းတံတား၊ ၂၈ ရက်တွင် ရှူခင်းသာ၊ ယနေ့တွင် ဂုတ်ထိပ်တံတားနှင့် အဆိုပါဒေသတစ်ဝိုက်တို့ကို အဆင့်ဆင့်ပြန်လည်သိမ်းပိုက်ထိန်းချုပ်နိုင်ခဲ့ပြီး စစ်ဆင်ရေးကာလ ၁၂ ရက်အတွင်း အကြမ်းဖက်သောင်းကျန်းသူများနှင့် တိုက်ပွဲကြီး/ငယ် ၄၇ ကြိမ် ဖြစ်ပွားခဲ့ကာ ရန်သူ့အလောင်း ၂၉ လောင်းနှင့် လက်နက်မျိုးစုံ ၂၃ လက်တို့ကို သိမ်းဆည်းရမိခဲ့သည်။

တပ်မတော် စစ်ကြောင်းများသည် အကြမ်းဖက်သောင်းကျန်းသူများအား အခိုင်အမာခံစစ်စခန်းတည်ဆောက်ထားသည့် ဂုတ်တွင်းနှင့် ဂုတ်ထိပ်မီးရထားလမ်းတံတားနေရာတို့အား တိုက်ခိုက်သိမ်းပိုက်နိုင်ရေး ဆောင်ရွက်ခဲ့ရာတွင် သဘာဝအတားအဆီးကို အကာအကွယ်ယူ၍ မြေအနေအထားအသာစီးရယူထားသော အကြမ်းဖက်သောင်းကျန်းသူတို့အား နောင်ချိုမြို့ဘက်ခြမ်း ဂုတ်တွင်းနှင့် ဂုတ်ထိပ် မီးရထားလမ်းတွင်ရှိသော တပ်မတော်စစ်ကြောင်းများအနေဖြင့် ရန်သူအားရင်ဆိုင်ထိန်းချုပ်ထားပြီး ကျန်စစ်ကြောင်းများအနေဖြင့် ရန်သူမျှော်လင့်ထားခြင်းမရှိသောလမ်းကြောင်းမှ ရန်သူ၏နောက်ကျောဖြစ်သည့် နောင်ပိန်ကျေးရွာအား ဦးစွာဝင်ရောက်တိုက်ခိုက်သိမ်းပိုက်ခဲ့ပြီး နောင်ပိန်ကျေးရွာမှတစ်ဆင့် ဂုတ်တွင်းနှင့် ဂုတ်ထိပ်ဒေသတစ်ဝိုက်အား ရန်သူ့နောက်ကျောမှ အဆင့်ဆင့် ပြန်လည်တိုက်ခိုက် သိမ်းပိုက်ခဲ့ခြင်းဖြစ်သည်။

TNLA အကြမ်းဖက်အဖွဲ့နှင့် PDF အမည်ခံအကြမ်းဖက်အဖွဲ့များအနေဖြင့် တပ်မတော်စစ်ကြောင်းများနှင့် တိုက်ပွဲများဖြစ်ပွားစဉ်ကာလအတွင်း ၂၀၂၅ ခုနှစ် ဇူလိုင် ၁၃ ရက်တွင် ရှမ်းပြည်နယ်(မြောက်ပိုင်း) ကျောက်မဲခရိုင် နောင်ချိုမြို့နယ်အပိုင်း မန္တလေး–လားရှိုး–မူဆယ် ပြည်ထောင်စုလမ်းမကြီး မိုင်တိုင်အမှတ် (၇၈/၂–၇၈/၃) အတွင်းတည်ရှိသည့် တံတားအမှတ်(၉/၈၄)၊ သံကူကွန်ကရစ်တံတားအားလည်းကောင်း၊ ၂၀၂၅ ခုနှစ် ဇူလိုင် ၁၅ ရက်တွင် ဂုတ်တွင်းတံတား(အသစ်) နှင့်(အဟောင်း) နေရာနှစ်ခုကို ဒုတိယအကြိမ်မြောက်အဖြစ် လည်းကောင်း၊ ၂၀၂၅ ခုနှစ် ဩဂုတ် ၂၄ ရက်တွင် မြန်မာနိုင်ငံ၏ အထင်ကရအမှတ်အသားနှင့် ကမ္ဘာကျော် ရှေးဟောင်းတံတားတစ်စင်းဖြစ်သည့် ဂုတ်ထိပ်တံတား၏ ကျောက်မဲမြို့ဘက်ခြမ်းရှိ တံတားတိုင်အမှတ် (P – 16)နှင့် ကမ်းကပ်ခုံ (AB – 2) နေရာတို့အကြား ပေ ၆၀ အရှည်ရှိ တံတားသံပေါင်နေရာနှင့် တံတား၏ ကမ်းကပ်ခုံ(AB – 2)တို့အားလည်းကောင်း အကြမ်းဖက်သမားများက ယုတ်မာရိုင်းစိုင်းစွာ မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခဲ့ခြင်းနှင့် နောင်ချို–ကျောက်မဲ လမ်းကြောင်းတစ်လျှောက်၌ လမ်းပန်းဆက်သွယ်ရေးများ အခက်အခဲဖြစ်စေရန်အတွက် အတားအဆီးများပြုလုပ်၍ လမ်းများပိတ်ဆို့ထားခြင်းတို့ကို လုပ်ဆောင်ခဲ့ကြသည်။

ထိုသို့ အကြမ်းဖက်သမားများ လုပ်ဆောင်ခဲ့သည့် လမ်းကြောင်းတစ်လျှောက်ရှိ အတားအဆီးနေရာများနှင့် လမ်းတံတားများအား တပ်မတော်စစ်ကြောင်းများက လူအင်အားနှင့် စက်ယန္တရားများအသုံးပြု၍ ဖယ်ရှားရှင်းလင်းခြင်းများနှင့် ဂုတ်တွင်းတံတားအား အများပြည်သူ ပြန်လည်အသုံးပြုနိုင်ရေးနှင့် ပို့ဆောင်ဆက်သွယ်ရေး အဆင်ပြေချောမွေ့စေရေးအတွက် တပ်မတော်မှ စစ်မြေပြင် အင်ဂျင်နီယာတပ်ဖွဲ့များက ယာယီ သံပေါင်ဘေလီတံတားထိုးခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပြီး လိုအပ်သည့် နယ်မြေရှင်းလင်းရေးလုပ်ငန်းများကို ဆက်လက် ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

သတင်းစဉ်



အကြမ်းဖက်သမားများ ခေတ္တထိန်းချုပ်ခဲ့သည့် ကျောင်းကုန်းကျေးရွာအား တပ်မတော်စစ်ကြောင်းများက ပြန်လည်သိမ်းပိုက်ထိန်းချုပ်မှုကို တွေ့ရစဉ်။



အကြမ်းဖက်သမားများ ခေတ္တထိန်းချုပ်ခဲ့သည့် ဂုတ်ထိပ်ရှုခင်းသာနေရာအား တပ်မတော်စစ်ကြောင်းများက ပြန်လည်သိမ်းပိုက်ထိန်းချုပ်။



အကြမ်းဖက်သမားများ ခေတ္တထိန်းချုပ်ခဲ့သည့် ဇီးပင်ကျေးရွာအား တပ်မတော်စစ်ကြောင်းများက ပြန်လည်သိမ်းပိုက်ထိန်းချုပ်မှုကို တွေ့ရစဉ်။



အကြမ်းဖက်သမားများ ခေတ္တထိန်းချုပ်ခဲ့သည့် နောင်ချိုမြို့နယ် နောင်ပိန်ကျေးရွာအား တပ်မတော်စစ်ကြောင်းများက ပြန်လည်သိမ်းပိုက်ထိန်းချုပ်မှုကို တွေ့ရစဉ်။



အကြမ်းဖက်သမားများ ခေတ္တထိန်းချုပ်ခဲ့သည့် ဂုတ်ထိပ်တံတားအား တပ်မတော်စစ်ကြောင်းများက ပြန်လည်သိမ်းပိုက်ထိန်းချုပ်။





အကြမ်းဖက်သမားများက ဂုတ်ထိပ်တံတားအား မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခဲ့စဉ်။




အကြမ်းဖက်သမားများက ဂုတ်တွင်းတံတားအား မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခဲ့စဉ်။

## အမေရိကန်ဒေါ်လာ ၇ ဒသမ ၅ ဘီလီယံတန် ရင်းနှီးမြှုပ်နှံမှု အစီအစဉ်ကို အီဂျစ်နှင့်ကာတာနိုင်ငံတို့ ဆွေးနွေး

**ကိုင်ရို ဩဂုတ် ၂၉**

အီဂျစ်ဝန်ကြီးချုပ် မိုစတာဖာ မက်ဘူလီနှင့် ကာတာဝန်ကြီးချုပ် ရှိတ်ခ်မိုဟာမက်ဘင် အဗ္ဗဒူရာမင် အယ်သာနီတို့သည် အီဂျစ်နိုင်ငံ နယူးအယ်လာမိန်းမြို့တွင် ဩဂုတ် ၂၈ ရက်က တွေ့ဆုံကြပြီး အမေရိကန်ဒေါ်လာ ၇ ဒသမ ၅ ဘီလီယံတန်ကြေးရှိ ကာတာ၏ ရင်းနှီးမြှုပ်နှံမှု အစီအစဉ်ကို ဆွေးနွေးခဲ့ကြသည်။



အီဂျစ်ဝန်ကြီးချုပ် မိုစတာဖာမက်ဘူလီနှင့် ကာတာဝန်ကြီးချုပ် ရှိတ်ခ်မိုဟာမက်ဘင်အဗ္ဗဒူရာမင် အယ်သာနီ။

အီဂျစ် ဝန်ကြီးချုပ်သည် ကာတာ စီးပွားရေးအသိုင်းအဝိုင်းနှင့် ဆက်သွယ်မှုကို ဆက်လက်ထိန်းသိမ်းထားရန်နှင့် အီဂျစ်နိုင်ငံတွင် ကာတာ၏ ရင်းနှီးမြှုပ်နှံမှုများကို အပြည့်အဝ ပံ့ပိုးမှုပေးရန် ကတိကဝတ်ကို ထပ်မံအတည်ပြုခဲ့ကြောင်း အစိုးရထုတ်ပြန်ချက်အရ သိရသည်။

ကာတာဝန်ကြီးချုပ်ကလည်း နှစ်နိုင်ငံဆက်ဆံရေး တိုးမြှင့်ရန်နှင့် နှစ်နိုင်ငံပြည်သူများ၏ ရည်မှန်းချက်နှင့် ကိုက်ညီသည့် ရင်းနှီးမြှုပ်နှံမှု စီမံကိန်းများတွင် မြှင့်တင်ရန် ကတိကဝတ်ကို ထပ်လောင်းအတည်ပြုခဲ့သည်။

ရင်းနှီးမြှုပ်နှံမှု အစီအစဉ်များမှာ ကျန်းမာရေး၊ ပညာရေး၊ အိမ်ခြံမြေ၊ အစားအသောက် လုံခြုံစိတ်ချရရေးနှင့် ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်တို့တွင် အဓိကရည်မှန်းထား ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အီဂျစ်နိုင်ငံခြားရေးဝန်ကြီး ဘာဒါအဗ္ဗဒယ်လာတီက အီဂျစ်နိုင်ငံ၏ အိတ်စထွာ နယူးစ်ချန်နယ်နှင့် ဩဂုတ် ၂၈ ရက်က ပြုလုပ်သည့် အင်တာဗျူးတွင် ဖြေကြားခဲ့သည်။

ဆင်ဟွာ

## ထရမ့်က စီဒီစီညွှန်ကြားရေးမှူးကို ရာထူးခန့်အပ်ပြီး တစ်လမပြည့်မီ ရာထူးမှထုတ်ပယ်

**ဝါရှင်တန် ဩဂုတ် ၂၉**

အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်သည် အမေရိကန် ရောဂါထိန်းချုပ်ရေးနှင့် ကာကွယ်ရေးစင်တာ (စီဒီစီ) မှ ညွှန်ကြားရေးမှူးကို ရာထူးခန့်အပ်ပြီး တစ်လမပြည့်မီ ရာထူးမှ ထုတ်ပယ်ခဲ့သည်ဟု သိရသည်။

ဇူလိုင် ၃၁ ရက်တွင် ဆူဇန် မိုနာရက်ဇ်ကို စီဒီစီညွှန်ကြားရေးမှူးအဖြစ် ခန့်အပ်ခဲ့သည်။ ထိုစဉ်က ကျန်းမာရေးနှင့် လူသားဝန်ဆောင်မှုဆိုင်ရာ အတွင်းရေးမှူး ရောဘတ်အက်ဖ်ကနေဒီဂျူနီယာက ၎င်းကို ပြည်သူ့ကျန်းမာရေး ကျွမ်းကျင်သူအဖြစ် မိတ်ဆက်ပေးခဲ့သည်။

သို့သော်လည်း ထရမ့်က ဩဂုတ် ၂၇ ရက်တွင် ၎င်းကို ရာထူးမှ ထုတ်ပယ်ခဲ့သည်။ ၎င်းသည် အမေရိကန်၏ ကျန်းမာရေးပြန်လည်ကောင်းမွန်လာရေးအတွက် လုပ်ငန်းတာဝန်များနှင့် လိုက်လျောညီထွေမှုမရှိဟု အိမ်ဖြူတော်သတင်းထုတ်ပြန်ရေး အကြီးအကဲ ကာရိုလိုင်းလီဗစ်က ပြောသည်။

ဇူလိုင် ၃၁ ရက်တွင် စီဒီစီအကြီးအကဲအဖြစ် တာဝန်စတင်ထမ်းဆောင်ခဲ့သည့်မိုနာရက်ဇ်သည် အေဂျင်စီသက်တမ်းတစ်လျှောက် တာဝန်ထမ်းဆောင်ချိန် သက်တမ်းအတိုဆုံး စီဒီစီညွှန်ကြားရေးမှူးဖြစ်လာခဲ့သည်။

ကျန်းမာရေးနှင့် လူသားဝန်ဆောင်မှုဌာနမှ ဒုတိယအကြီးအကဲကို ယာယီစီဒီစီညွှန်ကြားရေးမှူးအဖြစ် ခန့်အပ်ထားကြောင်း အိမ်ဖြူတော်က အင်န်အိတ်ချ်ကေသို့ ပြောသည်။

အင်န်အိတ်ချ်ကေ



## အာဖဂန်မိသားစု ၃၀၀၀ နီးပါး တစ်ရက်အတွင်း ဌာနေသို့ ပြန်လာ

**ကဘူးလ် ဩဂုတ် ၂၉**

အီရန်နှင့် ပါကစ္စတန်နိုင်ငံတို့မှ အာဖဂန်ဒုက္ခသည် မိသားစု စုစုပေါင်း ၂၈၄၄ စုမှ လူပေါင်း ၁၃၆၆၂ ဦးမှာ အာဖဂန်နစ္စတန်နိုင်ငံသို့ ဩဂုတ် ၂၈ ရက်က ပြန်လာကြောင်း ပြည်တော်ပြန်အခက်အခဲများ ဖြေရှင်းရေးဆိုင်ရာ အာဖဂန်နစ္စတန်နိုင်ငံ၏ အဆင့်မြင့်ကော်မရှင်က ဩဂုတ် ၂၉ ရက်တွင် ကြေညာသည်။

### နယ်စပ်ဖြတ်ကျော်

အနောက်ပိုင်း ဟာရတ်ပြည်နယ်အတွင်း အစ်လမ်ကာလာ နယ်စပ်ဖြတ်ကျော်နေရာ၊ အရှေ့ပိုင်း နန်ဂါဟာပြည်နယ်အတွင်း တော်ခမ်းနယ်စပ်ဖြတ်ကျော်နေရာ၊ တောင်ပိုင်း ကန်ဒါဟာပြည်နယ်အတွင်း စပင် ဘော်ဒတ်နယ်စပ်ဖြတ်ကျော်နေရာ၊ အနောက်ပိုင်း နင်မ်ရော့ဇ်ပြည်နယ် အဘာရီရှန်နယ်စပ်ဖြတ်ကျော်နေရာတို့မှတစ်ဆင့် အာဖဂန်နစ္စတန်နိုင်ငံသို့ ပြန်လာခဲ့ကြောင်း အဆိုပါကော်မရှင်က ပြောကြားသည်။

### ၂ ဒသမ ၃ သန်းကျော် ပြန်လာ

၂၀၂၅ ခုနှစ်အတွင်း ယခုအချိန်အထိ အဆိုပါနိုင်ငံတို့မှ ၎င်းတို့မွေးရပ်ဌာနေသို့ အာဖဂန်ဒုက္ခသည် ၂ ဒသမ ၃ သန်းကျော် ပြန်လာခဲ့ကြောင်း ကုလသမဂ္ဂ ဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံးက ဩဂုတ် ၂၈ ရက်က ထုတ်ပြန်ထားသည်။

### ခြောက်သန်းခန့် ပြည်ပ၌နေထိုင်

အထောက်အထားမဲ့အာဖဂန်ဒုက္ခသည် ခြောက်သန်းဝန်းကျင်မှာ လက်ရှိတွင် ပြည်ပ၌နေထိုင်လျက်ရှိပြီး အများစုမှာ အီရန်နှင့် ပါကစ္စတန်နိုင်ငံတို့တွင် နေထိုင်ကြောင်း ဒုက္ခသည်များနှင့် နေရပ်ပြန်ပို့ရေးဝန်ကြီးဌာနက ဇူလိုင်လနှောင်းပိုင်းက သတင်းထုတ်ပြန်ထားသည်။

ဆင်ဟွာ

## အစ္စရေး၌ ဝက်သက်ရောဂါ ကူးစက်မှုအသစ် ၁၅၂ ဦး ရှိပြီး ကူးစက်ခံရသူစုစုပေါင်း ၇၇၀ အထိရှိလာ

**ဂျေရုဆလင် ဩဂုတ် ၂၉**

အစ္စရေးနိုင်ငံ၌ ဩဂုတ် ၂၈ ရက်တွင် ဝက်သက်ရောဂါကူးစက်ခံရသူ ၁၅၂ ဦး ထပ်မံတွေ့ရှိခဲ့ပြီး ဧပြီလအစောပိုင်း ဝက်သက်ရောဂါစတင်ဖြစ်ပွားသည့် အချိန်မှစတင်၍ နိုင်ငံအတွင်း ကူးစက်ခံရသူစုစုပေါင်းမှာ ၇၇၀ အထိ ရှိလာကြောင်း အစ္စရေးကျန်းမာရေးဝန်ကြီးဌာနက ပြောသည်။

လူပေါင်း ၁၅၅၀ မှ ၂၇၅၀ အထိ ကူးစက်နိုင်ကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ခန့်မှန်းထားသည်။ လက်ရှိတွင် ဝက်သက်ရောဂါ ဖြစ်ပွားနေသည့် လူနာ ၂၂၈ ဦးရှိပြီး ဆေးရုံတက်၍ ကုသမှုခံယူရသူ ၂၄ ဦးရှိကာ ကူးစက်ခံရသူအများစုမှာ အသက်ခြောက်နှစ်အောက် ကလေးများဟု သိရသည်။

လူနာနှစ်ဦးမှာ အထူးကြပ်မတ်ကုသဆောင်၌ ကုသမှုခံယူနေရသည်။ ဝက်သက်ရောဂါဖြစ်ပွားမှုကြောင့် ကာကွယ်ဆေးမထိုးရသေးသည့် အသက် ၁၈ လနှင့် နှစ်နှစ်အရွယ် ကလေးနှစ်ဦး အသက်ဆုံးရှုံးခဲ့ရသည်။

မေလအတွင်းက ကျန်းမာရေးဝန်ကြီးဌာနသည် တစ်နိုင်ငံလုံးအနှံ့ ဝက်သက်ရောဂါ ကာကွယ်ဆေးပေးသည့် လှုပ်ရှားမှုလုပ်ဆောင်ခဲ့သည်။ ထိုအချိန်မှစ၍ ကာကွယ်ဆေးအလုံးရေ ၁၁၅၀၀၀ ထိုးနှံပေးပြီးဖြစ်သည်။



ဝက်သက်ရောဂါသည် ကူးစက်မှုမြင့်မားသည့် ဗိုင်းရပ်စ်ရောဂါဖြစ်ပြီး အများအားဖြင့် အဖျားတက်ခြင်း၊ ပင်ပန်းနွမ်းနယ်ခြင်း၊ နှာရည်ယိုခြင်း၊ အဖုအပိမ့်များထွက်ခြင်း အစရှိသည့် လက္ခဏာများ ဖြစ်ပေါ်သည်။

ပြင်းထန်သည့် နောက်ဆက်တွဲပြဿနာဖြစ်နိုင်ပြီး တစ်ခါတစ်ရံ အသက်ဆုံးရှုံးနိုင်သည်အထိ ဖြစ်စေနိုင်သည်။

ဆင်ဟွာ

## ဂျပန်နိုင်ငံ၌ ပြင်းထန်သည့်အပူချိန် ဆက်လက်ဖြစ်ပေါ်မည်ဟု ခန့်မှန်းထား

**တိုကျို ဩဂုတ် ၂၉**

ဂျပန်နိုင်ငံ ဒေသအများအပြား၌ ဩဂုတ် ၂၉ ရက်တွင် အပူချိန် ၃၅ ဒီဂရီဆဲလ်စီးယပ်ကျော် ရှိလာပြီးနောက် ဩဂုတ် ၃၀ နှင့် ၃၁ ရက်ကျော်အတွင်း အပူချိန်မြင့်တက်လာမည်ဟု ခန့်မှန်းထားကြောင်း ဂျပန်မိုးလေဝသ အာဏာပိုင်များက သတိပေးထားသည်။

ဩဂုတ် ၃၀ ရက်တွင် တိုကျိုအနီး ဆာအိတာမာပြည်နယ်အတွင်းရှိ ခုမာဂါယာမြို့၌ နေ့ဘက်အပူချိန် ၄၀ ဒီဂရီ ရောက်ရှိလာမည်ဟု ဂျပန်မိုးလေဝသ အေဂျင်စီက ခန့်မှန်းထားသည်။



ဂျပန်မိုးလေဝသ အေဂျင်စီ (ဂျေအမ်အေ)က နိုင်ငံ၏ပြည်နယ် ၄၇ ခုအနက် ကန်တိုမှ ကျူရှူးအထိ ပြည်နယ် ၂၂ ခုတွင် အပူလျှပ်ခြင်းဆိုင်ရာ သတိပေးချက် ထုတ်ပြန်ထားသည်။

ကန်တို-ကိုရှင်းမှ ကင်ကိအထိ ဒေသအများအပြားတွင် ဩဂုတ် ၃၁ ရက်အတွင်း အန္တရာယ်ရှိသောအပူလှိုင်းမှာ ဆက်လက်ဖြစ်ပေါ်မည်ဟု ခန့်မှန်းထားပြီး ကျိုတိုနှင့် နာဂိုယာတို့တွင် အပူချိန် ၃၉ ဒီဂရီရှိလာနိုင်သည်ဟု ခန့်မှန်းထားသည်။

စက်တင်ဘာ ၅ ရက်အထိ ဂျပန်နိုင်ငံအရှေ့ပိုင်းနှင့် အနောက်ပိုင်း ဒေသအချို့၌ နေ့အပူချိန်မှာ ၃၅ ဒီဂရီရှိလာနိုင်သည်ဟု အေဂျင်စီက ခန့်မှန်းထားသည်။

အင်န်အိတ်ချ်ကေ၊ ဆင်ဟွာ

# ပညာရည်မြှင့်တင်ရေးအလုပ်ရုံဆွေးနွေးပွဲကျင်းပ



**နေပြည်တော်  ဩဂုတ်  ၂၉**

ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)၊ ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံး ကွပ်ကဲမှုအောက်ရှိ ပညာရေးကျောင်းများ၏ ပညာရည်မြှင့်တင်ရေးအလုပ်ရုံ ဆွေးနွေးပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ဇေယျာသီရိမြို့နယ် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း(နေပြည်တော်)ရှိ ခန်းမ၌ပြုလုပ်ရာ ပြည်သူ့ဆက်ဆံရေးနှင့်စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံး ညွှန်ကြားရေးမှူး ဗိုလ်ချုပ်ဇော်မင်းထွန်းနှင့် တာဝန်ရှိသူများ၊ ပညာရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများ၊ တပ်မတော်ပညာရေးကျောင်းများမှ ကျောင်းအုပ်ကြီးများ၊ တပ်မတော်အခြေခံပညာကျောင်းများမှ ကျောင်းအုပ်ချုပ်မှုတာဝန်ခံအရာရှိများ၊ ဆရာ ဆရာမများနှင့်တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံး ညွှန်ကြားရေးမှူး ဗိုလ်ချုပ်ဇော်မင်းထွန်းက တပ်မတော်ပညာရေးကျောင်းများ ပညာရည်တိုးတက်မြင့်မားရေးနှင့် ပတ်သက်၍ လိုအပ်သည့် အချက်အလက်များနှင့်စပ်လျဉ်း၍ အမှာစကားပြောကြားသည်။ ထို့နောက် ပညာရေးဝန်ကြီးဌာန အခြေခံပညာဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာ စိုးမြင့်ထွန်းက နှုတ်ခွန်းဆက် အမှာစကား ပြောကြားသည်။

ထို့နောက် အလုပ်ရုံဆွေးနွေးပွဲကို ဆက်လက်ပြုလုပ်ရာ ပညာရေးဝန်ကြီးဌာနမှ ဆရာ၊ ဆရာမများနှင့် တက်ရောက်လာကြသည့် တာဝန်ရှိသူများက စာသင်ခန်းအတွင်း ကောင်းမွန်သောစီမံခန့်ခွဲမှု (Classroom Managament) နှင့် ထိရောက်သော သင်ကြား/သင်ယူမှုများ ဖြစ်ပေါ်စေရေး လှုံ့ဆော်ဆောင်ရွက်ပေးခြင်း (Classroom Motivation) ဆောင်ရွက်ပေးနိုင်မည့် အခြေအနေများ၊ ကျောင်းပြင်ပ ပညာရေးကဏ္ဍ၏ အခြေခံစာတတ်မြောက်ရေးနှင့် စဉ်ဆက်ပညာရေးဆိုင်ရာ ကိစ္စရပ်များနှင့် ပတ်သက်၍ တပ်မတော်သား မိသားစုဝင်များ ဖြစ်ကြသည့် အိမ်ထောင်သည်ရဲမေများအတွက် ဆောင်ရွက်ပေးနိုင်မည့် အခြေအနေများ၊ ကျောင်းကျန်းမာရေး လုပ်ငန်းစဉ်များနှင့်ပတ်သက်၍ တိုင်းစစ်ဌာနချုပ်များ၊ ခြေမြန်တပ်မဌာနချုပ်များ၊ ဒေသကွပ်ကဲမှု စစ်ဌာနချုပ်များမှ တပ်မတော်အခြေခံပညာကျောင်းများအတွက် လုပ်ဆောင်ပေးနိုင်သော အခြေအနေများ၊ အခြေခံပညာကျောင်းများတွင် ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာကြည့်တိုက်အခြေပြုလုပ်ငန်းများ ရှင်သန်သက်ဝင်စေရေး ဆောင်ရွက်ထားရှိမှုအခြေအနေများ၊ စက်မှု၊ စိုက်ပျိုး/မွေးမြူရေးဆိုင်ရာ သက်မွေးပညာရပ်များကို တပ်မတော်သားမိသားစုဝင် မှီခိုသူ သား/သမီးများ ပိုမို တက်ရောက်နိုင်ရေး တိုးချဲ့ဖွင့်လှစ်မည့် အခြေအနေများ၊ အခြေခံပညာကျောင်းများမှ အထက်တန်းအဆင့် ကျောင်းသား ကျောင်းသူများအား အနာဂတ်နိုင်ငံတော်အတွက် အကျိုးဖြစ်ထွန်းစေမည့် ဥပဒေပိုင်းဆိုင်ရာ အခြေခံအသိအမြင်များကို သင်ကြားပို့ချပေးနိုင်ရေး ဆောင်ရွက်ထားရှိမှု အခြေအနေများ၊ အခြေခံပညာရေးကဏ္ဍမှ ပညာရေးဝန်ထမ်း ဆရာ ဆရာမများ၏ ဘာသာရပ်ကျွမ်းကျင်မှုနှင့် သင်ကြားပို့ချမှုစွမ်းရည်များ မြင့်မားလာစေရန်အတွက် မွမ်းမံသင်တန်းများပို့ချခြင်း၊ ကျောင်းနေအရွယ်ကလေးအားလုံး ပညာသင်ကြားနိုင်ရေး ဒေသဆိုင်ရာအုပ်ချုပ်ရေးအဖွဲ့အစည်းများ၊ ဆရာ ဆရာမများ၊ မိဘများ၊ ရပ်မိရပ်ဖများ ပူးပေါင်းလှုံ့ဆော်ခြင်း၊ စည်းရုံးခြင်း၊ အားပေးပံ့ပိုးခြင်းစသည့် နည်းလမ်းများဖြင့် ဝိုင်းဝန်းအကောင်အထည်ဖော် ဆောင်ရွက်ရမည့် အခြေအနေများနှင့်ပတ်သက်၍ သက်ဆိုင်ရာ ခေါင်းစဉ်များအလိုက် အသီးသီးဆွေးနွေးခဲ့ကြသည်။

အခမ်းအနားအပြီးတွင် ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံး ညွှန်ကြားရေးမှူး ဗိုလ်ချုပ်ဇော်မင်းထွန်းက တက်ရောက်လာကြသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## တရားမဝင် လူသုံးကုန်ပစ္စည်းများ၊ လုပ်ငန်းသုံးပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများ၊ လိုင်စင်မဲ့မော်တော်ယာဉ်များ၊ လိုင်စင်မဲ့မော်တော်ဆိုင်ကယ်များနှင့် တရားမဝင်ကုန်ပစ္စည်းတင် မော်တော်ယာဉ်များ ဖမ်းဆီးရမိ

**နေပြည်တော်  ဩဂုတ်  ၂၉**

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ဩဂုတ် ၂၈ ရက်တွင် ကချင်ပြည်နယ် တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မိုးညှင်းမြို့နယ်အတွင်း၌ လိုင်စင်မဲ့ မော်တော်ယာဉ် ရှစ်စီးနှင့် လိုင်စင်မဲ့မော်တော်ဆိုင်ကယ်နှစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၇၃၆၀၀၀၀၀) ကို ပို့ကုန်သွင်းကုန် ဥပဒေအရလည်းကောင်း၊ မိုးညှင်းမြို့နယ် နန့်ပုတ်ကျေးရွာအနီး၌ တရားမဝင် စက်သုံးဆီ ဒီဇယ်ဆီ ၁၈၇ ဂါလန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၃၂၄၀၀၀) ကို ရေနံနှင့်ရေနံထွက်ပစ္စည်းဆိုင်ရာ ဥပဒေအရလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၇၈၉၂၄၀၀၀ ကို ဖမ်းဆီးအရေးယူ ဆောင်ရွက်လျက်ရှိသည်။

ထို့အပြင် ဩဂုတ် ၂၆ ရက်တွင် ကရင်ပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ဘားအံမြို့နယ် ဝါးဘိုးတော-ကမာမောင်းလမ်းဆုံအနီး၌ မော်တော်ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် စားသောက်ကုန်ပစ္စည်း လေးမျိုး၊ လူသုံးကုန်ပစ္စည်း နှစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၉၅၁၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Mazda Bongo တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၀၀၀၀၀၀)ကိုလည်းကောင်း၊ ဘားအံမြို့ အမှတ်(၄)ရပ်ကွက် သီရိကွင်း၌မော်တော်ယာဉ် ငါးစီးပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း ၇၁ မျိုး၊ လူသုံးကုန်ပစ္စည်း ၃၄ မျိုး၊ စားသောက်ကုန်ပစ္စည်း တစ်မျိုး (ခန့်မှန်းတန်ဖိုး ငွေကျပ် ၇၄၃၁၇၈၃၇၉) နှင့် အဆိုပါ ပစ္စည်းများ တင်ဆောင်လာသည့် Nissan Diesel Truck တစ်စီး၊ Mitsubishi Fuso Truck တစ်စီး၊ Hino TE Truck တစ်စီး၊ Hino Profia Truck တစ်စီး Volvo Tractor Head တစ်စီး၊ Howo Sino Tractor Head တစ်စီးနှင့် နောက်တွဲယာဉ် နှစ်တွဲ (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၅၅၀၀၀၀၀၀) ကိုလည်းကောင်း၊ ဘားအံမြို့ သာယာကုန်းကျေးရွာအနီး၌ မော်တော်ယာဉ်တစ်စီးပေါ်မှ တရားဝင် စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း ၁၈ မျိုး၊ လူသုံးကုန်ပစ္စည်း လေးမျိုး၊ စားသောက်ကုန်ပစ္စည်း ခြောက်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၁၀၉၃၅၆၈၇) နှင့် အဆိုပါ ပစ္စည်းများ တင်ဆောင်လာသည့် Mitsubishi Fuso Truck တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၅၀၀၀၀၀၀) ကိုလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၁၁၅၇၀၆၅၀၆၆ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ ဩဂုတ် ၂၅ ရက်တွင် မွန်ပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ပေါင်မြို့နယ် သဲဖြူကုန်းကျေးရွာ၌ မော်တော်ယာဉ် ကိုးစီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်း မရှိသည့် လုပ်ငန်းသုံးပစ္စည်း ၂၆ မျိုး၊ လူသုံးကုန်ပစ္စည်း ၂၄ မျိုး၊ စားသောက်ကုန်ပစ္စည်းငါးမျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၂၉၇၈၈၅၃၀၀)၊ အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Hino Truck နှစ်စီး၊ Isuzu Giga Tractor Head နှစ်စီး၊ Volvo Tractor Head တစ်စီး၊ Mitsubishi Fuso Tractor Head တစ်စီး၊ Hino Tractor Head တစ်စီး၊ Nissan Diesel Tractor Head နှစ်စီးနှင့် နောက်တွဲယာဉ် ခုနစ်တွဲ (ခန့်မှန်းတန်ဖိုး ငွေကျပ် ၇၄၀၀၀၀၀၀၀) နှင့် မော်လမြိုင်မြို့နယ်အတွင်း၌ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်း မရှိသည့် စားသောက်ကုန်ပစ္စည်း ၁၄ မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၅၂၉၀၀၀၀) နှင့် ပေါင်မြို့နယ် သဲဖြူကုန်းကျေးရွာ၌ အကောက်ခွန်မဲ့ ကုန်ပစ္စည်းများ တင်ဆောင်လာသည့် မော်တော်ယာဉ် ခြောက်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၃၅၀၀၀၀၀၀) တို့ကို အကောက်ခွန်လုပ်ထုံးလုပ်နည်းများအရလည်းကောင်း၊ မော်လမြိုင်ခရိုင်နှင့် သထုံခရိုင်တို့အတွင်း၌ လိုင်စင်မဲ့ မော်တော်ယာဉ်တစ်စီးနှင့် လိုင်စင်မဲ့မော်တော်ဆိုင်ကယ် ၁၉ စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၆၀၀၀၀၀၀) ကို ပို့ကုန်သွင်းကုန် ဥပဒေအရ လည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၂၆၀၄၁၇၅၃၀၀ ကို ဖမ်းဆီးအရေးယူ ဆောင်ရွက်လျက်ရှိသည်။

အလားတူ ဩဂုတ် ၂၅ ရက်တွင် ရှမ်းပြည်နယ်တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ဟိုပုံးတပ်နယ်အတွင်း၌ မော်တော်ယာဉ် ရှစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်း ၁၂ မျိုး၊ စားသောက်ကုန်ပစ္စည်း လေးမျိုး၊ လုပ်ငန်းသုံးပစ္စည်း နှစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၀၄၂၂၀၀၀) နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Toyota Alphard သုံးစီး၊ Mitsubishi Canter တစ်စီး၊ Faw Tiger Truck တစ်စီး၊ Hino Truck တစ်စီး၊ Hino Ranger Truck တစ်စီး၊ Toyota Wish တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၁၀၀၀၀၀၀၀) ကိုလည်းကောင်း၊ အေးသာယာမြို့နယ် အမှတ် (၃) ရပ်ကွက်၌ မော်တော်ယာဉ် နှစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် စားသောက်ကုန်ပစ္စည်း သုံးမျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၁၆၆၄၀၀၀) နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Mitsubishi Fuso Truck တစ်စီး၊ Nissan Diesel Truck တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၈၀၀၀၀၀၀၀) ကိုလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၄၀၂၀၈၆၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် ဩဂုတ် ၂၇ ရက်တွင် စစ်ကိုင်းတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ စစ်ကိုင်းမြို့ ရတနာပုံတံတားပူးပေါင်းစစ်ဆေးရေးဂိတ်၌ လိုင်စင်မဲ့ မော်တော်ယာဉ် တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၀၀၀၀၀၀၀) ကို ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ ဩဂုတ် ၂၆ ရက်တွင် မကွေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မင်းဘူးမြို့နယ်၊ သရက်မြို့နယ်နှင့် ပခုက္ကူမြို့နယ်တို့၌ လိုင်စင်မဲ့ မော်တော်ဆိုင်ကယ်လေးစီး (ခန့်မှန်းတန်ဖိုး ငွေကျပ် ၁၂၉၀၀၀၀)ကို ပို့ကုန်သွင်းကုန်ဥပဒေအရလည်းကောင်း၊ ကံမမြို့နယ်၌ တရားမဝင် လောင်းကစားပြုလုပ်ရာတွင် အသုံးပြုသည့် လက်ကိုင်ဖုန်းတစ်လုံးနှင့် ငွေစက္ကူရောရာ (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၂၆၇၀၀) ကို လောင်းကစားဥပဒေအရလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၁၆၁၆၇၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။ အလားတူ ဩဂုတ် ၂၇ ရက်တွင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ရွှာငံခရိုင် မြို့ကြီးအနီး၌ လူသုံးကုန်ပစ္စည်း ၃၈ မျိုး၊ စားသောက်ကုန်ပစ္စည်း ၁၂ မျိုး၊ လုပ်ငန်းသုံးပစ္စည်းတစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၅၄၁၁၇၂၄၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Super Mandalar Truck တစ်စီး၊ YNG–MT–201A Truck တစ်စီး၊ Nissan Diesel Truck တစ်စီး၊ Mitsubishi Fuso Bus တစ်စီး၊ Hino Profia Tractor Head တစ်စီး၊ Cheng Long Tractor Head တစ်စီး၊ Shacman Tractor Head တစ်စီးနှင့် နောက်တွဲယာဉ် သုံးတွဲ (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၅၈၀၀၀၀၀၀) ကိုလည်းကောင်း၊ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်းရှစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၆၁၄၀၀၀)ကို လည်းကောင်း၊ ညောင်ခါးရှည်အမြဲတမ်း စစ်ဆေးရေးစခန်း၌ မော်တော်ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်း မရှိသည့် လူသုံးကုန်ပစ္စည်း တစ်မျိုး၊ စားသောက်ကုန်ပစ္စည်း တစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၈၀၀၀၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Mitsubishi Fuso Bus တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၅၀၀၀၀၀၀) ကိုလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၆၈၇၃၁၂၄၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

၂၀၂၅ ခုနှစ် ဩဂုတ် ၂၉ ရက်တွင် မွန်ပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီးတို့မှ မူးယစ်ဆေးဝါးမျိုးစုံ (၆) မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၇၃၀၃၉၇၁) ကို ဖမ်းဆီးရမိခဲ့သည်။

ယင်းအပြင် ဩဂုတ် ၂၈ ရက်တွင် ပြည်ထဲရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ ဖမ်းဆီးရမိမှု စာရင်းများအရ လိုင်စင်မဲ့မော်တော်ယာဉ်ငါးစီးနှင့် လိုင်စင်မဲ့မော်တော်ဆိုင်ကယ် ၃၁ စီး ဖမ်းဆီးရမိခဲ့ပြီး သက်ဆိုင်ရာလုပ်ထုံးလုပ်နည်း၊ ဥပဒေများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

၂၀၂၅ ခုနှစ် ဩဂုတ် ၂၅ ရက်၊ ၂၆ ရက်၊ ၂၇ ရက်နှင့် ၂၈ ရက်တို့တွင် ဖမ်းဆီးရမိမှု စုစုပေါင်းမှာ အမှုတွဲ (၁၃၉)မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၃၄၉၉၀၂၂၇၇) ကို ဖမ်းဆီးရမိခဲ့သည်။ တရားမဝင် တင်သွင်းမှုများကြောင့် သွင်းကုန်အစားထိုး ပြည်တွင်းကုန်ထုတ်လုပ်မှု လုပ်ငန်းများနှင့် စက်မှုဇုန်များရှိ အသေးစား၊ အလတ်စားလုပ်ငန်းများကို ထိခိုက်နစ်နာမှုများ ဖြစ်ပေါ်စေပြီး နိုင်ငံ၏ စီးပွားရေးဦးတည်ချက်များကိုပါ ထိခိုက်စေနိုင်သည်။ သို့ဖြစ်၍ ၎င်းတရားမဝင်တင်သွင်းမှုများအား သက်ဆိုင်ရာတာဝန်ရှိသူများက ယခုထက်ပိုမို၍ တားဆီးစစ်ဆေးကြပ်မတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီမှ သိရသည်။ **သတင်းစဉ်**

# မိုးကောင်းမြို့နယ်၌ နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေ ကျပ်သိန်း ၃၄၀၀ ပေးအပ်



**မိုးကောင်း ဩဂုတ် ၂၉**

ကချင်ပြည်နယ် မိုးကောင်းမြို့နယ် ၂၀၂၅-၂၀၂၆ ခုနှစ် နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေ (တတိယနှစ်စက်ဝန်း)ဖြင့် စိုက်ပျိုးရေးလုပ်ငန်းများ ဆောင်ရွက်သည့် တောင်သူများထံသို့မတည်ချေးငွေပေးအပ်ပွဲ အခမ်းအနားကိုမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ဩဂုတ် ၂၈ ရက်က ကျင်းပရာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကောင်မတီဥက္ကဋ္ဌ ဦးသီဟဇော်က အမှာစကားပြောကြားပြီး မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးအရာရှိ ဦးထွေးလှိုင်က ချေးငွေပေးအပ်ခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက အင်ကြင်းကုန်း၊ ပင်းကြိုင်း၊ မန်ရွက်နှင့် သိုက်ဝါးကုန်းကျေးရွာနေတောင်သူများအား မတည်ချေးငွေ တစ်ရွာလျှင် ကျပ်သိန်း ၆၀၀၊ အုန်းဘောင်ကျေးရွာနှင့် ထီးချိုင့်ကျေးရွာနေ တောင်သူများအား စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်ရန်အတွက် မတည်ချေးငွေ တစ်ရွာလျှင် ကျပ်သိန်း ၄၀၀ နှင့် ရှမ်းရွာသစ်ရပ်ကွက်နေတောင်သူများအား ကျပ်သိန်း ၂၀၀ ဖြင့် နိုင်ငံ့စီးပွားမြှင့်တင်ရေး ရန်ပုံငွေ စုစုပေါင်း ငွေကျပ်သိန်း ၃၄၀၀ ကို ပေးအပ်ခဲ့ကြောင်း သိရသည်။

**သန်းလွင်ဦး(ပြန်/ဆက်)**

## ရွှေသွေးဂျာနယ်ထွက်ရှိ




**နေပြည်တော် ဩဂုတ် ၂၉**

ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန စာပေဗိမာန်ရုံးက အပတ်စဉ် စနေနေ့တိုင်း ရွှေသွေးဂျာနယ်ကို ထုတ်ဝေဖြန့်ချိလျက်ရှိသည်။

၃၀ - ၈ - ၂၀၂၅ ရက် (စနေနေ့) တွင် ထွက်ရှိမည့် ရွှေသွေးဂျာနယ် အတွဲ(၅၇)၊ အမှတ်(၃၅)တွင် သစ်ပင်ပန်းမန်ပြိုင်ပွဲ၌ ပထမဆုကို ထိုက်ထိုက်တန်တန် ဆုချီးမြှင့်ခြင်းခံရသော မစံပယ်အကြောင်း သရုပ်ဖော်ထားသည့် "မစံပယ်ရဲ့ ကူကူး" မျက်နှာဖုံး ကာတွန်း၊ အိပ်ဟောက် အသက်ရှူပိတ်ရောဂါကို ဖြစ်စေနိုင်သည့် အကြောင်းရင်းနှင့် ရောဂါမဖြစ်ပွားရန် သတိပြုဆင်ခြင်နိုင်မည့် လုပ်ဆောင်ချက်များအကြောင်း ဖတ်ရှုရမည့် "အိပ်ဟောက်အသက်ရှူပိတ်ရောဂါ" သုတဆောင်းပါးကဏ္ဍ၊ ကလေးတို့ ကိုယ်တိုင်ရေးဆွဲထားသည့် ပန်းချီလက်ရာများကို တင်ဆက်ထားသည့် "ရွှေသွေးတို့ လက်ရာ" ကဏ္ဍ၊ သမင်အိုကြီး၏ ကျေးဇူးကို နားလည်သဘောပေါက်သွားသော သမင်ကလေးများ အကြောင်း သရုပ်ဖော်ထားသည့် "ကျေးဇူးတရား" နှစ်မျက်နှာကာတွန်း၊ လေယာဉ်ပျံတွင် ဟွန်းသံ သို့မဟုတ် ဥဩသံပါမပါကို သိချင်နေသော ညီညီအကြောင်း ဖတ်ရှုရမည့် "လေယာဉ်ပျံက ဟွန်းသံလား၊ ဥဩသံလား" ဝတ္ထုကဏ္ဍ၊ အချင်းချင်း ပိုက်ဆံချေးနေကြသော ဂျာရစ်နှင့် သူငယ်ချင်းအကြောင်းသရုပ်ဖော်ထားသည့် "ဂျာရစ်" တစ်မျက်နှာဟာသကာတွန်း၊ မိုးဒဏ်လေဒဏ်ကို မမှုဘဲ ပင်လုံးအနှံ့ အသိုက်ဆောက်တတ်ကြသော စာဘူးတောင်း ငှက်ကလေးများအကြောင်း ရေးဖွဲ့ထားသည့် ဆရာမန်းတင့်မော်၏ "စာဘူးတောင်း" ကဗျာကဏ္ဍအပါအဝင် အင်္ဂလိပ်စာကဏ္ဍ စုံလင်စွာဖြင့် ထွက်ရှိပြီဖြစ်ရာ တစ်စောင်လျှင် ငွေကျပ် ၄၀၀ ဖြင့် စာပေဗိမာန် စာအုပ်အရောင်းဆိုင်များတွင် ဝယ်ယူရရှိနိုင်ကြောင်း သိရသည်။

**သတင်းစဉ်**

## ၂၀၂၅ ခုနှစ် ဩဂုတ်လထုတ် သုတပဒေသာနှင့် လူငယ်ရေးရာစာစောင်ထွက်ရှိ

**နေပြည်တော် ဩဂုတ် ၂၉**

၁၉၇၃ ခုနှစ် ဇူလိုင်လမှ စတင်ထုတ်ဝေခဲ့ပြီး နှစ်ပေါင်း ၅၀ ကျော် စာချစ်သူများ လက်ခံအားပေးလာခဲ့သော သုတပဒေသာစာစောင်ကို ၂၀၂၁ ခုနှစ် ဒီဇင်ဘာလမှစ၍ သုတပဒေသာနှင့် လူငယ်ရေးရာစာစောင်ဟု အမည်ပြောင်းလဲကာ မျက်နှာဖုံး ဒီဇိုင်း၊ အကြောင်းအရာနှင့် စာအုပ်အပြင်အဆင်တို့ အပြောင်းအလဲများပြုလုပ်ပြီး ဆယ်ကျော်သက် လူငယ်များကို ဦးတည်ပရိသတ်အဖြစ်ထားကာ လစဉ်ထုတ်ဝေလျက်ရှိပါသည်။ နိုင်ငံတကာထုတ် စာအုပ်စာစောင်များမှ ကောင်းနိုးရာရာ ခေတ်မီအကြောင်းရပ်များနှင့် ယခုလအတွက် ဖော်ပြသည့် "နိုင်ငံ့စီးပွားတိုးတက်ရေး ကျွမ်းကျင်လုပ်သားတန်ဖိုးမြှင့်တင်ပေး" မျက်နှာဖုံးဆောင်းပါးကြီးများ ပါဝင်သော သုတပဒေသာနှင့် လူငယ်ရေးရာစာစောင် (ဩဂုတ်လ)ကို ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန စာပေဗိမာန်က ဖြန့်ချိလိုက်ပြီဖြစ်သည်။

၂၀၂၅ ခုနှစ် ဩဂုတ်လထုတ် သုတပဒေသာနှင့် လူငယ်ရေးရာစာစောင်တွင် ဒေါက်တာခင်မောင်ညို၊ ဆန်းသစ်အောင်(မဟာဝိဇ္ဇာ-အင်္ဂလိပ်ဘာသာစကား)တို့၏ "နိုင်ငံ့စီးပွားတိုးတက်ရေး ကျွမ်းကျင်လုပ်သား တန်ဖိုးမြှင့်တင်ပေး" မျက်နှာဖုံးဆောင်းပါးများ၊ နေညိုယဉ်၊ ကောင်းသန့်၊ မောင်ဒီပ(ပညာရေး)၊ ညီမော်သိမ်း၊ ညီညီဖေ၊ ထက်ဝေအောင်(စစ်ကိုင်း)၊ ပါမောက္ခဦးသိန်းလှိုင်တို့၏ လူငယ်ရေးရာဆောင်းပါးများ၊ မောင်မောင်မြင့်သိန်း(စက်မှုတက္ကသိုလ်)၊ အေးထွန်းမင်း၊ ဒေါက်တာသန်းထွဋ်တို့၏ နိုင်ငံတကာဆိုင်ရာဆောင်းပါးများ၊ စိန်ဝင်းနွယ်၏ အတွေးအခေါ်နှင့် တက်ကျမ်းဆိုင်ရာဆောင်းပါး၊ မြသိန်း၊ လွဲလွဲဝင်း (သတ္တဗေဒ)၊ ခင်မောင်အေးတို့၏ သဘာဝပတ်ဝန်းကျင်ရှုထောင့်ဆိုင်ရာ ဆောင်းပါးများ၊ ရွှေသင်(MPP)၊ မြင့်မောင် (Phil-Q)တို့၏ စီးပွားရေးဆိုင်ရာဆောင်းပါးများ၊ ကိုဇော်ဌေး(ယဉ်ကျေးမှု)၏ မူးယစ်ဆေးဝါးဆိုင်ရာဆောင်းပါး၊ ဒေါက်တာမြင့်သန်း၊ ကိုကိုအောင်(အလုပ်သမား)၊ ဒေါက်တာသိန်းဝင်း၊ ရှင်စောဖြူတို့၏ ကျန်းမာရေးဆိုင်ရာ ဆောင်းပါးများ၊ ဦးဘသန်း(မဟာဝိဇ္ဇာ)၊ ဆောင်းဝင်းလတ်၊ စိုးစိုး(ပန်းတောင်း)၊ ကြည်လွင်ဦး(ရေနံ)၊ ဒေါက်တာစန်းဦး၊ စိန်ဝင်းမော်၊ မော်(သန်လျင်)တို့၏ ကဗျာ၊ ဟာသ၊ ဝတ္ထုတို၊ ဖြစ်ရပ်မှန်နှင့် အထွေထွေကဏ္ဍများကို ရောင်စုံ၊ ဖြူ/မည်း သရုပ်ဖော်ပုံ ဝေဝေဆာဆာဖြင့် စီစဉ်တင်ဆက်ထားသည်။

သုတပဒေသာနှင့် လူငယ်ရေးရာစာစောင်ကို တစ်အုပ်လျှင် ငွေကျပ် ၂၅၀၀ နှုန်းဖြင့် စာပေဗိမာန်စာအုပ်အရောင်းဆိုင်၊ အမှတ်(တ-၅၅)၊ သပြေကုန်းဈေး၊ နေပြည်တော်စာအုပ်ဆိုင်၊ ဖုန်း ၀၉-၄၄၉၅၄၀၆၆၇၊ ဖုန်း ၀၆၇-၃၄၁၄၆၈၁၊ စာပေဗိမာန် စာအုပ်အရောင်းဆိုင်၊ အမှတ် (၅၂၉-၅၃၁)၊ ကုန်သည်လမ်း၊ ရန်ကုန်မြို့၊ စာပေဗိမာန်စာအုပ်အရောင်းဆိုင်၊ ၈၆ လမ်း၊ ၃၁ လမ်းနှင့် ၃၂ လမ်းကြား၊ မန္တလေး၊ ဖုန်း- ၀၂-၄၀၃၀၁၈၆၊ ရန်ကုန်မြို့ရှိစာအုပ်ဆိုင်ကြီးများတွင် ဝယ်ယူရရှိနိုင်ပြီး လက်ကားမှာယူလိုပါက စာပေဗိမာန် စာအုပ်အရောင်းဆိုင်အမှတ် (၅၂၉-၅၃၁)၊ ကုန်သည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း ၀၁-၈၂၄၉၀၃၁၊ ၀၁-၈၃၈၁၄၄၈ သို့ ဆက်သွယ်မှာယူနိုင်ကြောင်း သိရသည်။

**သတင်းစဉ်**

## မိုးတိမ်တောင်ဖြစ်ပေါ်မှုအခြေအနေ

နေပြည်တော် ဩဂုတ် ၂၉ - မိုးတိမ်တောင်ဖြစ်ပေါ်မှုအခြေအနေမှာ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ရေဝတီတိုင်းဒေသကြီး၊ ချင်းပြည်နယ်နှင့် ရှမ်းပြည်နယ် (မြောက်ပိုင်း) တို့တွင် မိုးတိမ်တောင်များ ဖြစ်ထွန်းမှုအားကောင်းလျက်ရှိပြီး အဆိုပါ မိုးတိမ်တောင်များ ရွေ့လျားရာနေရာတစ်လျှောက်တွင် မိုးရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်းနှင့် မိုးသီးကြွေခြင်းစသည့် မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် ကြိုတင်သတိပြုနိုင်ပါရန် အကြံပြုအပ်ပါသည်။

**မိုး/ဇလ**

## မြို့နယ်များ၌ မြန်မာအီလက်ထရောနစ်မဲပေးစက်ဆိုင်ရာ လက်တွေ့စမ်းသပ်မဲပေးခြင်း ကျင်းပ

**မိုင်းရယ်**

ရှမ်းပြည်နယ်(မြောက်ပိုင်း) မိုင်းရယ်မြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးမှ ကြီးမှူးကျင်းပသည့် မြန်မာအီလက်ထရောနစ်မဲပေးစက် အသုံးပြုနည်းစနစ် အသိပညာပေးဟောပြောခြင်းနှင့် စမ်းသပ်ဆန္ဒမဲပေးခြင်း လက်တွေ့သရုပ်ပြအခမ်းအနားကို ဩဂုတ် ၂၈ ရက်က နမ့်ရယ်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးစိုးမင်းအောင်က အမှာစကားပြောကြားပြီး မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးသိန်းဌေးဦးက မိတ်ဆက်စကား ပြောကြားသည်။

ထို့နောက် မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံး၊ မြို့နယ်ရွေးကောက်ပွဲအရာရှိ ဒေါ်နှင်းနှင်းအောင်က မဲဆန္ဒရှင်များအား မဲပေးစက်ဆိုင်ရာ အသိပညာပေးခြင်း၊ လက်တွေ့စမ်းသပ်မဲပေးခြင်းဆိုင်ရာများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြပြီး မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးစိုင်းလုံက ရှမ်းဘာသာဖြင့် ပြန်လည်ရှင်းလင်းသည်။

ယင်းနောက် အခမ်းအနားသို့ တက်ရောက်လာကြသည့် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ တပ်ရင်းတပ်ဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့များနှင့် မဲဆန္ဒရှင်ပြည်သူများက လက်တွေ့စမ်းသပ်မဲပေးခဲ့ကြသည်။

**မိုင်းရယ်(ပြန်/ဆက်)**



**မင်းလှ**

မကွေးတိုင်းဒေသကြီး မင်းလှမြို့နယ်၌ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲမှ ကြီးမှူး၍ မြန်မာအီလက်ထရောနစ်မဲပေးစက်ဆိုင်ရာ အသိပညာပေးခြင်းနှင့် လက်တွေ့စမ်းသပ်မဲပေးခြင်းကို ဩဂုတ် ၂၇ ရက်က ငပုတောကျေးရွာ၊ သပြေတောကျေးရွာနှင့် ပန်းတော်ပြင်ကျေးရွာများတွင် ဆက်လက်ဆောင်ရွက်ခဲ့သည်။

ထိုသို့ ဆောင်ရွက်ရာတွင် မြို့နယ်ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲရုံးမှ ဝန်ထမ်းများက မြန်မာအီလက်ထရောနစ်မဲပေးစက်နှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။ ထို့နောက် တက်ရောက်လာကြသော မင်းလှမြို့နယ်အတွင်းရှိ ငပုတောကျေးရွာ၊ သပြေတောကျေးရွာနှင့် ပန်းတော်ပြင်ကျေးရွာရှိ မဲဆန္ဒရှင်ပြည်သူများက လက်တွေ့စမ်းသပ်မဲပေးခဲ့ကြသည်။

**ဝင်းမြတ်(အထက်မင်းလှ)**



**ကျောင်းကုန်း**

ဧရာဝတီတိုင်းဒေသကြီး ကျောင်းကုန်းမြို့နယ် ချောင်ကြီးကျေးရွာရှိ အဘယာရာမကျောင်းတိုက် ဓေတိကဓမ္မာရုံ၌ မဲဆန္ဒရှင်များအား မြန်မာအီလက်ထရောနစ်မဲပေးစက်ဖြင့် လက်တွေ့သရုပ်ပြစမ်းသပ်မဲပေးခြင်းကို ဩဂုတ် ၂၇ ရက်က ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်ကော်ရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးမျိုးညွန့်က အမှာစကားပြောကြားပြီး မြို့နယ်ကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင်များက မဲပေးခြင်းဆိုင်ရာများ ရှင်းလင်းပြောကြားကာ တက်ရောက်လာသော ဖြိုက်၊ မိုးပြာ၊ မင်းမနိုင်၊ ကောက်ကြီးကုန်း၊ ဖုန်းဆိုး၊ ထောက်ရှာကျေးရွာများမှ ပြည်သူ ၃၀၀ ခန့်တို့က လက်တွေ့စမ်းသပ်မဲပေးခဲ့ကြသည်။

**ဝင်းကြိုင်(ပြန်/ဆက်)**

## မုံရွာမြို့၌ ကလေးအလုပ်သမားပပျောက်ရေးနှင့်လူကုန်ကူးမှုတားဆီးရေးရာ အသိပညာပေးဟောပြော

**မုံရွာ ဩဂုတ် ၂၉**

မုံရွာမြို့၌ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက စာဖတ်ရှိန်မြှင့်တင်ရေးအတွက် ကလေးအလုပ်သမား ပပျောက်ရေးနှင့် လူကုန်ကူးမှုတားဆီးရေးရာအသိပညာပေး ဟောပြောပွဲနှင့် နံရံကပ်စာစောင်၊ ဓာတ်ပုံပြပွဲကို ဩဂုတ် ၂၇ ရက်က မုံရွာမြို့ အခြေခံပညာ အလယ်တန်းကျောင်းခွဲ(လယ်တီ)၌ ကျင်းပသည်။

ဦးစွာ ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးမြင့်နိုင်စိုးက စာဖတ်ရှိန်မြှင့်တင်ရေးအတွက် လူကုန်ကူးမှုတားဆီးရေးရာဆိုင်ရာ သိကောင်းစရာများကို လည်းကောင်း၊ ဦးစီးအရာရှိ ဒေါ်ယုယုဝင်းက ကလေးအလုပ်သမားပပျောက်ရေးနှင့် လူကုန်ကူးမှုတားဆီးရေးရာဆိုင်ရာ သိကောင်းစရာများကို လည်းကောင်း အသိပညာပေး ဟောပြောသည်။



ထို့နောက် ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ကလေးအလုပ်သမား ပပျောက်ရေးနှင့် လူကုန်ကူးမှုတားဆီးရေးရာဆိုင်ရာ အသိပညာပေး နံရံကပ်စာစောင်များ၊ ဓာတ်ပုံများကို ပြသရာ ကျောင်းသား ကျောင်းသူများက ကြည့်ရှုလေ့လာကြပြီး သုတရသ စာအုပ်စာစောင်များကို အခမဲ့ငှားရမ်းပေးခဲ့ကြောင်း သိရသည်။ **ခရိုင်(ပြန်/ဆက်)**

## မိတ္ထီလာမြို့နယ်၌ နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် မိုးစပါးဧက ၈၀၀ စိုက်ပျိုးပြီးစီး

**မိတ္ထီလာ ဩဂုတ် ၂၉**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့နယ်၌ ၂၀၂၅-၂၀၂၆ ခုနှစ်တွင် နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် မိုးစပါးစိုက်ဧက ၈၀၀ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန၌ ၂၀၂၅-၂၀၂၆ ခုနှစ်တွင် မြို့နယ်အတွင်းရှိ ဆည်ရေ၊ ကန်ရေများဖြင့် မိုးစပါးစိုက်ဧက ၈၀၀ ကို နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် စိုက်ပျိုးသွားရန် လျာထားသတ်မှတ်ခဲ့ပြီး ၎င်းလျာထားသတ်မှတ်ထားသည့် စိုက်ကေများသတ်မှတ်လျာထားချက်ပြည့်မီရေးနှင့် ပန်းတိုင်အထွက်နှုန်းထွက်ရှိရေး မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ဒေသခံစိုက်ပျိုးရေးတောင်သူများနှင့် ပူးပေါင်း၍ ဆောင်ရွက်လျက်ရှိရာ ၂၀၂၅-၂၀၂၆ ခုနှစ်တွင် မြို့နယ်အတွင်း၌ ကျေးရွာအုပ်စု ၁၁ အုပ်စု၊ ကျေးရွာ ၁၇ ရွာရှိ တောင်သူ ၄၁၅ ဦးက ကွင်း ၂၀ ဖြင့် မိုးစပါးစိုက်ကေ ၈၀၀ စိုက်ပျိုးထားရှိကြောင်း သိရသည်။

**သိန်းမြင့်ကျော်(မိတ္ထီလာ)**

## တောင်ငူခရိုင်အတွင်းရှိ ကျေးလက်လမ်းများ ဆောင်ရွက်မှု ကွင်းဆင်းစစ်ဆေး

**တောင်ငူ ဩဂုတ် ၂၉**

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန(ရုံးချုပ်) နေပြည်တော်မှ အင်ဂျင်နီယာချုပ် ဦးထွန်းဝေသည် ပဲခူးတိုင်းဒေသကြီး ဒုတိယညွှန်ကြားရေးမှူး(မြို့ပြ)၊ တောင်ငူခရိုင်



လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ)၊ တောင်ငူမြို့နယ် ဦးစီးအရာရှိ(မြို့ပြ)၊ လုပ်ငန်းအရည်အသွေးထိန်းသိမ်းရေးအဖွဲ့များနှင့်အတူ တောင်ငူခရိုင်အတွင်းရှိ ကျေးလက်လမ်းတံတားများ ဆောင်ရွက်နေမှုကို ဩဂုတ် ၂၆ ရက်က ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။

ထိုသို့ ကွင်းဆင်းကြည့်ရှုစစ်ဆေးရာတွင် တောင်ငူမြို့နယ်အတွင်း ၂၀၂၅- ၂၀၂၆ ဘဏ္ဍာနှစ် ပဲခူးတိုင်းဒေသကြီး ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန ငွေလုံးငွေရင်းအသုံးစရိတ်ရန်ပုံငွေဖြင့် တင်ဒါအောင်ကုမ္ပဏီက ဆောင်ရွက်လျက်ရှိသော ဘိုကတော်ရွာဟောင်း- မြင်းစားခွက်လမ်းကျောက်ချောခင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး သတ်မှတ်စံချိန်စံညွှန်းများနှင့်အညီ ဆောင်ရွက်ရန်နှင့် ကျေးလက်နေပြည်သူများ အဆိုပါလမ်းကို ဆောလျင်စွာ အသုံးပြုနိုင်ရေးအတွက် ဆောင်ရွက်ရန် ပြောကြားခဲ့ကြောင်း သိရသည်။

**ဇော်ကိုကို(တောင်ငူ)**

## သထုံမြို့နယ်၌ ဒစ်ဂျစ်တယ်အသိပညာခံယူချက်နှင့် အလေ့အကျင့်ဆိုင်ရာ သင်တန်းဖွင့်

**သထုံ ဩဂုတ် ၂၉**

မွန်ပြည်နယ် သထုံမြို့နယ်၌ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ခရိုင်အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနက ကြီးမှူးဖွင့်လှစ်သည့် ဒစ်ဂျစ်တယ်အသိပညာခံယူချက်နှင့် အလေ့အကျင့်ဆိုင်ရာ သင်တန်းဖွင့်ပွဲကို ဩဂုတ် ၂၆ ရက်က နောင်ကုလားကျေးရွာ၌ ကျင်းပသည်။

အဆိုပါသင်တန်းတွင် သထုံမြို့နယ်အတွင်းရှိ အသေးစား၊ အငယ်စားလုပ်ငန်းရှင် ၂၀ တို့ တက်ရောက်ကြပြီး ခရိုင်စားသုံးသူရေးရာဦးစီးဌာနမှ အွန်လိုင်းစနစ်ဖြင့် ရောင်းချခြင်းလုပ်ငန်းများ မှတ်ပုံတင်လက်မှတ်လျှောက်ထားခြင်းအကြောင်း သိကောင်းစရာများနှင့် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနမှ Digital Literacy and Digital Transformation in MSMEs များအကြောင်းနှင့် SSID မှ ရေးဆွဲထားသည့် e-Commerce Website ဝင်ရောက်ပုံနှင့် အသုံးပြုနည်းများအကြောင်း



သိကောင်းစရာတို့ကို တစ်ရက်ကြာ ဆွေးနွေးသင်ကြားပို့ချခဲ့ကြောင်း သိရသည်။ **ခရိုင်(ပြန်/ဆက်)**

## လင်းခေးမြို့နယ်၌ ရှေးဦးပြုစုခြင်း(သာမန်)သင်တန်းဖွင့်

**လင်းခေး ဩဂုတ် ၂၉**

ရှမ်းပြည်နယ်(တောင်ပိုင်း) လင်းခေးမြို့နယ် ကြက်ခြေနီအသင်းခွဲ၏



ကြီးကြပ်မှုဖြင့် ရှေးဦးပြုစုခြင်း(သာမန်)သင်တန်းဖွင့်ပွဲအခမ်းအနားကို ဩဂုတ် ၂၅ ရက်က လင်းခေးမြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာန ခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်ကုသရေးနှင့် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာမောင်မောင်သန်းက အမှာစကားပြောကြားပြီး မြို့နယ်ကြက်ခြေနီအသင်းခွဲဥက္ကဋ္ဌ ဦးပေါ်လာက သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။

အဆိုပါသင်တန်းတွင် ရှေးဦးပြုစုခြင်း(သာမန်)ဆိုင်ရာ ဘာသာရပ် ၁၄ မျိုးကို သင်တန်းနည်းပြငါးဦးတို့ဖြင့် သင်တန်းသား ၃၀ တို့အား စာတွေ့၊ လက်တွေ့ ငါးရက်ကြာ ပို့ချသင်ကြားပေးမည်ဖြစ်ကြောင်း သိရသည်။

**စိုင်းဇော်လတ်(လင်းခေး)**

## မြို့နယ်များ၌ ဆက်သွယ်ရေးလိမ်လည်မှု တိုက်ဖျက်ရေး အသိပညာပေးဟောပြောပွဲကျင်းပ



**မိုင်းခတ်**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းခတ်မြို့နယ်၌ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းမှ ဆက်သွယ်ရေးလိမ်လည်မှု တိုက်ဖျက်ရေး အသိပညာပေးဟောပြောပွဲကို ဩဂုတ် ၂၇ ရက်က မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မိုင်းခတ်မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးဟန်ဝင်းလတ်က အမှာစကားပြောကြားပြီး မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးအေးထွန်းက ဆက်သွယ်ရေးဥပဒေဆိုင်ရာ အမည်၊ သက်ဆိုင်ခြင်းနှင့် အဓိပ္ပာယ်ဖော်ပြချက်များအကြောင်းနှင့် ဆက်သွယ်ရေးကိရိယာဆိုင်ရာ နည်းပညာများကို အသုံးပြု၍ အုပ်စုဖွဲ့ငွေကြေးလိမ်လည်မှုဖြစ်စဉ်များအကြောင်း၊ မြို့နယ်ဥပဒေအရာရှိ ဦးပြည့်ဖြိုးအောင်က ဆက်သွယ်ရေးဥပဒေပြဋ္ဌာန်းချက်များအကြောင်း ဟောပြောကာ လန်ချန်း-မဲခေါင် တရားဥပဒေစိုးမိုးရေးနှင့် လုံခြုံရေးပူးပေါင်းဆောင်ရွက်မှုဗဟိုဌာနက ပေးပို့လာသည့် ဆက်သွယ်ရေး လိမ်လည်မှုတိုက်ဖျက်ရေးဆိုင်ရာ အသိပညာပေးဗီဒီယိုနှစ်ခုအား ပရိုဂျက်တာဖြင့် ပြသခဲ့သည်။ **နန်းနွယ်နီ(ပြန်/ဆက်)**



**ဖြူး**

ပဲခူးတိုင်းဒေသကြီး ဖြူးမြို့နယ် မြို့မရဲစခန်း၊ ဥပဒေရုံးနှင့် မြို့နယ်အမျိုးသမီးရေးရာအဖွဲ့တို့ ပူးပေါင်း၍ ကျောင်းသား ကျောင်းသူများအား ဆက်သွယ်ရေးလိမ်လည်မှု တိုက်ဖျက်ရေးဆိုင်ရာ အသိပညာဗဟုသုတရရှိစေရန် ဩဂုတ် ၂၇ ရက်က အလက(ခွဲ)တပ်တွင်းကျောင်း၌ အသိပညာပေးဟောပြောသည်။

ဦးစွာ မြို့နယ်ဥပဒေအရာရှိ ဦးသူရဝင်း၊ ဖြူးမြို့မရဲစခန်းမှ ဒုတိယရဲအုပ် ကျော်ကျော်လှိုင်၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်နှင်းရွှေစင်တို့က အလယ်တန်းအဆင့် ကျောင်းသား ကျောင်းသူများအား ဆက်သွယ်ရေးလိမ်လည်မှုတိုက်ဖျက်ရေးဆိုင်ရာအကြောင်း၊ လူမှုကွန်ရက်များအား အကျိုးရှိစွာ အသုံးပြုနည်းများကို မျှဝေခြင်းနှင့် အီလက်ထရောနစ်ဆက်သွယ်ဆောင်ရွက်ရေးဥပဒေများအကြောင်း အသိပညာပေး ဟောပြောကြသည်။ **နေမျိုးလွင်(ပြန်/ဆက်)**

**မိုးနဲ**

ရှမ်းပြည်နယ်(တောင်ပိုင်း) မိုးနဲမြို့နယ်၌ ဆက်သွယ်ရေးလိမ်လည်မှု တိုက်ဖျက်ရေး အသိပညာပေးခြင်းကို ဩဂုတ် ၂၇ ရက်က နောင်ကျော့ရပ်ကွက် ဓမ္မာရုံ၌ ကျင်းပသည်။

ဦးစွာ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဒေါ်ချောစုမာက ဆက်သွယ်ရေးလိမ်လည်မှုဆိုင်ရာ အသိပညာပေးဆောင်ရွက်ရခြင်း၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိဦးမျိုးညွန့်ရွှေက အွန်လိုင်းအသုံးပြုသူ ပြည်သူများအနေဖြင့် သတိပြုသင့်သည့် အချက်များ၊ မြို့မရဲစခန်းမှ ဒုရဲအုပ် ချစ်ကိုကိုက အွန်လိုင်းမှတစ်ဆင့် လူကုန်ကူးဆောင်ရွက်နေမှုများ၊ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း အတွင်းရေးမှူး ဒေါ်နန်းလောဝ်ဟိန်းက ဆက်သွယ်ရေးဆိုင်ရာ နည်းလမ်းများအသုံးပြု၍ လိမ်လည်မှုများနှင့်စပ်လျဉ်း၍ ပြောကြားသည်။

ထို့နောက် တရုတ်နိုင်ငံ ပြည်သူ့လုံခြုံရေးဝန်ကြီးဌာနနှင့် ကမ္ဘောဒီးယားနိုင်ငံ ပြည်ထဲရေးဝန်ကြီးဌာနတို့မှ ပေးပို့လာသော ဆက်သွယ်ရေးလိမ်လည်မှုဆိုင်ရာ သိကောင်းစရာများကို ပရိုဂျက်တာဖြင့်ပြသသည်။

**မျိုးညွန့်ရွှေ(မိုးနဲ)**

## ပန်းတိုင်အထွက်တိုးရရှိရေး တောင်သူနည်းပညာသင်တန်းပေး



**မြို့သစ် ဩဂုတ် ၂၉**

မကွေးတိုင်းဒေသကြီး မြို့သစ်မြို့နယ် စိုက်ပျိုးပညာပေးရေးနှင့် ဒေသဖွံ့ဖြိုးရေးသင်တန်းကျောင်း၌ မကွေး၊ မြို့သစ်၊ နတ်မောက်၊ တောင်တွင်းကြီး မြို့နယ်များရှိ တောင်သူများအား တောင်သူနည်းပညာပေးခြင်းနှင့် သင်တန်းပေးခြင်း ဆောင်ရွက်မှုကို ဩဂုတ် ၂၇ ရက်က အဆိုပါ သင်တန်းကျောင်းခန်းမ၌ ကျင်းပသည်။

သင်တန်းတွင် ခရိုင်စိုက်ပျိုးရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဒေါ်ခင်မာအေးက အမှာစကားပြောကြားပြီး မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးကျော်ဝင်းထက်က စိုက်ပျိုးရေးနည်းပညာပေးသင်တန်း ဖွင့်လှစ်ရခြင်းနှင့်ပတ်သက်၍ တောင်သူများအား ရှင်းလင်းဆွေးနွေးသည်။

အဆိုပါ တောင်သူနည်းပညာပေးသင်တန်းကျောင်းကို ခရိုင်ကိုယ်စားပြု ဖွင့်လှစ်ထားခြင်းဖြစ်ကြောင်း၊ လစဉ်တောင်သူနည်းပညာပေး သင်တန်းများကို မြို့နယ်အတွင်းရှိ ဒေသတွင်းတောင်သူများနှင့် ခရိုင်တွင်းမှရှိသော မကွေး၊ မြို့သစ်၊ နတ်မောက်၊ တောင်တွင်းကြီး မြို့များရှိ တောင်သူများကိုလည်း စဉ်ဆက်မပြတ် သင်တန်းပို့ချပေးသွားမည်ဖြစ်ကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

**ကိုဇော်(ပြန်/ဆက်)**

## ချမ်းမြသာစည်မြို့နယ် အမှတ်(၂၈) အခြေခံပညာအထက်တန်းကျောင်း၌ လူငယ်စကားဝိုင်းကျင်းပ

**မန္တလေး ဩဂုတ် ၂၉**

မန္တလေးတိုင်းဒေသကြီး ချမ်းမြသာစည်မြို့နယ် အမှတ်(၂၈) အခြေခံပညာ အထက်တန်းကျောင်းရှိ စူပါစိမ်းခန်းမ၌ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်းဆောင်ရွက်သော လူငယ်စကားဝိုင်းကို ဩဂုတ် ၂၇ ရက်က ကျင်းပသည်။

အခမ်းအနားတွင် ကျောင်းအုပ်ဆရာမကြီး ဒေါ်တင်တင်ယုက အမှာစကားပြောကြားပြီး မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ခင်စိမ်းဝင်းက လူငယ်စကားဝိုင်းကျင်းပရခြင်း ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားကာ ထို့နောက်စကားဝိုင်းကိုဆက်လက်ကျင်းပရာ ဦးစီးမှူးနှင့် မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်ခင်ဆွေဝင်းတို့က ဦးဆောင်ဆွေးနွေးကြပြီး Grade-10 နှင့် Grade-12 မှ ကျောင်းသူများက လူငယ်နှင့်နည်းပညာ၊ လူငယ်နှင့် စာဖတ်ခြင်း၊ လူငယ်နှင့် မူးယစ်ဆေးဝါး၊ လူငယ်နှင့်အားကစား စသည့် ခေါင်းစဉ်များဖြင့် ဆွေးနွေးခဲ့ကြသည်။




**ချမ်းမြွှေ(ချမ်း/စည်)**

## မြင်းခြံမြို့ အထက(၂)ကျောင်း၌ ကျောင်းသား ကျောင်းသူများအတွက် လူငယ်ရေးရာအသိပညာပေးဟောပြော



**မြင်းခြံ ဩဂုတ် ၂၉**

မန္တလေးတိုင်းဒေသကြီး မြင်းခြံမြို့ အထက(၂) ကျောင်း၌ လူငယ်ရေးရာ အသိပညာပေး ဟောပြောပွဲကို ဩဂုတ် ၂၆ ရက်က ပြုလုပ်သည်။

ဟောပြောပွဲတွင်အထက(၂)ကျောင်းယာယီကျောင်းအုပ်ဆရာမကြီးက လူငယ်ရေးရာအသိပညာပေးဟောပြောပွဲ ပြုလုပ်ပေးရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားပြီး ဟောပြောပွဲအပြီးတွင် ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ပြသထားသည့်သုတ၊ ရသစာအုပ်များနှင့် အသိပညာပေး နံရံကပ်စာစောင်များကို ကျောင်းသား ကျောင်းသူများက စိတ်ပါဝင်စားစွာ ကြည့်ရှုလေ့လာခဲ့ကြောင်း သိရသည်။

**ကျော်စွာ(မြင်းခြံ)**

## မိုးနဲမြို့နယ်၌ မိုးမြေပဲစိုက်ခင်းများ စတင်ရိတ်သိမ်း

**မိုးနဲ ဩဂုတ် ၂၉**

ရှမ်းပြည်နယ်(တောင်ပိုင်း) မိုးနဲမြို့နယ်ရှိ ကျေးရွာအုပ်စုနှင့် ကျေးရွာနေပြည်သူများ အနေဖြင့် လယ်ယာစိုက်ပျိုးရေးလုပ်ငန်းကို အများဆုံးလုပ်ကိုင်လျက်ရှိပြီး သီးနှံစုံကို ရာသီအလိုက် စိုက်ပျိုးလျက်ရှိရာ ဆီထွက်သီးနှံ မိုးမြေပဲများကိုလည်း စိုက်ပျိုးရေးဦးစီးဌာန၏ ကြီးကြပ်ဆောင်ရွက်ပေးမှုနှင့် မျိုးယှဉ်ပြိုင်စမ်းသပ်ကွက်များ၊ မျိုးစေ့ထုတ်စံပြစိုက်ကွက်များကိုလည်း စိုက်ပျိုးဆောင်ရွက်ထားရှိရာ မျိုးသန့်ပွားစိုက်ခင်းနေရာ၌ မြေပဲများ စတင်ရိတ်သိမ်းနေပြီဖြစ်သည်။

မိုးနဲမြို့နယ်၌ ၂၀၂၅ ခုနှစ်အတွက် မြေပဲဧက ၄၄၀ တွင် မျိုးစေ့ထုတ်စိုက်ခင်း ငါးဧကနှင့် မျိုးသန့်ပွား ငါးဧကအပါအဝင် မိုးမြေပဲကို ဧပြီလနှင့် မေလများတွင် စိုက်ပျိုးပြီး သုံးလခန့်အကြာတွင် နုတ်ယူခူးဆွတ်ရကြောင်း၊ တောင်သူများအနေဖြင့် ဒေသမျိုးရင်းများကိုသာ အများဆုံးစိုက်ပျိုးကြောင်း၊ ယခင်နှစ်က မြေပဲအခြောက်တောင့် ၅၂ တင်းကျော်ထွက်ပြီး ယခုနှစ်မျိုးစေ့ထုတ်စိုက်ခင်း ရိတ်သိမ်းရာတွင် ၆၅ တင်းကျော် ထွက်ရှိကာ မြေပဲမျိုးများအဖြစ် ဆင်းပဒေသာ - ၁၁ နှင့် မကွေး-၁၆ မျိုးများဖြစ်ကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးဇော်မော်ဦးက ပြောကြားသည်။

**မျိုးညွန့်ရွှေ(မိုးနဲ)**

## စေတုတ္တရာမြို့နယ်၌ အိုင်အိုဒင်းဆားရောင်းချမှု၊ အရည်အသွေးစစ်ဆေးခြင်းနှင့် အသိပညာပေး

**စေတုတ္တရာ ဩဂုတ် ၂၉**

မကွေးတိုင်းဒေသကြီး စေတုတ္တရာမြို့နယ်၌ ဈေးများ၊ ကုန်စုံဆိုင်များတွင် အိုင်အိုဒင်းချို့တဲ့မှုကြောင့် ဖြစ်ပွားသောရောဂါများ ပပျောက်ရေးလှုပ်ရှားမှုအဖြစ် အိုင်အိုဒင်းဆားရောင်းချမှု၊ အရည်အသွေးစစ်ဆေးခြင်းနှင့် အသိပညာပေးခြင်းကို ဩဂုတ် ၂၅ ရက်က စည်ပင်သာယာဈေး၌ ဆောင်ရွက်သည်။

ထိုသို့ စစ်ဆေးရာတွင် ကျန်းမာရေးဦးစီးဌာနနှင့် စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများ ပူးပေါင်း၍ မြို့ပေါ်ရှိ ကုန်စုံဆိုင်များ၌ ရောင်းချသော အိမ်သုံးဆားများတွင် အိုင်အိုဒင်းအရည်အသွေးပြည့်မီမှု ရှိ၊ မရှိ စစ်ဆေးပြီး အရည်အသွေးပြည့်မီသော ဆားများကိုသာ ရောင်းချရန်၊ အိုင်အိုဒင်းဓာတ် လေလွင့်ဆုံးရှုံးမှုမရှိရေး၊ လုံခြုံစွာ ဖုံးအုပ်အသုံးပြုကြရန် တို့ကို အသိပညာပေး ဆောင်ရွက်လျက်ရှိသည်။

အိုင်အိုဒင်းဓာတ်သည် ခန္ဓာကိုယ် ကြီးထွားစေခြင်း၊ ဉာဏ်ရည် ဖွံ့ဖြိုးစေခြင်းတို့အတွက် အရေးပါသော သိုင်းရွိုက်ဟော်မုန်းထုတ်လုပ်ရာတွင် မရှိမဖြစ်အာဟာရဓာတ်တစ်ခုဖြစ်ကြောင်း၊ အိုင်အိုဒင်းဓာတ် ချို့တဲ့ပါက ကိုယ်ဝန်ဆောင် မိခင်များတွင် သားပျက်၊ သားလျှောခြင်း၊ ကလေးအသေမွေးဖွားခြင်း၊ ကလေးများ ခန္ဓာကိုယ်ကြီးထွားမှု နှေးကွေးခြင်း၊ ဉာဏ်ရည်နိမ့်ပါးခြင်းနှင့် ကလေး၊ လူကြီးမရွေး လည်ပင်းကြီးရောဂါခံစားရခြင်း၊ သွက်လက်မှုမရှိဘဲ ထုံထိုင်းနှေးကွေးခြင်း စသည့် ရောဂါများ ခံစားရနိုင်ကြောင်း သိရသည်။ **ဆန်းကိုကို(ပြန်/ဆက်)**





## ငဖဲမြို့နယ်၌ နိုင်ငံသားစိစစ်ရေးကတ်များ ကွင်းဆင်းပြုလုပ်ပေး

**ငဖဲ ဩဂုတ် ၂၉**

မကွေးတိုင်းဒေသကြီး ငဖဲမြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနရုံးမှ ပန်းခင်းစီမံချက်အဆင့်-၃ဖြင့် ပန်းထိန်းကျေးရွာ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)မှ ကျောင်းသား ကျောင်းသူများအား ဩဂုတ် ၂၆ရက်က နိုင်ငံသားစိစစ်ရေးကတ်များ ကွင်းဆင်းပြုလုပ်ပေးသည်။

ထိုသို့ ဆောင်ရွက်ပေးရာတွင် မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာနရုံးမှ ဒုတိယဦးစီးမှူး ဦးမျိုးမင်းကျော်က ပန်းခင်းစီမံချက်အဆင့်- ၃ ဖြင့် အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်များ အခမဲ့ပြုလုပ်ဆောင်ရွက်ပေးရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားပြီး ဒုတိယဦးစီးမှူးနှင့် ဝန်ထမ်းများက နိုင်ငံသားစိစစ်ရေးကတ် မပြုလုပ်ရသေးသော နိုင် ၃ (က) ပြုလုပ်သူ စုစုပေါင်း ကျောင်းသား ကျောင်းသူ ၁၃၂ ဦးအား အထောက်အထားများစိစစ်ကာ ပြုလုပ်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**မယု(ငဖဲ)**

## နိုင်ငံ့ဝန်ထမ်းပင်စင်စား(အငြိမ်းစား)များအား Biometric နှင့် UID နံပါတ်ထုတ်ပေးခြင်းလုပ်ငန်း ဆောင်ရွက်

**မြစ်ကြီးနား ဩဂုတ် ၂၉**

နိုင်ငံ့ဝန်ထမ်းပင်စင်စား(အငြိမ်းစား)များအား ဇီဝဆိုင်ရာ အချက်အလက်များ (Biometric) ကောက်ယူခြင်းနှင့် UID နံပါတ်ထုတ်ပေးခြင်းလုပ်ငန်းကို ဩဂုတ် ၂၅ ရက်မှစတင်၍ မြစ်ကြီးနားမြို့ ရောရပ်ကွက်ရှိ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန ဦးစီးမှူးရုံး၌ ဆောင်ရွက်ပေးလျက်ရှိသည်။

အဆိုပါလုပ်ငန်းများဆောင်ရွက်ရာတွင် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ရုံးမှ ဦးစီးမှူး ဦးတင်လှကြည် ဦးဆောင်မှုဖြင့် ဝန်ထမ်းများက နိုင်ငံ့ဝန်ထမ်းပင်စင်စား (အငြိမ်းစား) ၉၀ ကျော်အား ဇီဝဆိုင်ရာအချက်အလက်များ ကောက်ယူခြင်းနှင့် UID နံပါတ်များ ဆောင်ရွက်ပေးလျက်ရှိပြီး ပင်စင်စား (အငြိမ်းစား) များအား ဇီဝဆိုင်ရာအချက်အလက်ကောက်ယူခြင်းနှင့် UID နံပါတ်ထုတ်ပေးခြင်းလုပ်ငန်းတို့ကို ဆက်လက် ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**



## တန့်ယန်းမြို့နယ်၌ မီးခိုးမြူငွေ့နှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ အသိပညာပေး

**တန့်ယန်း ဩဂုတ် ၂၉**

ရှမ်းပြည်နယ်(မြောက်ပိုင်း) တန့်ယန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ မီးခိုးမြူငွေ့နှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ အသိပညာ၊ ဗဟုသုတများ ရရှိစေရန်ရည်ရွယ်၍ ကျင်းပသည့် အသိပညာပေးဟောပြောပွဲကို ဩဂုတ် ၂၆ ရက်က ဆွတ်မွမ်းကျေးရွာ၌ ကျင်းပသည်။

ဦးစွာ ခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးတင်အောင်လွင်က ပတ်ဝန်းကျင်ထိန်းသိမ်းရေးအကြောင်း သိကောင်းစရာခေါင်းစဉ်ဖြင့် ဆွေးနွေးပြီး မီးခိုးမြူငွေ့လျှော့ချခြင်း၊ စနစ်တကျအမှိုက်စွန့်ပစ်ခြင်း၊ ပတ်ဝန်းကျင်လေထုညစ်ညမ်းမှု၊ အိမ်တွင်းညစ်ညမ်းမှုများကြောင့် ဖြစ်ပေါ်လာနိုင်သည့် ကူးစက်ရောဂါအမျိုးမျိုးနှင့် ကြိုတင်ကာကွယ်ခြင်းနည်းလမ်းများနှင့် ဆောင်ရန် ရှောင်ရန် စသည့်အသိပညာဗဟုသုတများကို ရှင်းလင်းပြောကြားသည်။

**ပိုးသခင်**

## အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများအား လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများအား ဖော်ထုတ်အရေးယူ

နေပြည်တော် ဩဂုတ် ၂၉

အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသည့် CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ် အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများ သိရှိနိုင်ရေး အသိပေး သတင်းထုတ်ပြန်ပြီးဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ၂၀၂၅ ခုနှစ် ဩဂုတ် ၂၈ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့် "Htet Si Thu Aung" Facebook အကောင့်ပိုင်ရှင်ဖြစ်သူ မွန်ပြည်နယ် မော်လမြိုင်မြို့နယ် စစ်ကဲကုန်းရပ်ကွက်နေ ထက်စည်သူအောင်အား နံနက် ၈ နာရီ ၅ မိနစ်တွင် စစ်ကဲကုန်းနယ်မြေရဲစခန်း၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ်အရေးယူဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် AYY/22843, Honda PCX 150, M/C ယာဉ်လက်ဝယ်ရှိသူ ဦးတင်အောင်ရွှေ ၁၄/မအပ(နိုင်)၁၈၄၆၆၀ က(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(ဖျာပုံမြို့)**

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

နေပြည်တော်၊ ပျဉ်းမနားမြို့၊ ရွှေချီရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၂/ရွှေချီ၊ ဦးပိုင်အမှတ် (၃၄ᵃ)၊ ဧရိယာ (၀.၀၅၉)ဧကရှိ ဒေါ်မြဆန်း(ပါ)၂-ဦး အမည်ပေါက် ဘိုးဘပိုင်မြေကွက်အား ဒေါ်ခိုင်ခိုင်ဝေ၊ ၉/ပမန(နိုင်)၀၁၈၁၀၄ မှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အမှတ်(၃၉/၁၉၈၉)၊ အရောင်းအဝယ်စာချုပ်၊ ကျမ်းကျိန်ဆိုချက်၊ နိုင်ငံသားစိစစ်ရေးကတ်၊ အိမ်ထောင်စုလူဦးရေစာရင်းမူရင်းများတင်ပြပြီး အဆောက်အအုံဆောက်လုပ်ခွင့်တင်ပြရန်အတွက် မြေပုံ/မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှု ဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်စ၍ ရက်ပေါင်း(၁၅) ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ/မြေရာဇဝင် ရေးကူးခွင့် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 62W/25399, Honda Wave-100 , M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်အိသန္တာလှိုင် ၃/ဘအန(နိုင်)၂၁၄၆၉၄က ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(ကော့ကရိတ်)**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ဒက္ခိဏသီရိမြို့၊ ဒက္ခိဏသီရိရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ်(၈/ဒက္ခိဏသီရိအလယ်ရပ်)မြေကွက်အမှတ်(ဒ-၃၀၁၄၃)၊ မြေဧရိယာ(၀.၁၄၆)ဧကရှိဦးစည်သူဌေး(ခ)ဇော်သူအောင်၊ ဒေါ်ပိုးအိဖြူ(ဘ)ဦးသန်းဌေး၊ ဦးအိုက်နွဲ့ ၇/ပတန(နိုင်)၀၀၀၅၉၈၊ ၁၂/မရက(နိုင်)၁၃၉၈၇၄ အမည်ပေါက် နှစ်(၃၀)မြေငှားစာချုပ် မြေကွက်ကို ဦးစည်သူဌေး(ခ)ဇော်သူအောင်၊ ဒေါ်ပိုးအိဖြူမှ ဒေါ်ခင်မြင့်(ဘ)ဦးထွန်းကြည် ၉/တတဥ(နိုင်)၀၁၄၄၇၈နှင့် အရောင်းအဝယ် မှတ်ပုံတင်စာချုပ်ချုပ်ဆိုရန် မြေပုံ၊ မြေရာဇဝင်လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံး အမိန့်ဒီကရီများ၊ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ၊ မြေရာဇဝင် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ရုရှားဘာသာစကားသင်တန်းနှင့် ထူးချွန်အရာထမ်းများအား ဂုဏ်ပြုဆုများချီးမြှင့်

ရန်ကုန် ဩဂုတ် ၂၉

ဥပဒေရေးရာဝန်ကြီးဌာန၏ နှစ်ပတ်လည်နေ့ အထိမ်းအမှတ်အဖြစ် ရုရှားဘာသာစကားသင်တန်းနှင့် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာအောင်မြင်ခဲ့သည့် အရာထမ်းနှင့် ကျောင်းသား ကျောင်းသူများအား ယနေ့နံနက်ပိုင်းတွင်



ရန်ကုန်တိုင်းဒေသကြီး ဥပဒေချုပ်ရုံး အစည်းအဝေးခန်းမ၌ ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်သည်။

အခမ်းအနားတွင် တိုင်းဒေသကြီး ဥပဒေချုပ် ဒေါ်ဖြူမာဝေက ရုရှားဘာသာစကားသင်တန်းတွင် ထူးချွန်စွာအောင်မြင်ခဲ့သည့် အရာထမ်းတစ်ဦးနှင့် တက္ကသိုလ်ဝင်တန်းကို ထူးချွန်စွာအောင်မြင်ခဲ့သည့် ကျောင်းသား ကျောင်းသူများအား ဆုများချီးမြှင့်ခြင်းဖြစ်ကြောင်း ပြောကြားသည်။

ယင်းနောက် နေပြည်တော်ဥပဒေရေးရာဝန်ကြီးဌာနတွင် တစ်နှစ်တာဖွင့်လှစ်ခဲ့သော ရုရှားဘာသာစကားသင်တန်း၌ ထူးချွန်စွာအောင်မြင်ခဲ့သည့် အရာထမ်း ဒေါ်ဇင်မေစိုး (ဒုတိယမြို့နယ်ဥပဒေအရာရှိ)(ဝဲပုံ)နှင့် တက္ကသိုလ်ဝင်စာမေးပွဲ၌ ဂုဏ်ထူးဖြင့် အောင်မြင်ခဲ့ကြသည့် ကျောင်းသား ကျောင်းသူများအား ဂုဏ်ပြုဆုများနှင့်အတူ အရာထမ်း၊ အမှုထမ်းတို့၏ သားသမီး ကျောင်းသား ကျောင်းသူ ၅၄ ဦးတို့ကို ပညာသင်ထောက်ပံ့ငွေနှင့် ရန်ကုန်တိုင်းဒေသကြီး ဥပဒေချုပ်ရုံးမှ ဝန်ထမ်း ၄၀တို့အား စားသောက်ကုန်ပစ္စည်းများ ပေးအပ်ခဲ့ကြောင်း သိရသည်။ **အောင်သန်းဦး**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 73W/75741, New Anbo-125, M/C ယာဉ်လက်ဝယ်ရှိသူ ဦးသိန်းဝင်း ၉/မနမ(နိုင်)၀၄၁၇၀၈ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးတောင်ပိုင်း) မန္တလေးမြို့**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သဃ်န်းကျွန်းမြို့နယ်၊ ငမိုးရိပ်ရပ်ကွက်၊ ငမိုးရိပ်(၁၀)လမ်း၊ အမှတ်(၅၇) တတိယထပ်(လေးလွှာ-ခြေရင်းခန်း)တိုက်ခန်းအပါအဝင် ယင်းတိုက်ခန်းနှင့်သက်ဆိုင်သော အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား လက်ရှိပိုင်ဆိုင်ပြီး၊ တရားဝင်လွှဲပြောင်း ရောင်းချပိုင်ခွင့်ရှိကြောင်း၊ အရှုပ်အရှင်းကင်းရှင်းကြောင်း ဝန်ခံကတိပြုသူ ဒေါ်လှလှဆန်း (၁၁/ကဖန(နိုင်)၀၈၁၇၆၁) ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူ ဒေါ်ဝတ်ရည်ဘဝင်း (၁၂/သဃက(နိုင်)၁၆၉၇၆၈) က အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန် စရန်ငွေပေးချေထားပြီး ဖြစ်ပါသည်။ အထက်ပါအရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသူမည်သူမဆို ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ခိုင်လုံသောစာချုပ်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပြီးနောက်ပိုင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**

**ဒေါ်စုစုခိုင် (LL.B, D.B.L, D.I.L)** — တရားလွှတ်တော်ရှေ့နေ (စဉ်-၁၁၅၅၃)

**ဒေါ်ခင်စောသိန်း (LL.B)** — တရားလွှတ်တော်ရှေ့နေ(စဉ်-၁၃၂၈၆)

**ဒေါ်သိမ့်သဥ္ဇလီ (LL.B, LL.M)**
**အထက်တန်းရှေ့နေ (စဉ်-၅၆၈၈၇)**

တိုက်(၁၀/၁၂)၊ ပထမထပ်၊ အခန်း(၁၀၄/H)၊ ၃၅-လမ်း(အောက်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း-၀၉-၇၃၀၂၆၁၉၉၊ ၀၉-၄၄၃၀၂၆၁၉၉

## "လူငယ်နှင့်ဖြောင့်မတ်တည်ကြည်မှု" လူငယ်စကားဝိုင်းများကျင်းပ

နေပြည်တော် ဩဂုတ် ၂၉

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သည် အဂတိလိုက်စားမှုကို လက်သင့်မခံသည့် ဖြောင့်မတ်တည်ကြည်မှုရှိသည့် အသိုက်အဝန်းကို တည်ဆောက်နိုင်ရန် အဂတိလိုက်စားမှု တိုက်ဖျက်ရေး လုပ်ငန်းစဉ်များတွင် လူငယ်များ၏ အခန်းကဏ္ဍကို မြှင့်တင်ရန် ရည်ရွယ်၍ "လူငယ်နှင့် ဖြောင့်မတ်တည်ကြည်မှု" လူငယ်စကားဝိုင်းများကို ပညာရေးဝန်ကြီးဌာနနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိရာ ယမန်နေ့က ရန်ကုန်မြို့ သုဝဏ္ဏမြို့နယ်ရှိ အထက (စက်၊ စိုက်၊ မွေး) ကျောင်း၌ လည်းကောင်း၊ ယနေ့တွင် ရန်ကုန်မြို့ တာမွေမြို့နယ်ရှိ အထက (၁) ကျောင်း၌လည်းကောင်း ကျောင်းသား လူငယ်များ ဦးဆောင်သည့်စကားဝိုင်းကို ကျင်းပသည်။



အဆိုပါ စကားဝိုင်းတွင် ကျင့်ဝတ်နှင့် ညီသည့် ခေါင်းဆောင်ကောင်း တစ်ဦးဖြစ်လာရန်အတွက် ငယ်စဉ်ကတည်းက ဖြောင့်မတ်တည်ကြည်မှုကို အခြေပြုရန် လိုအပ်မှုများနှင့် စပ်လျဉ်း၍ ကျောင်းသား ကျောင်းသူများက ဆွေးနွေးကြပြီး တက်ရောက် လာသည့် ကျောင်းသား ကျောင်းသူများ၏ မေးခွန်းများကို ပြန်လည်ဖြေကြားသည်။

အခမ်းအနားသို့ အဂတိလိုက်စားမှု တိုက်ဖျက်ရေးရုံး၊ ကော်မရှင်ရုံးခွဲ (ရန်ကုန်)မှ ညွှန်ကြားရေးမှူးနှင့် တာဝန်ရှိသူများ၊ ပညာရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ တက်ရောက်ခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

## စာအုပ်စာပေ လူ့မိတ်ဆွေ

## ပြေစာများအပေါ် အခွန်အမှတ်တံဆိပ်ကပ်နှိပ်ခြင်းဆိုင်ရာ သိကောင်းစရာများ ရှင်းလင်းဆွေးနွေး

မန္တလေး ဩဂုတ် ၂၉

မန္တလေးတိုင်းဒေသကြီး ချမ်းအေးသာစံမြို့နယ် အခွန်ဦးစီးဌာနမှူးရုံးမှ ပြေစာများအပေါ် အခွန်အမှတ်တံဆိပ်ကပ်နှိပ်ခြင်းဆိုင်ရာ သိကောင်းစရာများ ရှင်းလင်းဆွေးနွေးပွဲ အခမ်းအနားကို ယမန်နေ့က Oriental House ခန်းမ၌ ပြုလုပ်သည်။(ယာပုံ)



ဆွေးနွေးပွဲတွင် မန္တလေးတိုင်းဒေသကြီး အခွန်ဦးစီးဌာနမှူး ညွှန်ကြားရေးမှူး ဦးတက်ထွဋ်အောင်က လုပ်ငန်းရှင်များအနေဖြင့် စားသောက်ဆိုင်များတွင် စားသောက်ခြင်း၊ ဟိုတယ်/တည်းခိုခန်းများတွင် တည်းခိုခြင်း၊ ရွှေထည်လက်ဝတ်ရတနာပစ္စည်းများ ဝယ်ယူခြင်း၊ လက်ကိုင်ဖုန်း၊ ဟန်းဆက်နှင့် ဆက်စပ်ပစ္စည်းများ ဝယ်ယူခြင်း၊ ဝန်ဆောင်မှုရယူခြင်းများ ဆောင်ရွက်သည့်အခါ အခွန်အမှတ်တံဆိပ်ကပ်နှိပ်ထားသော ပြေစာများကို သတ်မှတ်ချက်အတိုင်း ကပ်နှိပ်ပေးခြင်းဖြင့် ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ပေးရန် လိုအပ်ကြောင်းပြောကြားပြီး ချမ်းအေးသာစံမြို့နယ် အခွန်ဦးစီးဌာနမှူး၊ လက်ထောက် ညွှန်ကြားရေးမှူး ဦးသက်ချိုက ပြည်တွင်းအခွန်များ ဦးစီးဌာနမှ ကောက်ခံလျက်ရှိသော အခွန်အမျိုးအစား တစ်ခုချင်းအလိုက် သိကောင်းစရာများနှင့် ပြေစာများအပေါ် အခွန်အမှတ်တံဆိပ်ကပ်နှိပ်ခြင်းဆိုင်ရာ သိကောင်းစရာများကို ရှင်းလင်းဆွေးနွေးသည်။

အဆိုပါ ဆွေးနွေးပွဲကို စုစုပေါင်း ၁၄၇ ဦး တက်ရောက်ပြီး လုပ်ငန်းရှင်များ၏ သိရှိလိုသော မေးမြန်းမှုများကို ပြန်လည်ရှင်းလင်းဖြေကြားခဲ့ကြောင်း သိရသည်။

**မောင်အေးချမ်း**

## ရေနံချောင်းမြို့နယ်၌ အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်လှုပ်ရှားမှု ဆောင်ရွက်

ရေနံချောင်း ဩဂုတ် ၂၉

မကွေးတိုင်းဒေသကြီး ရေနံချောင်းမြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်းကာ ကျောင်းသား ကျောင်းသူများ ကျန်းမာသန်စွမ်းပြီး ဉာဏ်ရည်ဖွံ့ဖြိုးတိုးတက်စေရန် ရည်ရွယ်၍ အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်လှုပ်ရှားမှုအဖြစ် KG ကျောင်းသား ကျောင်းသူများအား ပထမအကြိမ် ကျောင်းတွင်းအာဟာရကျွေးမွေးခြင်းကို ယမန်နေ့နံနက်ပိုင်းက အခြေခံပညာအထက်တန်းကျောင်း (လည်ပေါ်)နှင့် အိုးဘိုရပ်ကွက် အမှတ် (၅) အခြေခံပညာမူလတန်းကျောင်းတို့၌ ဆောင်ရွက်သည်။

ထို့နောက် ကျန်းမာရေးဝန်ထမ်းများက သတ်မှတ်ချက်များနှင့်အညီ ကြက်သား၊ ကြက်ဥ၊ ပဲဟင်းနှင့် အာဟာရပြည့်အစားအစာများ ချက်ပြုတ်ကာ မြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများမှ KG ကျောင်းသား ကျောင်းသူ ၇၂ ဦးအား နေ့လယ်စာအဖြစ် ပထမအကြိမ် ကျောင်းတွင်း အာဟာရကျွေးမွေးခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန
## အဆင့်မြင့်သိပ္ပံနှင့်နည်းပညာဦးစီးဌာန
## နေပြည်တော်
## (လျှောက်လွှာခေါ်ယူခြင်း)

၁။ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနအောက်ရှိ အဆင့်မြင့်သိပ္ပံနှင့်နည်းပညာဦးစီးဌာန(ရုံးချုပ်)၊ Polytechnic University များ၊ နည်းပညာတက္ကသိုလ်များနှင့် ကွန်ပျူတာတက္ကသိုလ်များတွင် အောက်ပါရာထူးနေရာများ လစ်လပ်လျက်ရှိပါသဖြင့် သတ်မှတ်အရည်အချင်းနှင့် ပြည့်စုံသည့် လျှောက်ထားလိုသူများသည် လျှောက်လွှာများကို နီးစပ်ရာ ဌာန/တက္ကသိုလ်များတွင် အခမဲ့ရယူ၍ တိုက်ရိုက်တင်သွင်းလျှောက်ထားနိုင်ပါသည်-

| စဉ် | ခန့်အပ်မည့် ရာထူး/လစာနှုန်း | ပညာအရည်အချင်း | လျှောက်ထားနိုင်သည့်ဌာန/တက္ကသိုလ် |
|---|---|---|---|
| ၁ | နည်းပြ/သရုပ်ပြ (၂၁၆၀၀၀-၂၀၀၀-၂၂၆၀၀၀) | B.E.(Civil) | Polytechnic University (ထားဝယ်) နည်းပညာတက္ကသိုလ်(မုံရွာ/ ပခုက္ကူ/ ကလေး) |
| ၂ | | B.E.(Electronics) | Naypyitaw State Polytechnic University/ Polytechnic University (ထားဝယ်) နည်းပညာတက္ကသိုလ် (မကွေး/ မုံရွာ/ ပခုက္ကူ/ ကလေး) |
| ၃ | | B.E.(Electrical Power) | Naypyitaw State Polytechnic University/ Polytechnic University (ထားဝယ်)/ နည်းပညာတက္ကသိုလ် (ကလေး) |
| ၄ | | B.E.(Mechanical)/ B.E. (Mechanical Precision & Automation) | Naypyitaw State Polytechnic University/ Polytechnic University (ပင်လုံ/ ထားဝယ်/ မြိတ်/ ကျိုင်းတုံ) နည်းပညာတက္ကသိုလ် [(ရတနာပုံ ဆိုက်ဘာစီးတီး)/ ဘားအံ/ မြစ်ကြီးနား/ ကလေး] |
| ၅ | | B.E.(Mining) | ရန်ကုန်နည်းပညာတက္ကသိုလ်/ မန္တလေး နည်းပညာတက္ကသိုလ်/နည်းပညာတက္ကသိုလ်(မန္တလေး/တောင်ကြီး) |
| ၆ | | B.E.(Mechatronic) | ရန်ကုန်နည်းပညာ တက္ကသိုလ်/ ရန်ကုန်အနောက်ပိုင်း နည်းပညာတက္ကသိုလ်/ နည်းပညာတက္ကသိုလ် (မန္တလေး) |
| ၇ | | B.E.(Metallurgy) B.E.(Materials and Metallurgy) | ရန်ကုန်နည်းပညာတက္ကသိုလ်/ ရန်ကုန်အနောက်ပိုင်း နည်းပညာတက္ကသိုလ်/ နည်းပညာတက္ကသိုလ် (ရတနာပုံဆိုက်ဘာစီးတီး) |
| ၈ | | B.E.(Textile) | ရန်ကုန်အနောက်ပိုင်း နည်းပညာတက္ကသိုလ် |
| ၉ | | B.E.(Petroleum) | ရန်ကုန်နည်းပညာတက္ကသိုလ်/ နည်းပညာ တက္ကသိုလ် (သန်လျင်/မန္တလေး) |
| ၁၀ | | B.E.(Chemical) | ရန်ကုန်နည်းပညာတက္ကသိုလ်/ မန္တလေး နည်းပညာတက္ကသိုလ်/ ရန်ကုန်အနောက်ပိုင်း နည်းပညာတက္ကသိုလ်/ နည်းပညာတက္ကသိုလ် (သန်လျင်/မန္တလေး) |
| ၁၁ | | B.E.(Information Technology) B.E.(Information Science and Technology) | Naypyitaw State Polytechnic University/ ပြည်နည်းပညာတက္ကသိုလ်/ နည်းပညာတက္ကသိုလ် (ပုသိမ်/ မော်လမြိုင်/ မုံရွာ/ မိတ္ထီလာ/ တောင်ကြီး) |
| ၁၂ | | B.Arch | Naypyitaw State Polytechnic University ရန်ကုန်နည်းပညာတက္ကသိုလ်/မန္တလေးနည်းပညာတက္ကသိုလ်/ရန်ကုန်အနောက်ပိုင်း နည်းပညာတက္ကသိုလ်/ နည်းပညာတက္ကသိုလ် (သန်လျင်/ မှော်ဘီ/ မန္တလေး) |
| ၁၃ | | ကွန်ပျူတာသိပ္ပံဘွဲ့ (မဟာတန်း တက်ရောက်ရန် အရည်အချင်းမီသူ ဖြစ်ရမည်) | Polytechnic University (ထားဝယ်/ ကျိုင်းတုံ) ကွန်ပျူတာတက္ကသိုလ် (ပခုက္ကူ/ကလေး) |
| ၁၄ | | ကွန်ပျူတာနည်းပညာဘွဲ့ (မဟာတန်း တက်ရောက်ရန် အရည်အချင်းမီသူဖြစ်ရမည်) | Polytechnic University (ထားဝယ်/ ပင်လုံ/ မြိတ်/ ကျိုင်းတုံ) သတင်းအချက်အလက် နည်းပညာတက္ကသိုလ်/ မြန်မာသတင်းအချက်အလက်နည်းပညာတက္ကသိုလ်/ ရန်ကုန်ကွန်ပျူတာတက္ကသိုလ်/မန္တလေးကွန်ပျူတာတက္ကသိုလ်/ ကွန်ပျူတာ တက္ကသိုလ် (မန္တလေး/ ဟသ်ာတ/ ပုသိမ်/ တောင်ငူ/ သထုံ/ မုံရွာ/ မကွေး/ ပခုက္ကူ/မြစ်ကြီးနား/ ကလေး) |
| ၁၅ | | အင်္ဂလိပ်စာ (မဟာတန်း တက်ရောက်ရန် အရည်အချင်းမီသူဖြစ်ရမည်) | ရန်ကုန်အနောက်ပိုင်း နည်းပညာတက္ကသိုလ်/ နည်းပညာတက္ကသိုလ် (မန္တလေး/တောင်ငူ/မုံရွာ/ မြစ်ကြီးနား)/ ကွန်ပျူတာတက္ကသိုလ် (မန္တလေး/ ပုသိမ်/ တောင်ငူ/ဘားအံ/ မုံရွာ/ မိတ္ထီလာ) |
| ၁၆ | အငယ်တန်းစာရေး (၁၈၀၀၀၀-၂၀၀၀-၁၉၀၀၀၀) | တက္ကသိုလ်တစ်ခုခုမှ ဘွဲ့ရရှိပြီးသူ ဖြစ်ရမည်။ | အဆင့်မြင့်သိပ္ပံနှင့်နည်းပညာဦးစီးဌာန/ Polytechnic University များ/ နည်းပညာတက္ကသိုလ်များ/ကွန်ပျူတာတက္ကသိုလ်များ/ |
| ၁၇ | ဓာတ်ခွဲခန်းကျွမ်းကျင်(၅) (လစာနှုန်းကျပ် ၁၆၂၀၀၀-၂၀၀၀-၁၇၂၀၀၀) | အခြေခံပညာ အထက်တန်း အောင်မြင်ပြီးသူ/ THS လက်မှတ် ရရှိသူဖြစ်ရမည်။ | Naypyitaw State Polytechnic University/ Polytechnic University (မအူပင်/ မြိတ်/ ကျိုင်းတုံ) ရန်ကုန်နည်းပညာတက္ကသိုလ်/မန္တလေးနည်းပညာတက္ကသိုလ်/ မြန်မာနိုင်ငံလေကြောင်းနှင့်အာကာသပညာတက္ကသိုလ်/ နည်းပညာတက္ကသိုလ် (သန်လျင်/ မှော်ဘီ/ ရတနာပုံဆိုက်ဘာ စီးတီး/ ဟသ်ာတ/မကွေး/ ကျောက်ဆည်/ တောင်ငူ/ စစ်ကိုင်း/ မုံရွာ/ ရမည်းသင်း/ ပခုက္ကူ/ ကလေး/ မြစ်ကြီးနား/ တောင်ကြီး/ ဘားအံ/ မော်လမြိုင်) |
| ၁၈ | စက်မှုကျွမ်းကျင်(၅) (၁၆၂၀၀၀-၂၀၀၀-၁၇၂၀၀၀) | THS လက်မှတ် ရရှိသူဖြစ်ရမည်။ | Naypyitaw State Polytechnic University/ Polytechnic University (မအူပင်/ ထားဝယ်/ မြိတ်/ ကျိုင်းတုံ) ရန်ကုန်နည်းပညာတက္ကသိုလ်/ မန္တလေး နည်းပညာတက္ကသိုလ်/ ရန်ကုန်အနောက်ပိုင်း နည်းပညာတက္ကသိုလ်/ ပြည်နည်းပညာတက္ကသိုလ်/ နည်းပညာတက္ကသိုလ် (သန်လျင်/ မှော်ဘီ/ မန္တလေး/ ပုသိမ်/ ဟသ်ာတ/ ကျောက်ဆည်/ တောင်ငူ/ စစ်ကိုင်း/ မော်လမြိုင်/ မကွေး/ မုံရွာ/ ရမည်းသင်း/ ဘားအံ/ မြစ်ကြီးနား/ ကလေး) မန္တလေးကွန်ပျူတာတက္ကသိုလ် |
| ၁၉ | လုပ်သား/ အစောင့် (၁၄၄၀၀၀-၂၀၀၀-၁၅၄၀၀၀) | အခြေခံပညာမူလတန်း အဆင့် ရှိသူ ဖြစ်ရမည်။ | အဆင့်မြင့်သိပ္ပံနှင့် နည်းပညာဦးစီးဌာန/ Polytechnic University များ/ နည်းပညာတက္ကသိုလ်များ/ကွန်ပျူတာတက္ကသိုလ်များ/ |

၂။ လျှောက်ထားသူသည်
- (က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်။
- (ခ) နည်းပြ/သရုပ်ပြရာထူးနေရာများတွင် လျှောက်ထားသူများသည် လျှောက်လွှာပိတ်သည့်နေ့တွင် အသက်(၁၈)နှစ် ပြည့်ပြီး အသက်(၃၅)နှစ် ထက် မကျော်လွန်သူဖြစ်ရမည်။
- (ဂ) အငယ်တန်းစာရေး/ဓာတ်ခွဲခန်းကျွမ်းကျင်(၅)/စက်မှုကျွမ်းကျင်(၅) ရာထူးနေရာများတွင် လျှောက်ထားသူများသည် လျှောက်လွှာပိတ်သည့်နေ့တွင် အသက်(၁၈)နှစ်ပြည့်ပြီး အသက်(၃၅)နှစ်ထက် မကျော်လွန်သူဖြစ်ရမည်။
- (ဃ) လုပ်သား/ အစောင့် ရာထူးနေရာများတွင် လျှောက်ထားသူများသည် လျှောက်လွှာပိတ်သည့်နေ့တွင် အသက်(၁၈)နှစ်ပြည့်ပြီး အသက်(၄၀)နှစ်ထက် မကျော်လွန်သူဖြစ်ရမည်။
- (င) ဝန်ထမ်းအဖြစ် ခန့်ထားခြင်းခံရပါက အဆင့်မြင့်သိပ္ပံနှင့်နည်းပညာဦးစီးဌာန၊ Polytechnic University များ၊ နည်းပညာတက္ကသိုလ်များနှင့် ကွန်ပျူတာတက္ကသိုလ်များတွင် အနည်းဆုံး(၃)နှစ် တာဝန်ထမ်းဆောင် နိုင်သူဖြစ်ရမည်။
- (စ) ကျန်းမာရေးကောင်းမွန်ပြီး ဒေသမရွေးတာဝန်ထမ်းဆောင်နိုင်သူဖြစ်ရမည်။
- (ဆ) အကျင့်စာရိတ္တကောင်းမွန်သူဖြစ်ရမည်။
- (ဇ) အစိုးရဌာနတစ်ခုခု၏ ဝန်ထမ်းအဖြစ်မှ ထုတ်ပစ်ခြင်း၊ ရာထူးမှ ထုတ်ပယ်ခြင်း၊ ရာထူးခန့်ထားခြင်းမှ အမိန့်စာ ပယ်ဖျက်ခြင်းခံရသူများ လျှောက်ထားခွင့်မရှိပါ။

၃။ သတ်မှတ်ထားသော လျှောက်လွှာပုံစံများကို နီးစပ်ရာ ဌာန/တက္ကသိုလ်များတွင် အခမဲ့ရယူနိုင်ပြီး (၂၉-၉-၂၀၂၅) ရက်နေ့အရောက် နောက်ဆုံးထားပြီး တိုက်ရိုက်တင်သွင်းလျှောက်ထားရမည်။

၄။ လျှောက်ထားသူသည် ဝန်ထမ်းဖြစ်ပါက လျှောက်လွှာနှင့်အတူ မိမိတာဝန်ထမ်းဆောင်နေသော သက်ဆိုင်ရာ ဝန်ကြီးဌာန ခွင့်ပြုချက် (မူရင်း)တစ်ပါတည်းပူးတွဲ၍ မိမိတာဝန်ထမ်းဆောင်သည့် ဝန်ကြီးဌာနမှတစ်ဆင့် ဝန်ကြီးရုံး၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ ရုံးအမှတ်(၂၁)သို့ လိပ်မူ၍ အဆင့်မြင့်သိပ္ပံနှင့်နည်းပညာဦးစီးဌာနသို့ မိတ္တူဖြင့် (၂၉-၉-၂၀၂၅) ရက်နေ့အရောက် နောက်ဆုံးထား၍ ပေးပို့လျှောက်ထားရမည်။

၅။ လျှောက်လွှာနှင့်အတူ အောက်ပါတို့ကို ပူးတွဲပေးပို့ရမည်-
- (က) ဘွဲ့လက်မှတ်/ယာယီဘွဲ့ထောက်ခံစာ (မိတ္တူ)နှင့် အသက်အထောက်အထားအတွက် တက္ကသိုလ်ဝင်တန်း အောင်လက်မှတ် (မိတ္တူ)။ ပညာအရည်အချင်းထောက်ခံချက်(မိတ္တူ)။
- (ခ) လျှောက်လွှာပိတ်ရက်မတိုင်မီ (၁)လတွင်း ရိုက်ကူးထားသော ပတ်စပို့ဓာတ်ပုံ(၃)ပုံ။ (နောက်ကျောတွင် အမည်နှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် ရေးသားဖော်ပြရန်)
- (ဂ) နိုင်ငံသားစိစစ်ရေးကတ်ပြား(မိတ္တူ)။
- (ဃ) သက်ဆိုင်ရာ ပြည်သူ့ဆေးရုံများတွင် လျှောက်လွှာမတင်မီ (၁)လအတွင်း ရယူထားသည့် ကျန်းမာကြောင်း ဆေးထောက်ခံစာ (မူရင်း)။
- (င) နိုင်ငံ့ဝန်ထမ်းမဟုတ်သူများအတွက် အလုပ်သမားညွှန်ကြားရေးဦးစီးဌာနတွင် မှတ်ပုံတင်ထားသည့် သက်တမ်းရှိသော အလုပ်သမားမှတ်ပုံတင်ကတ်ပြား(မိတ္တူ)။(မူရင်းအား လျှောက်လွှာတင်ပြသည့်နေ့တွင် ယူဆောင်လာရမည်။)
- (စ) လျှောက်လွှာမတင်မီ(၁)လအတွင်း ပြုလုပ်ထားသော အကျင့်စာရိတ္တ ကောင်းမွန်ကြောင်းနှင့် ပြစ်မှု ကင်းရှင်းကြောင်း သက်ဆိုင်ရာ ရပ်ကွက်/ကျေးရွာ အုပ်ချုပ်ရေးမှူးနှင့် သက်ဆိုင်ရာ ရဲစခန်း၏ ထောက်ခံချက် (မူရင်း)ကို ပူးတွဲတင်ပြရမည်။
- (ဆ) လူတွေ့စစ်ဆေးခံယူမည့်အချိန်တွင် တိုက်ဆိုင်စစ်ဆေးရန် လိုအပ်သော အထောက်အထား (မူရင်း)များ တစ်ပါတည်း ယူဆောင်လာရန် ဖြစ်ပါသည်။

၆။ သတ်မှတ်ရက်ထက် နောက်ကျပေးပို့လာသော လျှောက်လွှာများ၊ အချက်အလက်၊ စာရွက်စာတမ်းမပြည့်စုံသည့် လျှောက်လွှာများနှင့် သတ်မှတ်ချက်နှင့် မကိုက်ညီသည့် လျှောက်လွှာများကို (လုံးဝ) ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

၇။ အရည်အချင်းသတ်မှတ်ချက်နှင့်ကိုက်ညီသည့် နည်းပြရာထူး၊ အငယ်တန်းစာရေးရာထူး၊ ဓာတ်ခွဲခန်းကျွမ်းကျင် (၅) ရာထူးနေရာများနှင့် စက်မှုကျွမ်းကျင်(၅) ရာထူးနေရာများအတွက် လျှောက်ထားသူများသည် မိမိလျှောက်လွှာတင်သွင်းခဲ့သည့် သက်ဆိုင်ရာ ဌာန/တက္ကသိုလ်များတွင် ရေးဖြေစာမေးပွဲနှင့် လူတွေ့စာမေးပွဲဖြေဆိုရမည်။

၈။ လုပ်သားရာထူးနှင့် အစောင့်ရာထူးနေရာများအတွက် လျှောက်ထားသူများသည် လူတွေ့စစ်ဆေးမှုခံယူရမည်။

၉။ ရေးဖြေနှင့် လူတွေ့စာမေးပွဲ ဖြေဆိုခွင့်ရရှိသူ အမည်စာရင်းအား မိမိလျှောက်ထားသော ဌာန/တက္ကသိုလ်များတွင် ကြိုတင်ကြေညာပေးသွားမည်ဖြစ်ပြီး ဖြေဆိုခွင့်ကတ်ပြားများကို (၁-၁၀-၂၀၂၅)ရက်နေ့တွင် သက်ဆိုင်ရာ ဌာန/တက္ကသိုလ်များတွင် ရုံးချိန်အတွင်း ထုတ်ပေးမည်ဖြစ်၍ နိုင်ငံသားစိစစ်ရေးကတ်ပြားနှင့်အတူ ကာယကံရှင်ကိုယ်တိုင် လာရောက်ထုတ်ယူရမည် ဖြစ်ပါသည်။

၁၀။ ရေးဖြေစာမေးပွဲစစ်ဆေးခြင်းကို မိမိလျှောက်ထားသည့် ဌာန/တက္ကသိုလ်များတွင် အောက်ဖော်ပြပါ အစီအစဉ် အတိုင်း ဖြေဆိုရမည်ဖြစ်ပါသည်-

| | ဘာသာရပ် (ရေးဖြေ) | နေ့ရက်၊ အချိန် |
|---|---|---|
| (က) | မြန်မာစာ | (၂-၁၀-၂၀၂၅) ရက်နေ့၊ နံနက်(၈:၀၀) နာရီမှ (၁၀:၀၀) နာရီထိ |
| (ခ) | အင်္ဂလိပ်စာ | (၂-၁၀-၂၀၂၅)ရက်နေ့၊ နံနက်(၁၀:၀၀) နာရီမှ(၁၂:၀၀) နာရီထိ |
| (ဂ) | အထွေထွေဗဟုသုတ | (၂-၁၀-၂၀၂၅)ရက်နေ့၊ နံနက်(၁၃:၀၀) နာရီမှ(၁၅:၀၀) နာရီထိ |

၁၁။ လူတွေ့စာမေးပွဲများကို သက်ဆိုင်ရာ ဌာန/တက္ကသိုလ်များတွင်(၃-၁၀-၂၀၂၅)ရက်နေ့တွင် ကျင်းပမည်ဖြစ်ပါသည်။

၁၂။ အသေးစိတ်အချက်အလက်များကို သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ အဆင့်မြင့်သိပ္ပံနှင့်နည်းပညာဦးစီးဌာန၊ အုပ်ချုပ်မှုနှင့် လူ့စွမ်းအားအရင်းအမြစ် စီမံခန့်ခွဲရေးဌာနခွဲ၊ ရုံးအမှတ်(၂၁)၊ နေပြည်တော်သို့ လူကိုယ်တိုင်ဖြစ်စေ၊ တယ်လီဖုန်းနံပါတ် ၀၆၇-၃၄၀၄၆၄၆ နှင့် ၀၆၇-၃၄၀၄၆၄၇ သို့ဖြစ်စေ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**အဆင့်မြင့်သိပ္ပံနှင့်နည်းပညာဦးစီးဌာန**

### ပတ်စ်ပို့ပျောက်
ဒေါ်ယုဆွေ ၅/ခတန(နိုင်)၀၀၀၈၅၂ ၏နိုင်ငံကူးလက်မှတ် နံပါတ် မမှတ်မိ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
**ဖုန်း-09678537193**

### တစ်ဦးတည်းဖြစ်ပါကြောင်း
မန္တလေးတိုင်းဒေသကြီး၊ သာစည်မြို့ အမကမြို့မဦ မူလတန်းပြရာထူးဖြင့် တာဝန်ထမ်းဆောင်နေသော ဒေါ်နီနီဝင်း ၉/သစန(နိုင်)၁၇၂၆၃၉ ၏ ဖခင်အမည် ဦးမောင်ကို(ခ)ဦးကိုကိုမှာ တစ်ဦးတည်းဖြစ်ပါကြောင်း။
**ဦးမောင်ကို(ခ)ဦးကိုကို**

### တစ်ဦးတည်းဖြစ်ပါကြောင်း
မန္တလေးတိုင်းဒေသကြီး၊ သာစည်မြို့နယ် အမကနှမ်းကန်ဦ လ/ထမူလတန်းပြ ရာထူးဖြင့် တာဝန်ထမ်းဆောင်နေသောဦးဇော်လင်း(ခ)ဦးဇော်လင်းထူး ၉/သစန(နိုင်)၁၅၃၈၃၆ မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။
**ဦးဇော်လင်း(ခ)ဦးဇော်လင်းထူး**

### တစ်ဦးတည်းဖြစ်ပါကြောင်း
ပဲခူးတိုင်းဒေသကြီး၊ ရွှေတောင်မြို့၊ မီးလောင်အုပ်စု၊ မီးလောင်ကျေးရွာနေ မောင်အောင်ပြည့်ဖြိုးကျော်၏ဖခင်အမည်ဦးသန်းဇော်(ခ)ဦးသန်းဇော်ညွှန့် ၇/ရတန(နိုင်)၀၇၉၆၉၀ သည် တစ်ဦးတည်းဖြစ်ပါကြောင်း။

### ဖခင်အမည်မှန်
မွန်ပြည်နယ်၊ သံဖြူဇရပ်မြို့နယ်၊ ရောင်စဉ်ကိုယ်ပိုင်အထက်တန်းဆင့် သင်ကျောင်း Grade-12 မှ (ဘ) ဦးအတွဒ်၏သမီး မခိုင်သဇင်သင်း၏ ဖခင်အမည်မှန်မှာ ဦးတွဒ် ၁၀/သဖရ(နိုင်)၀၈၀၃၄၆ ဖြစ်ပါကြောင်း။
**ဦးတွဒ်**

### မွေးသက္ကရာဇ်အမှန်
ဦးမရန်တူးမိုင်၏သမီး ကာမိုင်းမြို့၊ အထက(ခွဲ)၊ မြို့မ(၂)ကျောင်း Grade-12မှ မ-မရန်ဆိုင်းနူးပန်၏ မွေးသက္ကရာဇ်အမှန်မှာ ၁၇-၁၁-၂၀၀၆ ဖြစ်ပါကြောင်း။

### အမည်ပြောင်း
ဦးဟောင်းဒေါင် ၏သမီး ကာမိုင်းမြို့၊ အထက(ခွဲ) မြို့မ(၂)ကျောင်း Grade-12မှ မဆီရော် ဒေါင် နော အား မ-မရူဒေါင်နော ဟု ပြောင်းလဲခေါ်ဆိုပါရန်။

### ဖခင်အမည်မှန်
ကာမိုင်းမြို့၊ အထက(ခွဲ)၊ မြို့မ(၂)ကျောင်း Grade-12မှ မောင်မုန်းမစ်အောင်၏ ဖခင်အမည်မှန်မှာ ဦးအင်ခွမ်ယော်ထုံ ၁/ကမန(နိုင်)၀၆၀၉၂၂ ဖြစ်ပါကြောင်း။

### ဖခင်အမည်မှန်
ကာမိုင်းမြို့၊အထက(ခွဲ)၊ မြို့မ(၂)ကျောင်း Grade-12မှ မောင်ဇော်မျိုးအောင်၏ ဖခင်အမည်မှန်မှာ ဦးဇော်ဂျတ် ၁/ကမန(နိုင်)၀၁၆၄၇၈ ဖြစ်ပါကြောင်း။

### ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း
ယာဉ်အမှတ် 69W/35265, Honda Click -125, M/C ယာဉ်လက်ဝယ်ရှိသူ High Speed Bangkok Co,Ltd. က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။
**ကညန၊ ခရိုင်ရုံး(ပခုက္ကူ)**

### ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း
ယာဉ်အမှတ် 3D/5609, Toyota Vitz Scp 90, Saloon ယာဉ်လက်ဝယ်ရှိသူ ဦးထက်လွင်ဦး ၉/ပမန(နိုင်) ၁၅၈၆၀၉ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။
**ကညန၊ ခရိုင်ရုံး (ရန်ကုန်အရှေ့ပိုင်း) ရန်ကုန်မြို့**

### ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း
ယာဉ်အမှတ် 74W/57810, HAOJUE-110-8,M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်သန္တာအေး ၁၂/သလန(နိုင်)၁၀၀၂၆၂က ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။
**ကညန၊ ခရိုင်ရုံး (ရန်ကုန်တောင်ပိုင်း)သန်လျင်မြို့**

### ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း
ယာဉ်အမှတ် 77W/35214, HAOJUE-110-8, M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်သန္တာအေး ၁၂/သလန(နိုင်)၁၀၀၂၆၂ က ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။
**ကညန၊ ခရိုင်ရုံး (ရန်ကုန်တောင်ပိုင်း)သန်လျင်မြို့**

### ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း
